ကြေးမုံ
The Mirror Daily
၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ဖြူစင်သောကုသိုလ်တိုးပွား

ပညာရှိသည် မည်းညစ်သော အကုသိုလ်တရားကို စွန့်ပယ်၍ တဏှာတည်းဟူသော တည်ရာမှထွက်ကာ တဏှာကင်းရာ နိဗ္ဗာန်ကိုအာရုံပြုလျက် ဖြူစင်သော ကုသိုလ်ကိုတိုးပွားရာ၏။ ပညာရှိတို့သည် နိဗ္ဗာန်ကိုအာရုံပြု၍ ကုသိုလ်ကို ပွားများကုန်၏။ စိတ်ညစ်ညူးကြောင်း နီဝရဏတရားတို့မှ ကင်းအောင် အားထုတ်ရာ၏။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၇)


၁၃၇၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့။ 22, Monday August 2016 (၈၆၆၁)


# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် ဩဂုတ် ၂၁**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ရှန်ရှီးပြည်နယ် ရှီအန်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ဒေသစံတော်ချိန် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ယူနန်ပြည်နယ် ကူမင်းမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr. Chen Hao နှင့် တာဝန်ရှိသူများ၊ ယူနန်ပြည်နယ်ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ တာဝန်ရှိသူများနှင့် မိသားစုဝင်များက ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Li Jiheng၊ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး Mr.Chen Hao တို့သည် ကူမင်းလေဆိပ်အနီးရှိ ခေတ္တတည်းခိုသည့် The Best Yuechang Hotel ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတည်တံ့ခိုင်မြဲရေးနှင့် နှစ်နိုင်ငံပြည်သူများအကြား ပိုမိုရင်းနှီးစွာဆက်ဆံရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ယူနန်ပြည်နယ် ကူမင်းမြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)



# အင်ဒိုနီးရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေး ယဉ်ကျေးမှု ပဒေသာကပွဲ ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**

အင်ဒိုနီးရှား-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးအဖြစ် ပူးပေါင်းဖျော်ဖြေတင်ဆက်သည့် ယဉ်ကျေးမှုပဒေသာကပွဲ (INDONESIA-MYANMAR JOINT CULTURAL SHOW 2016) ကို ယနေ့ ညနေ ၃ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ အမျိုးသားဇာတ်ရုံတွင် ကျင်းပသည်။

အဆိုပါကပွဲသို့ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားသံအမတ်ကြီး H.E.Dr.lto Sumardi၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ပါမောက္ခချုပ် ဦးအောင်နိုင်မြင့်တို့တက်ရောက်၍ အဖွင့်အမှာစကားအသီးသီးပြောကြားကာ ကြည့်ရှုအားပေးကြသည်။

ယင်းဖျော်ဖြေပွဲတွင် နှစ်နိုင်ငံမှ ယဉ်ကျေးမှုအက အလှများဖြင့် ဖျော်ဖြေတင်ဆက်ရာ အင်ဒိုနီးရှားနိုင်ငံမှ Legong Bali Dance အဖွဲ့က

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖


KBZ BANK
STRENGTH OF MYANMAR
သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

# ကြေးမုံ

## ပုံဖော်ထုဆစ်ရမည့် မျိုးဆက်သစ် လူငယ်တို့၏ အခန်းကဏ္ဍ

၂၀၀၃ ခုနှစ် မတ်လ ၂၀ ရက်နေ့၌ အမေရိကန်နိုင်ငံဦးဆောင်သော မဟာမိတ်တပ်ဖွဲ့များက အီရတ်နိုင်ငံကို ဝင်ရောက်ကျူးကျော်တိုက်ခိုက်သည်မှစတင်ခဲ့သော အီရတ်စစ်ပွဲသည် ယနေ့တိုင် ပြည်တွင်းစစ်ပုံသဏ္ဌာန်ဖြင့် ဆက်လက်သက်ဆိုးရှည်လျက်ရှိပါသည်။ တချို့ဝေဖန်သုံးသပ်သူတို့က အီရတ်ပြည်တွင်းစစ်သည် အမေရိကန်ကျူးကျော်တိုက်ခိုက်မှု၏ နောက်ဆက်တွဲရလဒ်ဖြစ်သည်ဟု ယူဆကြပါသည်။ သို့သော် အာဏာရှင်သမ္မတဆက်ဒမ်ဟူစိန် သက်တမ်းတစ်လျှောက် လူနည်းစု ဆွန်နီ အစ္စလာမ်ဘာသာဝင်တို့က လူများစု ရှီးယိုက် အစ္စလာမ်ဘာသာဝင်တို့အပေါ် တရားလက်လွတ်ဖိနှိပ်အုပ်ချုပ်ခဲ့ခြင်းသည်သာ အီရတ်နိုင်ငံ ပြည်တွင်းစစ်၏ လက်သည်တရားခံအစစ်သာဖြစ်ပါသည်။ တရားမျှတမှုကို ဖောက်ဖျက်စိန်ခေါ်နေသော ဖိနှိပ်မှုတို့သည် ခံပြင်းမှုနှင့်အတူ အုံကြွပုန်ကန်မှုတို့ကိုသာ ပေါက်ဖွားစေသည်မှာ သမိုင်းအမှန်တရားဖြစ်ပါသည်။

ပြည်တွင်းစစ်နှင့်အတူ အီရတ်နိုင်ငံ၏နိုင်ငံရေးယန္တရားတို့ ပျက်စီးယိုယွင်း၍ ပုံမှန်တာဝန်ဝတ္တရားတို့ကို မထမ်းဆောင်နိုင်ဖြစ်လာပါသည်။ အကျင့်ပျက်လာဘ်စားမှုတို့ ကျယ်ပြန့်လာပါသည်။ ဘာသာရေး အစွန်းရောက်တို့၏ ခြိမ်းခြောက်သံသည် ကျယ်လောင်လာပါသည်။ ဤဖြစ်ရပ်ဆိုးတို့ကြောင့် အီရတ်နိုင်ငံသည် နိုင်ငံ၏ မျိုးဆက်သစ်လူငယ်တို့အား အကျိုးမဲ့ဝါးမျိုဖျက်ဆီးခံနေရသည်ကို လက်ပိုက်ကြည့်နေရပါသည်။ ဤသည်မှာ နိုင်ငံတကာ ပဋိပက္ခစောင့်ကြည့်ရေးအဖွဲ့ (International Crisis Group-ICG)က ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်နေ့၌ ထုတ်ပြန်ခဲ့သည့် Fight or Flight: The Desperate Plight of Iraq's "Generation 2000" ဟူသောအစီရင်ခံစာတွင် အဓိကညွှန်းဆိုထားသောအချက်ဖြစ်ပါသည်။

ယန္တရားတို့ပြိုလဲ၍ အနာဂတ်ပျောက်သလိုဖြစ်နေသော အီရတ်နိုင်ငံ၌ လူငယ်မျိုးဆက်သစ်တို့သည် အလုပ်အကိုင်ရရှိရန် ပိုင်ရာဆိုင်ရာပုဂ္ဂိုလ်များထံ ချဉ်းကပ်ဝင်ထွက်နိုင်ရပါသည်။ သာမန် ပြည်သူလူငယ်တို့အနေဖြင့် အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းဖြစ်သော အစ္စလာမ့်နိုင်ငံတော် (Islamic State-IS)ကို ဆန့်ကျင်တိုက်ပွဲဝင်မည်လော (သို့တည်းမဟုတ်) ဘာသာရေးအခြေခံ ပြည်သူ့စစ်အဖွဲ့တစ်ခုခုသို့ ဝင်ရောက်၍ လက်နက်ကိုင်တိုက်ပွဲ ဆင်နွှဲမည်လော(သို့တည်းမဟုတ်) ပြည်ပသို့ အပြီးအပိုင် ရွှေ့ပြောင်းထွက်ခွာမည်လောဆိုသော နည်းလမ်းသုံးသွယ်အနက် တစ်လမ်းကိုသာ မဖြစ်မနေရွေးချယ်ရမည့် အခွင့်အလမ်းသာရှိပါသည်။ နိုင်ငံတကာပဋိပက္ခစောင့်ကြည့်ရေးအဖွဲ့ (ICG) က အီရတ်နိုင်ငံအနေဖြင့် မည်သို့သော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တို့ကို ချမှတ်ကျင့်သုံးသည်ဖြစ်စေ အီရတ်မျိုးဆက်သစ်လူငယ်တို့အား နိုင်ငံရေးဆိုင်ရာလုပ်ငန်းစဉ်များနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ၌ မှန်မှန်ကန်ကန် နေရာချထားနိုင်ခြင်းမရှိပါက အီရတ်နိုင်ငံသည် တိုင်းပြည်ကိုပတ်ချာဝိုင်းနေသော အတိဒုက္ခပေါင်းစုံတို့မှ ရုန်းထွက်နိုင်စွမ်းရှိမည်မဟုတ်သည်ကို လေးလေးနက်နက်သတိပေးထားပါသည်။

နိုင်ငံတကာ ပဋိပက္ခစောင့်ကြည့်ရေးအဖွဲ့ (ICG) က အီရတ်နိုင်ငံအပေါ် သတိပေးချက်ကို မြန်မာနိုင်ငံအနေဖြင့်လည်း အလေးအနက်ထားသုံးသပ်သင့်ပါသည်။ (၆၈)နှစ်ကြာ ပြည်တွင်းစစ်နှင့် တိုင်းပြည်စီးပွားရေး၏ အသီးအပွင့်တို့ကို အများပြည်သူတို့ မျှမျှတတခံစားခွင့်မရှိခဲ့သော ရှည်ကြာသည့် ကာလတို့သည် လူငယ်မျိုးဆက်သစ်တို့၏ အခွင့်အလမ်းတို့ကို မှေးမှိန်ဖျော့တော့စေခဲ့ပါသည်။ တိုင်းရင်းသားလူမျိုးစုတို့နေထိုင်ရာဒေသတို့၌ ဤသဘောသဘာဝသည် ပိုထင်ရှားပါသည်။ ရာဇဝတ်မှုကျူးလွန်သော လူငယ်မျိုးဆက်သစ်တို့များပြားလာနေသည်မှာ တိုင်းပြည်ကို သတိပေးခေါင်းလောင်းသံ ထိုးပေးနေခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း လူငယ်မျိုးဆက်သစ်တို့ကို နိုင်ငံရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် လူ့အဖွဲ့အစည်းဆိုင်ရာ တာဝန်ဝတ္တရားများ၌ ယခုထက် ပိုမိုစနစ်တကျနေရာချထားပေးရန် လေးစားစွာ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ၌ သတင်းရယူကြမည့် မီဒီယာသမားများ မှတ်ပုံတင်ခြင်းဆောင်ရွက်နိုင်

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဩဂုတ် ၃၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-2) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားသို့ တက်ရောက်သတင်းရယူလိုသည့် ပြည်တွင်း၊ ပြည်ပ သတင်းထောက်များအနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာန Website ဖြစ်သော www.moi.gov.mm တွင် **Union Peace Conference-21st Century Panglong** ကို နှိပ်ကာ **MEDIA REGISTRATION FORM** တွင် ပြည့်စုံစွာ ဖြည့်စွက်ပြီး Go ပြုလုပ် မှတ်ပုံတင်ခြင်းကို ဩဂုတ် ၂၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထားဆောင်ရွက်ရန်နှင့် ဝင်/ထွက်ခွင့်ကတ်များကို ဩဂုတ် ၃၀ ရက်တွင် နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအထိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ထုတ်ပေးမည်ဖြစ်သည်။

နိုင်ငံတကာ သတင်းထောက်များအနေဖြင့် နီးစပ်ရာသံရုံးများမှတစ်ဆင့် ဗီဇာလျှောက်ထားကြရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ အခြေစိုက် နိုင်ငံခြားသတင်းဌာနများနှင့် ပြည်တွင်းသတင်းထောက်များ ဝင်/ထွက်ခွင့်ရရှိရေးအတွက် သိရှိလိုပါက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ ဖုန်း-၀၆၇-၄၁၂၀၀၂ သို့လည်းကောင်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဖုန်း-၀၆၇-၄၁၂၁၂၅ နှင့် ၄၁၂၁၂၆ တို့သို့ လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်သည်။

ညီလာခံသို့ တက်ရောက်သတင်းရယူကြမည့် ပြည်တွင်း၊ ပြည်ပ မီဒီယာများ တည်းခိုမှုလွယ်ကူစေရန် Sky Palace Hotel တွင် ဈေးနှုန်းသက်သာစွာဖြင့် တည်းခိုနိုင်ရေးစီစဉ်ထားကြောင်းနှင့် Sky Palace Hotel မှ ညီလာခံကျင်းပရာ နေရာ (MICC-2) သို့ Shuttle Bus များဖြင့် ပို့ဆောင်ပေးရန် စီစဉ်ထားရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## စစ်ကိုင်းတိုင်းဒေသကြီး စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး



**မုံရွာ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ဆောင်လျက်ရှိသော သက်ဆိုင်သူများ၏ အလုပ်ရုံဆွေးနွေးပွဲကို မုံရွာမြို့ မြို့တော်ခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလုပ်ရုံဆွေးနွေးပွဲကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဌေးက စစ်ကိုင်းတိုင်းဒေသကြီး စဉ်ဆက်မပြတ်တိုးတက်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေး စာတမ်းအားဖတ်ကြားပြီး Myanmar Environmental Innovation Foundation-MEIF မှ CEO ဦးဝင်းအောင်က ရေရှည်တည်တံ့သော သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှု စာတမ်းအား လည်းကောင်း၊ စစ်ကိုင်းတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသူရဦးက စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးရေးအတွက် အကြံပြုဆွေးနွေးခြင်း စာတမ်းအားလည်းကောင်း၊ မြန်မာ့ပတ်ဝန်းကျင်သိပ္ပံမှ ဒါရိုက်တာ ဒေါ်ခင်ဥမ္မာထွေးက ချပ်သင်းဘေးမဲ့တော၏ ဂေဟဗေဒစနစ်နှင့် လူမှုပတ်ဝန်းကျင် စာတမ်းအားလည်းကောင်း၊ ဒေါက်တာ သိန်းအောင်က ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် ဇီဝမျိုးစုံ၊ မျိုးကွဲ ထိန်းသိမ်းရေးအရေးပါမှု စာတမ်းအားလည်းကောင်း၊ ဒေါက်တာမေယုခိုင်က သဘာဝပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်ရန်အတွက် စိမ်းပြာရေညှိ၏ ကျေးဇူးပြုမှုများစာတမ်းအား လည်းကောင်း၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွန်းက အလောင်းတော်ကဿပ အမျိုးသားဥယျာဉ် ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများနှင့် သဘာဝအခြေခံခရီးသွားလုပ်ငန်း အလားအလာများစာတမ်းအား လည်းကောင်း အသီးသီးဖတ်ကြားကြပြီး တက်ရောက်လာသူများ၏ သိရှိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဘာတွေလုပ်ကြမလဲ၊ ပတ်ဝန်းကျင်ကို ဘယ်လိုထိန်းသိမ်းကြမလဲ၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသလို စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် ဘယ်လိုလုပ်ရမယ်၊ ပြီးရင်လည်း လူမှုရေးကဏ္ဍတွေ ဖွံ့ဖြိုးတိုးတက်ဖို့ကိုလည်း လုပ်ရမယ်၊ အဲဒီအခြေခံအချက်တွေမှာ မီးခိုးမထွက်တဲ့စီးပွားရေးဆိုတဲ့ အစိမ်းရောင်စီးပွားရေးလုပ်ငန်းတွေကို လုပ်ဆောင်ကြရမယ်။ အဲဒီ အစိမ်းရောင် စီးပွားရေးကို ဘယ်လိုလုပ်ဆောင်ကြမလဲ၊ သဘာဝပတ်ဝန်းကျင်ကိုလည်း မပျက်စီးစေဘဲ စီးပွားရေးခရီးသွားလုပ်ငန်းကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ ဘယ်လိုနေရာတွေမှာ လုပ်ဆောင်ကြမလဲ ဆိုတာတွေကို ဒီကနေ့ အလုပ်ရုံဆွေးနွေးပွဲကို တက်ရောက်လာတဲ့သူတွေက ဝိုင်းဝန်းဆွေးနွေးအဖြေရှာကြတဲ့ပွဲဖြစ်ပါတယ်" ဟု တိုင်းဒေသကြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မင်းဝေ(မုံရွာ)**




## ရေစီးရေလာကောင်းမွန်ရေး မိုင်းယောင်းမြို့နယ်၌ ဆောင်ရွက်

**မိုင်းယောင်း ဩဂုတ် ၂၁**

မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပေါ်ရပ်ကွက်များကို မြို့အင်္ဂါရပ်နှင့်အညီ ရေစီးရေလာကောင်းမွန်စေရေးအတွက် အမှတ်(၈)ရပ်ကွက်ရှိ မြေသားမြောင်းများ အသစ်ဖောက်လုပ်နေမှုများအား မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးသန်းလွင်ဦးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဟိန်းလွမ်းမိုးတို့က ယနေ့ နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း(iprd)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၁၂၈၊ ၀၆၇-၃၆၁၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂
မန်နေဂျာ ၀၁-၈၆၁၀၈၆၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၇၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၉၄၃၅၁

## ပြည်တွင်းရေးရာ

❒ **နိုင်ငံတော်မှ**
စိုးမိုးရေးတို့အတွက် အထူးပူးပေါင်းဆောင်ရွက်ရေး၊ ကဏ္ဍစုံတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ ပါတီချင်း ပိုမိုနီးကပ်စွာ၊ ရင်းနှီးစွာ ဆက်ဆံရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထိုနောက် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူးက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား အဆိုပါဟိုတယ်၌ နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများ၊ တရုတ်သံရုံးမှ ကောင်စစ်ဝန် Mr. Chen Chen နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ယူနန်ပြည်နယ် တရုတ်ကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Li Jiheng တို့ တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တရုတ်သံရုံးမှ ကောင်စစ်ဝန် Mr. Chen Chen နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ တွေ့ဆုံဆွေးနွေး

**ရန်ကုန်  ဩဂုတ်  ၂၁**
ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားလမ်းရှိ ရုပ်ရှင်မြှင့်တင်ရေး ဌာနခွဲရုံး ရုပ်ရှင်ပြသခန်းမ၌ ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာအဖွဲ့ဝင် တစ်ဦးချင်းစီ၏ သဘောထားအမြင်များကို သိလိုပါကြောင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုစိစစ်သည့်အပိုင်းများတွင် ဝေဖန်မှုနှင့် ပြဿနာအချို့ရှိနေသည်ဟု ကြားသိရပါကြောင်း၊ အမှန်တကယ် အလုပ်လုပ်ကြသည့်အခါ လက်ရှိ ဥပဒေတွင် ဖော်ပြထားသည့်အတိုင်း လုပ်ရသဖြင့် အခက်အခဲရှိပါကြောင်း၊ ပြဿနာများဖြေရှင်းဆောင်ရွက်သည့်အခါ ဆင်ဆာအဖွဲ့၌ ဆုံးဖြတ်ပိုင်ခွင့်ရှိပါကြောင်း။

ဆင်ဆာအဖွဲ့ ဖွဲ့စည်းရာ၌ ယခင်ရှိနေသည့် စည်းကမ်းဘောင်အတွင်းမှပင် တတ်နိုင်သမျှ နယ်ပယ်မျိုးစုံမှ အများဆုံးပါဝင်အောင် ထည့်သွင်းဖွဲ့စည်းခဲ့ပါကြောင်း၊ အဖွဲ့အနေဖြင့် ပြဋ္ဌာန်းထားသည့် ဥပဒေအပေါ် မူတည်၍ မိမိတို့ လုပ်ပိုင်ခွင့် မည်မျှရှိသည်ကိုလေ့လာပြီး ဆောင်ရွက်ကြစေလိုပါကြောင်း၊ ခေတ်ကာလ အတွေးအမြင်၊ အယူအဆများ ပြောင်းလဲနေသည့်အတွက် ရှုထောင့်များလည်း ပြောင်းလဲနေမည်ဖြစ်သဖြင့် လျော်ညီသည့် စဉ်းစားသုံးသပ်ချက်များလည်း ပြုလုပ်ရန်လိုပါကြောင်း၊ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်မညီညွတ်သဖြင့် တည်းဖြတ်ရသည့်အခါ အတိုင်းအတာများ





ရှိပါကြောင်း၊ လူ့အဖွဲ့အစည်းတစ်ရပ်က မည်သည့်အတိုင်းအတာအထိ လက်ခံသည့်၊ လက်မခံသည့်အပေါ် ချိန်ဆပြီး ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

နိုင်ငံရေးပြောင်းလဲလာသည့်အလျောက် လွတ်လပ်ခွင့်ကို အလေးပေးပြောဆိုမှု၊ တောင်းဆိုမှုများရှိပါကြောင်း၊ ယဉ်ကျေးမှုနယ်ပယ်၊ လူမှုရေးနယ်ပယ်၌ ဘယ်အရာသည် အမှန်ဟူ၍ တိတိကျကျ ပိုင်းဖြတ်ရန် ခက်ခဲပါကြောင်း၊ ထိုအခါ နှစ်ဦးနှစ်ဖက် အဆင်ပြေမည့် နည်းလမ်းဖြင့် ကျင့်သုံးဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါကြောင်း၊ ဆင်ဆာအဖွဲ့ဝင်အားလုံး လွတ်လွတ်လပ်လပ်နှင့် ညှိနှိုင်းဆွေးနွေးကြစေလိုပါကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထို့နောက် ရုပ်ရှင်နှင့်ဗီဒီယိုဆင်ဆာအဖွဲ့ဝင်များက ကဏ္ဍအလိုက် ဆွေးနွေးကြပြီး ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆင်ဆာအဖွဲ့အနေဖြင့် မိမိတို့လုပ်ပိုင်ခွင့်တာဝန် မည်မျှရှိသည်ကို တိတိကျကျပြန်လည်သုံးသပ်စေလိုပါကြောင်း၊ တစ်ချိန်တည်းမှာပင် ဆုံးဖြတ်ဆောင်ရွက်မည့်ကိစ္စများကို ထိထိရောက်ရောက်ရှိစေရန် စည်းမျဉ်း၊ စည်းကမ်းများရေးဆွဲပြီး ဆောင်ရွက်သင့်ပါကြောင်း၊ လောလောဆယ်တွင် ၁၉၉၆ ဥပဒေပြဋ္ဌာန်းချက်အတိုင်း တိတိကျကျဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ဥပဒေအသစ် ထွက်ရှိရန်လည်းလိုလားပြီး မထွက်သေးမီ လက်ရှိဥပဒေအတိုင်း တိတိကျကျဆောင်ရွက်ကြစေလိုပါကြောင်း၊ သို့သော် တစ်ဖက်တွင် တင်းကျပ်သော ဆင်ဆာမဟုတ်ဘဲ ဖြေလျှော့ပေးသင့်သည့် အတိုင်းအတာအထိ ဖြေလျှော့ပေးရမည်ဖြစ်ပါကြောင်း၊ ဥပဒေအသစ် ပေါ်ပေါက်လာရေးသည် အရေးကြီးပြီး ရုပ်ရှင်လောကသားများအနေဖြင့်လည်း ဥပဒေအသစ်အမြန်ထွက်ပေါ်လာရေး ဆက်လက်ဆောင်ရွက်ကြမည်ဟု မျှော်လင့်ပါကြောင်းဖြင့် နိဂုံးချုပ်ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲရုံးဝင်း အတွင်းရှိ ရုပ်ရှင်ပြသသည့် ခန်းမ၊ စတူဒီယိုများနှင့် ဝန်ထမ်းအိမ်ရာများကို ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

❖ **ရွှေ့ဖုံးမှ**
အင်ဒိုနီးရှားနိုင်ငံရိုးရာ ဘာလီကျွန်းအက၊ ပန်းကမ္ဘာအကတို့ဖြင့်လည်းကောင်း၊ Indonesian International School Yangon (IISY) မှ ကျောင်းသားကျောင်းသူလေးများက အင်ဒိုနီးရှားနိုင်ငံရိုးရာ ဝါးတူရိယာများဖြင့် သံစုံဖျော်ဖြေခြင်း၊ အင်ဒိုနီးရှားနိုင်ငံ ရိုးရာ ရာမယဏ အပိုင်းအစများဟု အမည်ရသည့် ရာမယဏ ဇာတ်တော်တို့ကို တင်ဆက်ကပြခဲ့ကြပြီး မြန်မာနိုင်ငံမှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက ပျူ ပုဂံ၊ အင်းဝ၊ ကုန်းဘောင်နှင့် မျက်မှောက်ခေတ်တို့ပါဝင်သည့် ခေတ် ငါးခေတ်အကနှင့် ပန်းကုံးကြိုးဆွဲ ရုပ်သေးအက၊ ခြင်းလုံးကြိုးဆွဲ ရုပ်သေးအကတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။
**ဇော်ကြီး(ပကိတ)**

# အာဖဂန်နစ္စတန်တွင် မဟာဗျူဟာအရ အရေးပါသော နယ်မြေဒေသတစ်ခုကို တာလီဘန်သိမ်းပိုက်

**ကဘူး ဩဂုတ် ၂၁**

အာဖဂန်နစ္စတန်နိုင်ငံ၌ တာလီဘန်အဖွဲ့က နိုင်ငံမြောက်ပိုင်း ကွန်ဒူးဇ်ပြည်နယ်ရှိ မဟာဗျူဟာအရ အရေးပါသော နယ်မြေဒေသတစ်ခုကို သိမ်းပိုက်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ နိုင်ငံတောင်ပိုင်းနှင့် အရှေ့ပိုင်းဒေသတို့ရှိ တာလီဘန်အဖွဲ့ ခြေကုပ်ပြုရာ နယ်မြေများသည် တစ်ချိန်တစ်ခါက အေးချမ်းတည်ငြိမ်သော နိုင်ငံမြောက်ပိုင်းရှိ နယ်မြေများသို့ အင်အားချဲ့ထွင်နိုင်ရန် တာလီဘန်အဖွဲ့က ကြိုးပမ်းလျက်ရှိရာ အစိုးရတပ်ဖွဲ့များနှင့် တာလီဘန်စစ်သွေးကြွများအကြား တိုက်ပွဲဖြစ်ပွားမှုများ ပိုမိုများပြားလာခဲ့သည်။

ကွန်ဒူးဇ်ပြည်နယ်ကို နိုင်ငံမြောက်ပိုင်းရှိ တာခါပြည်နယ်နှင့် အခြားသောပြည်နယ်များနှင့် ဆက်သွယ်ရာတွင် မဟာဗျူဟာအရ အရေးပါသော ခါနာဘက် ခရိုင်ကို တာလီဘန်အဖွဲ့က သိမ်းပိုက်လိုက်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ခါနာဘက်ခရိုင်ကို တာလီဘန်အဖွဲ့က စစ်ကြောင်းများခွဲ၍ တိုက်ခိုက်လာခဲ့ကြောင်း၊ နာရီပေါင်းများစွာကြာသည်အထိ မိမိတို့ခုခံတိုက်ခိုက်ခဲ့သော်လည်း ယင်းဒေသမှာ တာလီဘန်လက်အောက်သို့ ကျရောက်သွားပြီဖြစ်ကြောင်း ခါနာဘက်ဒေသ အကြီးအကဲ ဟာယာတူလာ အမ်မီရီက ပြောကြားသည်။

**ရိုက်တာ။**



# တူရကီတောင်ပိုင်း၌ မင်္ဂလာဆောင်အခမ်းအနားတွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွား၊ လူ ၅၀ ထက်မနည်း သေဆုံး

**အန်ကာရာ ဩဂုတ် ၂၁**

တူရကီနိုင်ငံတောင်ပိုင်း၌ မင်္ဂလာဆောင်အခမ်းအနားတွင် ပျော်ရွှင်စွာဆင်နွှဲနေသူများအတွင်း အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားရာ လူပေါင်း ၅၀ ထက်မနည်း သေဆုံးပြီး လူအများအပြား ဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဩဂုတ် ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆီးရီးယား နယ်စပ်ဒေသမှ ကီလိုမီတာ ၄၀ ခန့် (၂၅မိုင်)အကွာ ဂါဇီယန်တက်မြို့၌ မင်္ဂလာဆောင်နေအိမ်တွင် လမ်းပေါ်ထွက်ကာ ပျော်ရွှင်စွာ ကခုန်နေသောလူအုပ်အတွင်း အသေခံဗုံးဖောက်ခွဲသူတစ်ဦးက တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဩဂုတ် ၂၀ ရက် ညဉ့်ဦးပိုင်းက ဖြစ်ပွားသော အကြမ်းဖက်တိုက်ခိုက်မှုသည် အိုင်အက်စ်စစ်သွေးကြွများ၏ လက်ချက်ဟု ယူဆရကြောင်း သမ္မတ တေယစ်အာဒိုဂန်က ပြောကြားသည်။

တူရကီနိုင်ငံတွင် မကြာသေးမီ ရက်သတ္တပတ်များအတွင်း အာဏာသိမ်းပွဲ ဖြစ်ပွားခဲ့သည်။ အမေရိကန်အခြေစိုက် ဘာသာရေးခေါင်းဆောင် ယေသူလာဂူလန်က အာဏာသိမ်းပွဲဖြစ်ပေါ်စေရန် နောက်ကွယ်မှ လှုပ်ရှားခဲ့သည်ဟု စွပ်စွဲချက်ပေါ်ထွက်ခဲ့သည်။ သို့ရာတွင် ယင်းစွပ်စွဲချက်ကို ၎င်းက ငြင်းဆိုခဲ့သည်။

**ရိုက်တာ။**

# ကင်မရွန်းဈေးတစ်ဈေးတွင် အသေခံဗုံးခွဲ လူသုံးဦး သေဆုံး

**ယောင်ဒီ ဩဂုတ် ၂၁**

ကင်မရွန်းနိုင်ငံမြောက်ပိုင်းရှိ ဈေးတစ်ဈေးတွင် မော်တော်ဆိုင်ကယ်မောင်းနှင်လာသောလူတစ်ဦးက အသေခံဗုံးခွဲတိုက်ခိုက်ခဲ့သဖြင့် လူသုံးဦး သေဆုံးကာ ၂၄ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

၎င်းနိုင်ငံရှိ အကြမ်းဖက်အုပ်စုဖြစ်သည့် ဘိုကိုဟာရမ်သည် နိုင်ငံတွင်းရှိ အိုင်အက်စ်များအား တိုက်ခိုက်ပြီး နိုင်ငံအားစိုးမိုးရန် ကြိုးစားနေသည်။ နိုင်ငံ၏မြောက်ဘက်စွန်း ပြည်နယ်ဖြစ်သည့် မိုရာတွင်ဖြစ်ပွားသော အဆိုပါတိုက်ခိုက်မှုတွင် အသေခံဗုံးခွဲသူသေဆုံးခဲ့ပြီး သေဆုံးသူသုံးဦးအနက်မှ တစ်ဦးမှာ ၎င်းအကြမ်းဖက်သမား၏ ဆိုင်ကယ်ပေါ်တွင် လိုက်ပါစီးနင်းလာကြောင်း စစ်ဘက်အကြီးတန်းအရာရှိတစ်ဦးက ပြောကြားခဲ့သည်။

ဒေသတွင်းနိုင်ငံများဖြစ်သော နိုင်ဂျီးရီးယား၊ ချက်ဒ်၊ ကင်မရွန်းနှင့် နိုင်ဂျာနိုင်ငံများသည် ဘိုကိုဟာရမ်အဖွဲ့အား ထိုးစစ်ဆင်တိုက်ခိုက်လျက်ရှိပြီး ဘိုကိုဟာရမ်အဖွဲ့ကလည်း အရပ်သားများအား ပစ်မှတ်ထားကာ လက်စားချေတိုက်ခိုက်မှုများ လုပ်ဆောင်လျက်ရှိသည်။ ဆက်သွယ်ရေးဝန်ကြီး အိုက်ဆာ တီချီရိုမာက တိုက်ခိုက်မှုတွင် ဒဏ်ရာရရှိသူများအနက် ခြောက်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်းနှင့် ၎င်းတို့အား ဆေးကုသမှုခံယူရန် မာရိုရာမြို့ရှိ ဆေးရုံသို့ တင်ပို့ထားကြောင်း ပြောကြားသည်။

**ရိုက်တာ။**

# တရုတ်နိုင်ငံ၏ ဖန်တံတားဖွင့်လှစ် ခရီးသွားအများအပြားဖြင့် စည်ကား

**ပေကျင်း ဩဂုတ် ၂၁**

တရုတ်နိုင်ငံ ဟူနန်ခရိုင်ရှိ အမျိုးသားပန်းဥယျာဉ်တွင် ဖန်ဖြင့်ပြုလုပ်ထားသော မီတာ ၄၃၀ ရှည်လျားသည့် တံတားအသစ်တစ်စင်းကို ဩဂုတ် ၂၀ ရက်က ဖွင့်လှစ်ခဲ့ရာ ခရီးသွားအများအပြား လာရောက်အပန်းဖြေလျက်ရှိကြောင်း သိရသည်။

အဆိုပါအမျိုးသားပန်းဥယျာဉ်သည် ၎င်း၏ရင်သပ်ရှုမောဖွယ် မြင်ကွင်းများနှင့် သဲကျောက်တိုင်များတည်ဆောက်ထားခြင်းကြောင့် ယူနက်စကို၏ကမ္ဘာ့အမွေအနှစ်စာရင်းတွင် မှတ်တမ်းဝင်ခဲ့သည်။

ပန်းဥယျာဉ်ရှိ အသစ်ဆောက်လုပ်ထားသော ဖန်တံတားသို့ အလည်အပတ်လာရောက်ကြသည့် ခရီးသွားများက တံတားပေါ်ရှိ ဖန်ကြမ်းခင်းများပေါ်တွင် ပုံစံအမျိုးမျိုးဖြင့် အလှဓာတ်ပုံများရိုက်ကူးကာ တံတားပေါ်မှ တောင်ပေါ်ရှုခင်းကို ရှုမဆုံးနိုင်ဖွယ် ကြည့်ရှုအပန်းဖြေကြသည်။

လွန်ခဲ့သည့်နှစ်က ခရီးသွားများ ရှုခင်းကြည့်စင်တစ်ခုရှိ ဖန်ကြမ်းပြင်တစ်ခု၏ အက်ကွဲကြောင်းများကို အွန်လိုင်းဓာတ်ပုံတစ်ခုတွင် တွေ့ရှိခဲ့သည့်အချိန်မှစပြီး ခရီးသွားများ၏ အသက်အန္တရာယ်လုံခြုံရေးအတွက် စိုးရိမ်မှုများ မြင့်တက်ခဲ့သည်။

ပြီးခဲ့သည့်ဇွန်လက ဒေသဆိုင်ရာအာဏာပိုင်များက ဖန်တံတား၏ကြံ့ခိုင်မှုကို ဖန်ကြမ်းပြင်များအား တူများဖြင့် ထုရိုက်ပြီး စမ်းသပ်ခဲ့ပြီးနောက် စိုးရိမ်မှုများ လျော့ကျသွားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**





# မြို့တော်ဒါကာရှိ ကုန်တိုက်တွင် မီးလောင် လူ ၁၂ ဦးထက်မနည်း ပိတ်မိနေ

**ဒါကာ ဩဂုတ် ၂၁**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြို့တော်ဒါကာ၏ ဘာရှန်ဒါရာစီးတီး အရပ်ရှိ ကုန်တိုက်တစ်ခုတွင် မီးလောင်မှုဖြစ်ပွားရာ လူ ၁၂ ဦးထက်မနည်း ပိတ်မိနေကြောင်း အာဏာပိုင်များက ဩဂုတ် ၂၁ ရက်တွင် ပြောကြားသည်။

ကုန်တိုက်ခေါင်မိုးပေါ်၌ လူ ၁၂ ဦးထက်မနည်း ရှိနေပြီး ၎င်းတို့ကို ကယ်တင်နိုင်ရန် မီးသတ်တပ်ဖွဲ့ဝင်များက ကြိုးပမ်းလျက်ရှိကြသည်။

မီးသတ်တပ်ဖွဲ့ဝင်များသည် အစောပိုင်းတွင် လူ ၂၀ ခန့်ကို ကယ်တင်ပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဩဂုတ် ၂၁ ရက် နံနက် ၁၁ နာရီ ၂၃ မိနစ်တွင် မီးလောင်မှုစတင်ခဲ့ပြီး မီးသတ်စခန်း ၁၈ ခုမှ မီးသတ်တပ်ဖွဲ့ဝင်များက မီးကိုထိန်းချုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကုန်တိုက်အတွင်းရှိနေသော ဈေးဝယ်သူများနှင့် ဝန်ထမ်းများကို ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။ ကုန်တိုက်၏ ပဉ္စမထပ်တွင် မီးစတင်လောင်ကျွမ်းခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းကို လောလောဆယ်မသိနိုင်သေးကြောင်း သတင်းတွင် ဖော်ပြသည်။

မီးလောင်မှုကြောင့် လူသေဆုံးမှုရှိသည်ဟု ယခုအချိန်အထိ ဒေသဆိုင်ရာ မြို့တော်ဝန်က ပြောကြားခြင်းမရှိပေ။

**ပီတီအိုင်။**





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြဝတီ)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ ဒုတိယရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (မြဝတီ)

# ဗန်းမော်ဆရာတော်ကြီးနှင့် သီတဂူဆရာတော်ကြီးတို့အား ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဩဂုတ် ၂၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ ဗန်းမော်ကျောင်းတိုက်၌ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသက ဩဝါဒစကားမြွက်ကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များက ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့်အလှူငွေများကို ဂေါပကအဖွဲ့ထံပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုးရှိ သီတဂူဝိပဿနာအကယ်ဒမီသို့ရောက်ရှိကြပြီး ဒုတိယရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ ဆရာတော် ဒေါက်တာအရှင်ဉာဏိဿရအား ဖူးမြော်ကြည်ညို၍ ကျောင်းဝင်းအတွင်းတည်ထားသည့် ရွှေစည်းခုံစေတီတော်အား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးက ရွှေစည်းခုံစေတီတော်အတွင်း လိုက်လံရှင်းလင်းပြသသည်။

ထို့နောက် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်သို့ ရောက်ရှိကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အလှူငွေများကို ဂေါပကအဖွဲ့ထံပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

**✱ ပြည်ထောင်စုမှ**

ကိုယ်စားလှယ်တွေ ဘယ်လိုရွေးချယ်စေလွှတ်ကြမလဲ။ တာဝန်ကို ဘယ်လိုခွဲဝေကြမလဲပေါ့။ ညီလာခံအခင်းအကျင်းကို ကြည့်ပြီး သဘာပတိဘယ်နှဦးလိုမလဲ၊ အကျိုးဆောင်ဘယ်နှဦးလိုမလဲ၊ ညီလာခံကို တက်ရောက်မယ့် အစုအဖွဲ့ဆိုင်ရာတွေရဲ့ စည်းမျဉ်းစည်းကမ်းတွေကို ညှိနှိုင်းဆွေးနွေးပါတယ်”ဟု ပြောသည်။

ယနေ့အစည်းအဝေးတွင် သတ္တမအကြိမ်ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးမှရရှိလာသော နိုင်ငံရေးဆွေးနွေးမှု မူဘောင်ဆိုင်ရာသဘောတူညီချက်နှင့် ပတ်သက်၍ ရရှိလာသည့် သဘောတူညီချက်များအား ပြန်လည်ရှင်းလင်းခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကျင်းပရာတွင် ညီလာခံ၌ထားရှိမည့်သဘာပတိများ၊ အကျိုးဆောင်ကိုယ်စားလှယ်များထားရှိမည့် ပုံစံ၊ ညီလာခံတက်ရောက်မည့် ကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန်နှင့် လေ့လာသူများ၊ ဧည့်သည်တော်များနှင့်စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီ အတွင်းရေးမှူး ဦးလှမောင်ရွှေက “မူဘောင်ကိုတော့ စဆွေးနွေးဖြစ်တယ်။ ဆွေးနွေးရင်းနဲ့မှ ညီလာခံတက်တဲ့သူအများစုနဲ့ အနီးဆုံးညီလာခံကိစ္စရပ်တွေကို ပိုပြီးတော့ဆွေးနွေးဖြစ်ပါတယ်။ မနက်ဖြန် မနက်ပိုင်းမှာတော့ ကျွန်တော်တို့ Framework ကို ပြန်ဆွေးနွေးပြီး ညနေပိုင်းကျရင် ညီလာခံပူးတွဲကျင်းပရေးကော်မတီအစည်းအဝေး လုပ်ပါမယ်။ အဲဒီအချိန်မှာ NCA လက်မှတ်မထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်ရှစ်ဦး ပါဝင်ပြီး ညီလာခံအတွက် ဆွေးနွေးမယ့်ပုံစံရှိပါတယ်။ Framework ကတော့ ညီလာခံပြီးရင်လည်း ဆက်ဆွေးနွေးမယ်”ဟု ဩဂုတ် ၂၂ ရက်တွင် ဆက်လက်ပြုလုပ်မည့် ညီလာခံပူးတွဲကျင်းပရေးကော်မတီအစည်းအဝေးနှင့် ပတ်သက်၍ ပြောသည်။

တိုင်းရင်းသားလက်နက်ကိုင် ကိုယ်စားလှယ်အဖွဲ့အစည်းအားလုံးမှ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံသို့ ဦးရေ ၂၀၀ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ညီလာခံပူးတွဲကျင်းပရေးကော်မတီတွင်မူ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသော နိုင်ငံရေးဆိုင်ရာညှိနှိုင်းဆွေးနွေးရေးကိုယ်စားလှယ်အဖွဲ့(DPN)မှ ခုနစ်ဦး ပါဝင်ခွင့်ရမည်ဖြစ်သည်။

မြောက်ပိုင်းသုံးဖွဲ့ဖြစ်သည့် (MNDAA၊ AA၊ TNLA) နှင့်ပတ်သက်၍ အစိုးရအနေဖြင့် ပြန်လည်ဖိတ်ကြားရန်စဉ်းစားထားကြောင်း၊ မူလကဖိတ်ကြားရန်စီစဉ်ထားသော်လည်းညှိနှိုင်းဆွေးနွေးမှုတွင် အနည်းငယ်အဆင်မပြေမှုများရှိနေ၍ ဖိတ်ကြားထားသည့် အစီအစဉ်အား ဆိုင်ငံ့ထားခြင်းဖြစ်ကြောင်း၊ ညီလာခံမကျင်းပမီ ညှိနှိုင်းမှု၊ အဆင်ပြေတိုးတက်မှုများရှိလာပါက ဖိတ်ကြားမှုစာရင်းတွင် မြောက်ပိုင်းသုံးဖွဲ့ ပြန်လည်ပါဝင်လာနိုင်ကြောင်း၊ အဆိုပါသုံးဖွဲ့အနေဖြင့်လည် တက်ရောက်လိုသည့်ဆန္ဒရှိနေကြောင်း ခူဦးရယ်ထံမှ သိရသည်။

ခူဦးရယ်က “အားလုံးပါဝင်ရေးကို ကျွန်တော်တို့က စဉ်းစားကြတာ။ အစိုးရအနေနဲ့လည်း အဲဒီအခြေခံနဲ့ပဲ တံခါးဖွင့်ထားတာ။ ဘယ်လိုအခက်အခဲကြောင့် မတက်ရောက်နိုင်သလဲဆိုတာမသိသေးဘူး။ နားလည်ရသလောက်ဆို တပ်မတော်၊ အစိုးရဘက်ကလည်း ဆက်လက်ညှိနှိုင်းမယ်ဆိုတဲ့အခြေခံကို ကျွန်တော်တို့သိရပါတယ်။ ကျွန်တော်တို့ DPN အနေနဲ့ ညီလာခံကျင်းပရေးကော်မတီမှာ ပါဝင်ပူးပေါင်းလာခဲ့ပြီဆိုရင်တော့ (၂၁) ပင်လုံကို တက်ဖို့ သေချာပါတယ်”ဟု ပြောသည်။

ယနေ့ဆွေးနွေးပွဲတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေး ဆပ်ကော်မတီ(၁) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံအကြိုပြင်ဆင်ရေးဆပ်ကော်မတီ(၁) ဒုတိယဥက္ကဋ္ဌ၊ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် နိုင်ငံရေးပါတီများကိုယ်စားပြု ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ် ၁၈ ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ၂၃ ဦး၊ နိုင်ငံရေးပါတီများ အစုအဖွဲ့ (UPDJC) မှ ၁၀ ဦး တက်ရောက်ကြသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံလု မြန်မာလက်ဝှေ့ကျော်အများစု ဒိုင်ပွဲရပ်ဖြင့် အနိုင်ရ

**ရန်ကုန် ဩဂုတ် ၂၁**

ကမ္ဘာ့ကိုယ်ခံပညာရှင်များ ပါဝင်ယှဉ်ပြိုင်ကြသည့် ပထမအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံလုပွဲကို ယနေ့ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားရုံ(၁)၌ ကျင်းပသည်။

ပွဲစဉ်ပထမဆုံးအဖြစ် စွမ်းထက်နိုင်(မြန်မာ)နှင့် ဆူပါဘော(လာအို)တို့ ပွဲစဉ် ၅၄ ကီလိုတွဲဆိုင်းတွင် ကီလိုဝိတ်ချင်းတူသော်လည်း အတွေ့အကြုံသမ္ဘာနှင့်အသက်အရွယ်ငယ်သေးသည့် စွမ်းထက်နိုင် သူ့ထက်သမ္ဘာပညာဝါရင့်သော ဆူပါဘောကို ဒုတိယအချီ တစ်မိနစ်ငါးစက္ကန့်မှာပင် အရှုံးပေးလိုက်ရသည်။

၅၇ ကီလိုတန်းရဲသွေးနီ(မြန်မာ)နှင့် အယ်လ်ဂိုရှော့အာဇာမက် (ကာဇက်စတန်)တွဲဆိုင်းတွင် အယ်လ်ဂိုရှော့က ရဲသွေးနီထက် အရပ်အမောင်းသာသည်။ သို့သော် ရဲသွေးနီမခေ။ သူ့ထက်အရပ်မြင့်သည့် အယ်လ်ဂိုရှော့မှာ လက်သီးအသိမ်းအနုတ်သွက်လက်စွာသော ရဲသွေးနီ၏ ရင်ဆိုင်ထိုးသတ်ချက်များကို သတိထားနေရသည်။ မကြာလိုက် ဒုတိယအချီမှာပင် ရဲသွေးနီကို အယ်လ်ဂိုရှော့ အရှုံးပေးလိုက်ရသည်။

၆၀ ကီလိုတန်း ထွန်းလွင်မိုး(မြန်မာ)နှင့် အုက(ဂျပန်)တို့ ပွဲစဉ်ပထမအချီမှာပင် အုက မျက်နှာသွေးခြင်းခြင်းနီနေသည်။ ဒုတိယအချီပြီးဆုံးအောင်ပင် အုက မယှဉ်နိုင်တော့ဘဲ ဒိုင်ပွဲရပ်ဖြင့် ထွန်းလွင်မိုးအနိုင်ရခဲ့သည်။ ၆၃ ဒသမ ၅ ကီလိုတန်း သားအသဲတစ်ပွင့်(မြန်မာ)နှင့် လီယိုနာ့ဒ်(ကင်ညာ)တို့ပွဲပထမအချီစကတည်းက သားအသဲတစ်ပွင့်မှာ ရုပ်ပြထိုးနေသော ပရိသတ်အားမလိုအားမရ ဖြစ်နေသည်။ အမှတ်မထင် သားအသဲတစ်ပွင့် တံတောင်ရိုက်ချက်ဖြင့် လီယိုနာ့ဒ်မျက်နှာထိလဲကျကာ အနားတောင်းလိုက်ရသည်။ တတိယအချီမှာပင် သားအသဲတစ်ပွင့်၏ လက်သီးတွဲလုံးများဒဏ် မခံနိုင်တော့ဘဲ လီယိုနာ့ဒ်လဲကျကာ အရှုံးပေးလိုက်ရသည်။

၆၇ ကီလိုတန်းတွင် ဖျံသွေး(မြန်မာ)နှင့် မာဆွတ်(အီရန်)တို့ တွဲဆိုင်းတွင် ကီလိုဝိတ်ချင်းတူသော်လည်း မာဆွတ်က အရပ်မြင့်သည်။ ပထမအချီ တစ်မိနစ်ရှစ်စက္ကန့်တွင် ဖျံသွေး၏ ညာထောက်လက်သီးကြောင့် မာဆွတ်အရှိုက်ထိကာ လဲကျပြီး အနားတောင်းလိုက်ရသည်။ ပွဲစကတည်းက ကြံ့ခိုင်မှုစွမ်းရည်နှင့် သက်လုံကျနေသည့် မာဆွတ်ကို ဒုတိယအချီ တစ်မိနစ်မှာပင် ဖျံသွေး အလဲထိုးအနိုင်ရလိုက်သည်။ စောဂေါ်မူတို(မြန်မာ)နှင့် ရှပ်ရှားကော့ အာတပ်(ရုရှား)တို့ ပွဲစဉ်(၇၂)ကီလိုတန်းတွင် ဒုတိယအချီအပြီးမှာပင် စောဂေါ်မူတိုကို ရှပ်ရှားကော့ အာတပ်က အရှုံးပေးခဲ့ရသည်။

၇၅ ကီလိုတန်း တူးတူး(မြန်မာ)နှင့် ဒေ့လက်ဒပ်(ကနေဒါ)တို့ ပွဲစဉ် ဒုတိယအချီမှာပင် တူးတူး ကြံ့ခိုင်မှုစွမ်းရည်နှင့် သက်လုံကျကာ ခံစစ်ဖြင့် ခုခံနေရသည်။ အမှတ်မထင် ဝင်လာတတ်သော ဒေ့လက်ဒပ်တံတောင်ရိုက်ချက်များကို သတိထားတန်ပြန်နေရသည်။ သို့သော် ပဥ္စမအချီထိ ယှဉ်ပြိုင်သော်လည်း အရှုံးအနိုင်မပေါ်ဘဲ ပူးတွဲသရေကျခဲ့သည်။

၈၀ ကီလိုအလွတ်တန်း မြန်မာ့ရိုးရာလက်ဝှေ့ချန်ပီယံ ထွန်းထွန်းမင်း(မြန်မာ)နှင့် ချူးထိုင်း(ထိုင်း)တို့ပွဲစဉ်တွင် ပထမအချီစတင်ကတည်းက ပါဝါပြင်းသည့် ထွန်းထွန်းမင်း၏ လက်သီးတွဲလုံးများအောက် ချူးထိုင်း ခေါင်းပင်မထောင်နိုင်ခဲ့။ မထင်မှတ်သော ထွန်းထွန်းမင်း၏ အားပါသည့် ညာဝိုက်လက်သီးက ချူးထိုင်းမျက်နှာထိပြီး လဲကျကာ အနားတောင်းလိုက်ရသည်။ ပြန်အတည်တွင် ထွန်းထွန်းမင်း၏ ဘက်စုံသုံး ထိုးသတ်ချက်များဒဏ် ချူးထိုင်းမခံနိုင်တော့ဘဲ လဲကျကာ ဆက်လက်ယှဉ်ပြိုင်နိုင်စွမ်းမရှိတော့သဖြင့် ထွန်းထွန်းမင်း ဒိုင်ပွဲရပ်ဖြင့် ချူးထိုင်းကို အနိုင်ရခဲ့သည်။

ယနေ့ကျင်းပခဲ့သော ပထမအကြိမ် မြန်မာ့ရိုးရာလက်ဝှေ့ကမ္ဘာ့ချန်ပီယံလုပွဲကြီးကို မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး AIR KBZ က အဓိကပံ့ပိုးကူညီကာမြန်မာမီဒီယာဂရု(ပ်)က စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

**သတင်း-အောင်ကျော်ဦး၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# ရမည်းသင်းမြို့ ကျက်သရေဆောင် ကျိုးနီကန်ကြီး ပြန်လည်အသက်ဝင်လာပြီ

## တင်လှိုင်(မိတ္ထီလာ)

ရမည်းသင်းမြို့သည် မန္တလေးတိုင်းဒေသကြီး တွင်ပါဝင်ပြီး ခရိုင်မြို့ကြီးဖြစ်သည်။ ရန်ကုန်- မန္တလေးသွား ကားလမ်း၊ ရထားလမ်း ရှိသည်။ ရမည်းသင်းမြို့သည် အပူပိုင်းဒေသ မိုးနည်းရပ်ဝန်းဒေသတွင် ပါဝင်သည်။ ရမည်းသင်းမြို့နယ်တွင် ရပ်ကွက်ကြီး ငါးရပ်ကွက်၊ ကျေးရွာအုပ်စု ၆၃ အုပ်စုရှိပြီး ကျေးရွာပေါင်း ၂၄၆ ရွာရှိသည်။ ရမည်းသင်း မြို့နယ်တွင် စပါး၊ နှမ်း၊ ပြောင်း၊ ငရုတ်၊ ဝါ၊ ပဲစင်းငုံ၊ ပဲတီစိမ်းများ စိုက်ပျိုးကြသည်။ တောင်သူများမှာ မိုးနှင့်ဆည်ရေကို အဓိက ထားစိုက်ပျိုးကြသည်။

ရမည်းသင်းမြို့နယ်အတွင်းရှိ တောင်သူ များအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ရမည်းသင်း မြို့နယ်တွင်းတွင် ကျိုးနီကန်၊ သစ်ဆုံဆည်၊ ကတင်ကန်၊ လဲဖြူရေထိန်းတမံ၊ သားတစ် ရေလွှဲဆည်၊ တာတိုင်ကန်၊ နွားထိုးကန်၊ ငွေးတောက်ကန်၊ နတ်တံခါးဆားကျင်းကန်များ ကို တူးဖော်ပေးထားသည်။

ထိုဆည်ကန်ကိုးကန်အနက် ရမည်းသင်း မြို့ရှိ ကျိုးနီကန်မှာ ရမည်းသင်းမြို့ လူထု အတွက် သောက်သုံးရေကန်နှင့် တောင်သူ လယ်သမားများအတွက် စိုက်ပျိုးရေပေး နေသော အဓိကကန်တော်ကြီးဖြစ်သည်။ ကျိုးနီကန်မှာ ရှေးမြန်မာမင်းများ လက်ထက် ကတည်းက တည်ဆောက်ခဲ့သော သမိုင်းဝင် ကန်ကြီးဖြစ်သည်။ နှစ်မိုင်ပတ်လည် ကျယ်ဝန်းသည့် ကန်တော်ကြီးဖြစ်သည်။ ရေဝင်နှစ်ဖက် (အရှေ့ဘက်၊ အနောက်ဘက်) နှင့် ရေထွက်နှစ်ဖက်(တောင်ဘက်နှင့် မြောက်ဘက်)ရှိ၍ ထူးခြားသော ကန်တော်ကြီးဖြစ်သည်။ ထိုရေဝင်နှစ်ဖက် တွင် အရှေ့ဘက်မှ လဲဖြူရေဝင်မြောင်း၊ ရေဦးရေဝင်မြောင်း၊ အနောက်ဘက်မှ မြို့သုံးမြောင်းတို့မှ ကန်အတွင်းသို့ ရေဝင်သည်။ ထို့အတူ ရေထွက်နှစ်ဖက်ဖြစ်သော မြောက်ဘက်တွင် အမှတ် ၁၊ ၂၊ ၃ မြောင်း၊ တောင်ဘက်တွင် အမှတ် ၄၊ ၅ မြောင်းတို့မှ စိုက်ပျိုးရေဖြန့်ဝေပေးနေသော ရေထွက် မြောင်းများဖြစ်သည်။

"စမုံနဝင်း နှစ်ဆုံဆင်း၍ ရွှေသင်းနာရ ပြည်ဌာနဝယ်" စာဆိုနှင့်အညီ ကျိုးနီကန်မှ မြောက်ဘက်သို့ထွက်သော ရေမြောင်းသည် စမုံချောင်းအတွင်းသို့ စီးဝင်သည်။ တောင် ဘက်သို့ထွက်သော ရေထွက်မြောင်းသည် နဝင်းချောင်းအတွင်းသို့ စီးဝင်သည်။ အဆိုပါ ချောင်းနှစ်ချောင်းဖြတ်သန်းရာ ခရီးစဉ် တစ်လျှောက်ရှိကျေးရွာများမှ တောင်သူ များသည် စိုက်ပျိုးရေရရှိကြသဖြင့် ကျိုးနီကန် ၏ အကျိုးကျေးဇူးပင်ဖြစ်သည်။

ကျိုးနီကန်ကြီးမှာ နှစ်ပေါင်းများစွာ ကြာလာပြီဖြစ်၍ ကန်အတွင်း သဲနုန်းပို့ချမှု များလာသည်။ သဲနုန်းပို့ချမှုများ၍ ကန်အတွင်း ရေလှောင်ပမာဏနည်းလာသည်။ မိုးရွာသွန်း မှုနည်းသောနှစ်များတွင် ကန်အတွင်းရေပြတ် လပ်မှုတို့ကြောင့် စိုက်ပျိုးရေမရ၍ လယ်ယာ မြေများ မစိုက်ပျိုးနိုင်ခဲ့ချေ။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ကျိုးနီကန် ကြီးအား သဲနုန်းတူးဖော်ခြင်း၊ အနောက်ဘက် ကန်ပေါင်အသစ် တည်ဆောက်ခြင်း၊ မြောက်ဘက်ကန်ပေါင်နှင့် တောင်ဘက် ကန်ပေါင်အား ပြန်လည်ပြုပြင်မွမ်းမံခြင်း၊ ကန်အတွင်းရေလှိုင်းကာ ကျောက်ရိုးစီခြင်း၊ ကျိုးနီကန်၏ ရေပေးမြောင်းများဖြစ်သော ၁၊ ၂၊ ၃၊ ၄၊ ၅ မြောင်းများ ပြုပြင်ခြင်း၊ ကျိုးနီ ကန်အတွင်းဝင်ရောက်သည့် ရေဦးရေဝင် မြောင်းမတော်၊ လဲဖြူရေဝင်မြောင်းမတော်နှင့် မြို့သုံးမြောင်းများ ပြန်လည်သဲနုန်းတူးဖော် ခြင်း၊ ရေဝင်မြောင်းများတွင် သဲနုန်းဖမ်း တာတည်ဆောက်ခြင်း၊ ရေပိုလွှဲဆောက်လုပ် ခြင်း၊ သဲထုတ်ရေတံခါးဆောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ကျိုးနီကန်ကြီး ပြန်လည်ပြုပြင်တည် ဆောက်ခြင်းလုပ်ငန်းမှာ ၂၀၁၅ ခုနှစ် စက်တင်ဘာလတွင် ပြီးစီးသွားပြီဖြစ်၍ ကျိုးနီကန်အတွင်း ဧကပေ ၁၂၃၈၅ ခန့် ရေပြန်လည် သိုလှောင်နိုင်တော့မည်ဖြစ်သည်။ စိုက်ပျိုးရေသောက် လယ်ယာများကိုလည်း စိုက်ပျိုးရေ အပြည့်အဝပေးနိုင်တော့မည်ဖြစ် သည်။ လက်ရှိမိုးစပါး ဧက ၂၅၀၀ စိုက်ပျိုး ရာမှ ဧက ၆၀၀၀ ကျော်ထိ အပြည့်အဝ စိုက်ပျိုးနိုင်မည့်အပြင် နွေစပါး လက်ရှိဧက ၃၀၀ သာ စိုက်ပျိုးနေရာမှ ဧက ၁၇၀၀ အထိ စိုက်ပျိုးနိုင်တော့မည်ဖြစ်သည်။

ကျိုးနီကန်ကြီးမှ စိုက်ပျိုးရေအပြည့်အဝ ရရှိတော့မည်ဖြစ်၍ တောင်သူများလည်း ဝင်ငွေနှစ်ဆတိုး အကျိုးခံစားရတော့မည် ဖြစ်၍ လူနေမှုဘဝအဆင့်အတန်းမြင့်မား တိုးတက်လာမည်ဖြစ်သည်။ ရေပြည့်ဝဖူလုံစွာ ပေးဝေနိုင်တော့မည်ဖြစ်၍ ဒေသခံကျေးရွာများ တွင်လည်း လူ၊ ကျွဲ၊ နွား၊ တိရစ္ဆာန်များအတွက် သောက်သုံးရေဖူလုံစွာ ရရှိတော့မည်ဖြစ်၍ ဝမ်းသာပျော်ရွှင်နေကြသည်။



ကျိုးနီကန်ကြီးအား တောင်ဘက်ပေါင်၊ မြောက်ဘက်ပေါင်နှင့် အနောက်ဘက်ပေါင် တို့အား အသစ်ထပ်မံတည်ဆောက်ထားသဖြင့် ကန်ပေါင်ပတ်ဝန်းကျင်ရှိ ကျေးရွာများမှာ သွားလာရေးပိုမိုအဆင်ပြေ လွယ်ကူလာပြီ ဖြစ်၍ ကျန်းမာရေး၊ စီးပွားရေး၊ ဒေသ ထွက်ကုန်များ အလွယ်တကူ တင်ပို့ရောင်းချ နိုင်သဖြင့် ဆင်းရဲနွမ်းပါးမှု လျော့ကျလာတော့ မည်ဖြစ်သည်။

ထိုသို့ ၂၀၁၄-၂၀၁၅ ခုနှစ်များတွင် ရမည်းသင်းမြို့ ကျိုးနီကန်ကြီးအား သဲနုန်း တူးဖော်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း အဆိုပါနှစ်များတွင် မိုးရွာသွန်းမှုနည်းပါးခြင်း ကြောင့်ကန်အတွင်း ရေဝင်ရောက်မှုမရှိခဲ့ပေ။ ထို့ကြောင့် ဒေသခံပြည်သူများမှာ ကန်အတွင်း ရေရောက်ရှိရေးကို မျှော်လင့်နေကြသည်ဖြစ်ရာ ယခုနှစ် ဇူလိုင်လအတွင်းက ရွာသွန်း ခဲ့သောမိုးကြောင့် ယခုအခါ ရမည်းသင်းမြို့ ကျိုးနီကန်အတွင်းတွင် ရေများဝင်ရောက် နေပြီဖြစ်သည်။ ကျိုးနီကန်အတွင်း၌ ရေအမြင့် ၁၀ ပေ၊ ရေသိုလှောင်ပမာဏ ၁၂၃၈၅ ဧက ပေခန့် သိုလှောင်နိုင်မည်ဖြစ်ပြီး ယခုမိုး အဆက်မပြတ်ရွာသွန်းသဖြင့် လက်ရှိရေ အမြင့် ၅ ဒသမ ၅၀ ပေ၊ ရေလှောင်ပမာဏ ၄၅၉၈ ဧကပေခန့် ဝင်ရောက်နေပြီဖြစ်သည်။ ယခုလို မိုးအဆက်မပြတ် ရွာသွန်းပါက ကျိုးနီကန်မှာ ကန်ရေပြည့်သိုလှောင်နိုင်တော့ မည်ဖြစ်သည်။ ကျိုးနီကန် ရေအေးရေလှိုင်း ဖွေးဖွေးတွင် လေညင်းခံအပန်းဖြေကာ ကျန်းမာရေးအတွက် လတ်ဆတ်သော သန့်ရှင်းသောလေကို တဝကြီးရှူရှိုက်ရတော့ မည်ဖြစ်သည်။

ထို့အတူ တောင်သူများလည်း စိုက်ပျိုးရေ အပြည့်အဝရတော့မည်ဖြစ်၍ ရမည်းသင်း မြို့နယ်မှ တောင်သူလယ်သမားများလည်း ဝမ်းသာမဆုံး ပျော်တပြုံးပြုံး ဖြစ်နေကြ သည်။

## ပဲခူးခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်သို့ အဝိုင်းကျေးရွာ လူငယ့်အလင်းရောင်စာကြည့်တိုက်မှ လာရောက်လေ့လာ



**ပဲခူး ဩဂုတ် ၂၁**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပဲခူးခရိုင်ရုံး ပြည်သူ့စာကြည့်တိုက်သို့ ပဲခူး မြို့နယ် အဝိုင်းကျေးရွာ လူငယ့်အလင်းရောင်စာကြည့်တိုက်မှ စာကြည့်တိုက်မှူးနှင့် အဖွဲ့ဝင်များ သည် ဩဂုတ် ၁၉ ရက် ညနေ ၄ နာရီက လာရောက်လေ့လာခဲ့ကြသည်။

စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ပဲခူးခရိုင် ဦးစီးအရာရှိ ဒေါ်လှလှ ဌေးနှင့် စာကြည့်တိုက်တာဝန်ခံ ဒေါ်စုစုဝါတို့က သုတ၊ ရသစာအုပ်များ ခင်းကျင်းထားရှိမှု၊ စာအုပ်ငှားရမ်းမှုစနစ်နှင့် စာကြည့်တိုက်လုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ပြီး အဝိုင်းကျေးရွာ လူငယ့်အလင်းရောင်စာကြည့်တိုက်မှ စာကြည့်တိုက်မှူးနှင့်အဖွဲ့ဝင်များက စာကြည့်တိုက်အတွင်း ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဝါးခယ်မမြို့နယ်အတွင်း ရေဝင်နစ်မြုပ်သည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့

**ဝါးခယ်မ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့က မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်အတွင်း ရေဝင်နစ်မြုပ်သည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့် ဆန်များ ထောက်ပံ့ပေးအပ် မှုကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မနောသုခအစည်းအဝေးခန်းမ၌ ဩဂုတ် ၁၆ ရက် မွန်းလွဲပိုင်းက ပြုလုပ်ကြောင်း သိရ သည်။

ရှေးဦးစွာ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးက မြို့နယ်အတွင်း မြစ်ရေ မြင့်တက်လာမှုအခြေအနေ၊ ရေဝင်နစ်မြုပ် သည့်ဒေသများ၌ ကာကွယ်ရေးလုပ်ငန်းများ၊ ကျန်းမာရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ကူညီထောက်ပံ့မှုများနှင့် ယခုအခါ မြစ်ရေ ပြန်လည်ကျဆင်းနေပြီဖြစ်ကြောင်း၊ အခြေခံ ပညာကျောင်းများ၌ ရေဝင်ရောက်မှုရှိခဲ့သော် လည်း ယခုအခါ ပုံမှန်ပြန်လည်ဖွင့်လှစ် သင်ကြားနေပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြ ကာ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးဘဟိန်းနှင့် ရခိုင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးတင်စောတို့က လိုအပ်သည်များကို လမ်းညွှန်မှာကြားပြီး တက်ရောက်လာသော ရေဝင်နစ်မြုပ်သည့် အိမ်ထောင်စုဝင်များအား အားပေးစကား ပြောကြားခဲ့သည်။

ဆက်လက်၍ စပါးရိုး၊ မြင်းကြီး၊ ငှက်ပျော ချောင်း၊ အောက်ဝဲကျေးရွာအုပ်စုများရှိ ကျေးရွာ ရှစ်ရွာ၊ အိမ်ခြေ ၁၅၃ လုံး၊ အိမ်ထောင်စု ၁၅၃ စု၊ လူဦးရေ ၆၅၀ အတွက် ငွေကျပ် ၈၃၅၀၀၀ နှင့် ဆန် ၆၆ဧ ပြည်ကို လက်ဝယ်အရောက် ထောက်ပံ့ ပေးအပ်ခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်သဘာဝဘေးအန္တရာယ် တားဆီး ကာကွယ်ရေးအဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ် ရေးမှူးများ၊ ကျေးရွာများမှ ရေဝင်နစ်မြုပ်ခဲ့ ကြသည့် အိမ်ထောင်စုဝင်များ တက်ရောက် ခဲ့ကြသည်။

**လွှမ်းသီဟ(ဝါးခယ်မ)**



# လူတစ်စုက လူထုအားစံပြု

**အညတြ**

ယခုအခါ မြန်မာတွေရဲ့လူမှုဘဝပတ်ဝန်းကျင်မှာ အကျင့်စာရိတ္တချွတ်ယွင်းတာ၊ လူမဆန်တဲ့လုပ်ရပ်တွေ အတင့်ရဲရဲ လုပ်ကိုင်လာတာတွေကို ပိုလို့မြင်တွေ့ကြားသိလာရပါတယ်။ နိုင်ငံတော်အစိုးရနဲ့တကွ ခေါင်းဆောင်တွေကလည်း စာရိတ္တပြန်လည်ထူထောင်ရေး၊ လူမဆန်တဲ့လုပ်ရပ်တွေ၊ မှုခင်းတွေ ကျဆင်းလာဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ကြိုးပမ်းဆောင်ရွက်ဆဲဖြစ်ပါတယ်။ ဒါပေမယ့် အောင်မြင်မယ့်လက္ခဏာ များများစားစား မတွေ့ရသေးဘူးလို့ ဆိုချင်ပါတယ်။ တစ်နေ့တခြား ဆိုးရွားလာတယ်လို့တောင် ပြောလို့ရပါတယ်။

မကြာသေးတဲ့ရက်ပိုင်းအတွင်းကပဲ တာချီလိတ်နဲ့ ကော့ကရိတ်မြို့မှာ မူးယစ်စေတဲ့အရာတွေသုံးစွဲပြီး လူစိတ်ပျောက်လို့ ဖခင်ဖြစ်သူကို ရက်ရက်စက်စက်သတ်ဖြတ်ခဲ့တဲ့ လူမဆန်တဲ့လုပ်ရပ်တွေ ကျူးလွန်ခဲ့ကြတာကို စိတ်မကောင်းစွာ ကြားသိခဲ့ရပါတယ်။ အခုတစ်ခါ မနေ့တစ်နေ့ကပဲ ရန်ကုန်မြို့ မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ်က နေအိမ်တစ်အိမ်မှာ မိသားစုဝင်လေးဦးကို လူမဆန်စွာရက်ရက်စက်စက် သတ်ဖြတ်ခဲ့တဲ့သတင်းကို ကြားသိခဲ့ရတဲ့အတွက် ပြည်သူအများ တုန်လှုပ်ချောက်ချား စိတ်မကောင်းခြင်းများ ဖြစ်ကြရမှာ အမှန်ပဲဖြစ်ပါတယ်။

ဒီလိုလူမဆန်တဲ့လုပ်ရပ်တွေကို အတင့်ရဲရဲ ဆက်လက်ကျူးလွန်လာတာတွေဟာ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ပြောင်ပြောင်တင်းတင်း စိန်ခေါ်လိုက်ခြင်းပဲဖြစ်ပါတယ်။ လူသားမဆန်တဲ့လုပ်ရပ်တွေ အားကောင်းလာတာဟာ လူတွေရဲ့အကျင့်စာရိတ္တကို ယိုယွင်းစေတဲ့ ဘာသာတရားအပေါ် ယုံကြည်သက်ဝင်မှု အားနည်းလာတာ၊ စီးပွားရေးကျပ်တည်းတာ၊ ဆင်းရဲမွဲတေတာ၊ အသိပညာခေါင်းပါးတာ၊ တရားဥပဒေစိုးမိုးမှု အားနည်းတာ၊ လုံခြုံရေးလျော့နည်းတာစတဲ့ အခြေခံအကြောင်းတရားတွေကြောင့်လို့ ဆိုရင်လည်း မှန်ပါတယ်။ ဒီအကြောင်းတရားတွေဟာ အခါခပ်သိမ်းမှန်တယ်လို့ မဆိုလောက်ပါဘူး။ ဒီအကြောင်းတရားတွေအပြင် အခြားအကြောင်းတရားတွေအပေါ် မှာလည်း မူတည်မှာဖြစ်ပါတယ်။

ယခုနောက်ပိုင်း လူသားမဆန်တဲ့ ပြစ်မှုတွေကို ရဲရဲတင်းတင်းကျူးလွန်လာကြတာဟာ နောက်ခံတွန်းအားပေးအကြောင်းတရားတွေရှိနေလို့သာ ကျူးလွန်နိုင်ကြတာဖြစ်တယ်လို့ ယူဆပါတယ်။ သာမန်လူတစ်ယောက်ဟာ ပြစ်မှုတစ်ခုကို မတော်တဆကျူးလွန်မိတာရှိသလို ဒုစရိုက်သမားဟာ သူ့ရဲ့အသက်မွေးဝမ်းကျောင်းအရ ကျူးလွန်လေ့ရှိကြတာလည်း ရှိပါတယ်။ ဒီလိုကျူးလွန်ကြတဲ့နေရာမှာ မြန်မာလူမျိုးတွေအဖို့ လူမဆန်တဲ့ရက်စက်မှုတွေကို သွေးအေးအေးနဲ့ကျူးလွန်ကြတယ်ဆိုတာဟာ ရှေးယခင်အခါက အတော့်ကို ရှားရှားပါးပါး ဖြစ်ခဲ့ပါတယ်။ အခုနောက်ပိုင်းကာလတွေကျမှ ဒီလိုလုပ်ရပ်တွေခပ်စိပ်စိပ်ဖြစ်လာရတာဟာ ဖော်ပြပါအကြောင်းတရားတွေအပြင် နောက်ခံတွန်းအားပေးအကြောင်းတရားဖြစ်တဲ့ မူးယစ်စေတတ်တဲ့ အရက်နဲ့စိတ်ကြွဆေးဝါးတွေကြောင့်ဖြစ်တယ်ဆိုတာကို ပြီးခဲ့တဲ့ လူသားမဆန်တဲ့ ပြစ်မှုကျူးလွန်မှုတွေက သက်သေပြလျက်ရှိပါတယ်။

ဒါဆိုရင် ဒီလိုရာဇဝတ်မှုတွေ၊ လူမဆန်တဲ့လုပ်ရပ်တွေကို ဘယ်လိုဖော်ထုတ်မှာလဲ၊ ဘယ်လိုတိုက်ဖျက်မှာလဲ၊ ဘယ်လိုတားဆီးမှာလဲ စတဲ့မေးခွန်းတွေရှိလာမှာဖြစ်ပါတယ်။ ဒီလိုပဲဆက်ဖြစ်နေမယ်ဆိုရင် အပြစ်မဲ့ပြည်သူတွေရဲ့ လုံခြုံမှုတွေ၊ အေးချမ်းစွာရှာဖွေစားသောက်နေထိုင်မှုတွေ တစ်စတစ်စထိခိုက်လာပြီး ပြည်သူတွေရဲ့ နေ့စဉ်လူနေမှုဘဝတွေမှာ စိုးရိမ်ပူပန်မှုတွေများလာတော့မှာဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့ဘယ်လိုပြုပြင်ကြမှာလဲ။ အရက်သေစာနဲ့ စိတ်ကြွဆေးပြားလို မူးယစ်စေတတ်တဲ့ အရာတွေဟာ ဒုစရိုက်မှုကို ပိုမိုကြီးထွား တွန်းအားပေးစေနိုင်တဲ့ အရာတွေ ဖြစ်တယ်ဆိုတာကို အများစုက လက်ခံကြပါတယ်။ ဒါကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းတွေက နေ့စဉ်မပြတ် ရှာဖွေဖော်ထုတ် အရေးယူမှုတွေပြုနေတာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် လျော့ကျသွားတာ မတွေ့ရသေးပါဘူး။

ဆင်းရဲမွဲတေမှုလျော့နည်းအောင်၊ ဘာသာတရားအဆုံးအမတွေတိုးပွားအောင်၊ အသိပညာတိုးပွားအောင် ဆိုတဲ့အချက်တွေဟာ ချက်ချင်းလုပ်ယူလို့ မရနိုင်သေးပါဘူး။ တရားဥပဒေစိုးမိုးရေးနဲ့ လုံခြုံရေးကောင်းမွန်လာဖို့ သက်ဆိုင်ရာအဖွဲ့အစည်းတွေနဲ့ လုံခြုံရေးအဖွဲ့အစည်းတွေက ယခင်နဲ့မတူ ကြိုးပမ်းဆောင်ရွက်နေကြတာကိုလည်း မြင်တွေ့ကြားသိနေရပါတယ်။ ဒီကြားထဲကပဲ ဆက်တိုက်ဖြစ်နေတဲ့အတွက် ပြဿနာရဲ့အဖြေကို ဆက်လက်ရှာဖွေကြရမှာဖြစ်ပါတယ်။

ဒီနေရာမှာ သူများနိုင်ငံတွေ ဘယ်လိုလျော့ပါးအောင်လုပ်ခဲ့တယ်။ ဘယ်လိုကောင်းအောင်လုပ်ခဲ့တယ်။ ဘယ်လိုနှိမ်နင်းခဲ့တယ်ဆိုတာတွေကိုလည်း လေ့လာရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒုစရိုက်မှုနဲ့ မူးယစ်ဆေးဝါးအမှုတွေကို အင်ဒိုနီးရှားလို၊ ဖိလစ်ပိုင်လို နှိမ်နင်းလို့ရနိုင်တဲ့ အနေအထားမရှိသေးပါဘူး။ အတင်းအကျပ်ပြင်းပြင်းထန်ထန်နှိမ်နင်းတယ်ဆိုတာဟာ လတ်တလောငြိမ်ဝပ်ပိပြားသွားပေမယ့် ရေရှည်အတွက် အာမခံချက်ကောင်းကောင်းမရနိုင်ပါဘူး။ ရေရှည်အတွက် အာမခံချက်ကောင်းကောင်းရဖို့ဆိုရင် အင်္ဂလိပ်တွေကို အတုယူရမှာဖြစ်ပါတယ်။ တစ်ချိန်သောရာစုနှစ်က အင်္ဂလိပ်တွေဟာ လူသားမဆန်တဲ့အပြုအမူတွေကို ပြုကျင့်ခဲ့ကြတာကို မှတ်တမ်းများမှာ တွေ့မြင်နိုင်ပါတယ်။ ယခုကာလမှာ အင်္ဂလိပ်လူမျိုးတွေရဲ့ စိတ်နေစိတ်ထားတွေဟာ စံပြုလောက်အောင် ပြောင်းလဲသွားပြီဖြစ်ပါတယ်။

စာရိတ္တကိုပြုပြင်ရာမှာ အမှန်တကယ်ထိရောက်တဲ့ လုပ်ဆောင်မှုဟာ လူတစ်စုက လူထုအားစံပြုခြင်းပင် ဖြစ်ပါတယ်။ ဒါဟာအင်္ဂလိပ်နည်းပင်ဖြစ်ပါတယ်။ တစ်နည်းဆိုသော် လူထုက ကြည်ညိုလေးစားပြီး အတုခိုးအားကျဖွယ်ကောင်းအောင် စာရိတ္တမဏ္ဍိုင်ကြံ့ခိုင်တဲ့ လူတစ်စုရှိဖို့လိုပါတယ်။ မြန်မာမှာ ဝိနည်းသိက္ခာပုဒ်တွေကို စောင့်ထိန်းတဲ့ ရဟန်းတော်တွေကို ဆိုချင်ပါတယ်။ မြန်မာ့စိတ်ဓာတ်နဲ့စရိုက်တွေကိုပြုပြင်ရာမှာ အရေးပါဆုံးပုဂ္ဂိုလ်တွေလို့ မှတ်တမ်းတင်ခြင်းခံခဲ့ရဖူးပါတယ်။ နောက် ဆရာ ဆရာမတွေဟာလည်း စံပြုထိုက်တဲ့ ပုဂ္ဂိုလ်တွေဖြစ်ဖို့လိုပါတယ်။ အင်္ဂလိပ်အလိုအရတော့ စံပြုထိုက်တဲ့ပုဂ္ဂိုလ်တွေဟာ ရဲအမှုထမ်းတွေလို့ဆိုပါတယ်။ အင်္ဂလန်ပြည်သူလူထုရဲ့ကြည်ညိုလေးစားခြင်းကိုခံရတဲ့ စံပြပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ ဒီစံပြရဲတပ်ဖွဲ့ကို ၁၈၂၉ ခုနှစ်မှာ စတင်တည်ထောင်ပြီးနောက်ပိုင်းမှာ အင်္ဂလိပ်လူမျိုးတွေရဲ့ စိတ်ဓာတ်နဲ့စရိုက်ဟာ သိသိသာသာပြောင်းလဲသွားခဲ့ပါတယ်။ စရိုက်ကြမ်းတဲ့လူတွေဟာ စိတ်ဓာတ်နူးညံ့လာကြပါတယ်။ တစ်နှစ်ထက်တစ်နှစ် လူဦးရေတိုးလာပေမယ့် ရာဇဝတ်မှုတွေ မတိုးဘဲလျော့ကျလာခဲ့ပါတယ်။

ရာဇဝတ်မှုလျော့သွားတာဟာ ရဲတပ်ဖွဲ့က လူဆိုးတွေကို အပြင်းအထန်ကွပ်ညှပ်လိုက်လို့ မဟုတ်ပါဘူး။ ဗြိတိသျှ ရဲတပ်ဖွဲ့ရဲ့ အဓိကရည်ရွယ်ချက်က လူဆိုးတွေကို ဖမ်းဆီးဖို့ထက် ရာဇဝတ်မှုတွေ မဖြစ်ပွားအောင် တားဆီးကာကွယ်ဖို့ ဖြစ်ပါတယ်။ ဒီရည်ရွယ်ချက်ကို ထမြောက်အောင်မြင်အောင် ဆောင်ရွက်ဖို့အတွက် လူထုယုံကြည်မှုကို ရဖို့လိုပါတယ်။ ဒါကြောင့် ရဲတပ်ဖွဲ့ကို စတင်ဖွဲ့စည်းစဉ်ကတည်းက စံပြရဲတွေဖြစ်ဖို့ စိစစ်ရွေးချယ်ပြုစုပျိုးထောင်ခဲ့တာကိုတွေ့ရပါတယ်။ ရဲတပ်ဖွဲ့ကို စံပြတည်ထောင်ပြီးတဲ့အခါမှာ လူထုရဲ့စိတ်ထဲမှာ ရဲတပ်ဖွဲ့ဆိုတာ လူဆိုးကိုဖမ်းဆီးရန်သာမဟုတ် မိမိတို့ကို ကူညီစောင့်ရှောက်မယ့် အဖွဲ့အစည်းဖြစ်ကြောင်း နားလည်လက်ခံလာကြပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေဟာ အစိုးရက ချမှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း လူထုကိုကူညီစောင့်ရှောက်တာကြောင့် အင်္ဂလန်ရဲတပ်ဖွဲ့ရဲ့ ဂုဏ်သတင်းဟာ အင်္ဂလန်သာမက ကမ္ဘာတစ်ဝန်းသို့ပါ ပျံ့နှံ့ကျော်စောခဲ့ပါတယ်။ ပြည်သူလူထုရဲ့ အမြင်မကြည်လင်မှု မရှိတော့ဘဲ ယုံကြည်အားထားမှု တိုးပွားလာပါတယ်။ ရဲတပ်ဖွဲ့အတွက် ဂုဏ်ယူကြပါတယ်။ ရဲတပ်ဖွဲ့ကို ချီးကျူးကြပါတယ်။ ရဲတပ်ဖွဲ့ဝင်တွေရဲ့ မွန်မြတ်တဲ့စိတ်ဓာတ်နဲ့ မွန်မြတ်တဲ့ ကိုယ်ကျင့်တရားတွေဟာ လူထုကို တစ်စတစ်စကူးစက်သွားပါတယ်။ ထို့ကြောင့် စံပြအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ အင်္ဂလန်ရဲတပ်ဖွဲ့ကို တည်ဆောက်နိုင်တာဟာ လူထုရဲ့စိတ်ဓာတ်သာမက ဒုစရိုက်မှုတွေလည်း တစ်စတစ်စလျော့ပါးသွားတာဖြစ်လို့ အတုယူစရာဖြစ်ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ယခုအခါ ဒုစရိုက်မှုတွေများပြားလာသလို လူမဆန်တဲ့အပြုအမူတွေအထိ ကျူးလွန်လာတာကို တွေ့လာရပါတယ်။ ဒါတွေရဲ့နောက်ခံအကြောင်းတရားတစ်ခုဖြစ်တဲ့ မူးယစ်စေတတ်တဲ့အရာတွေကို ထိထိရောက်ရောက် နှိမ်နင်းကြရမှာဖြစ်သလို လူထုနှင့်သက်ဆိုင်တဲ့ စံပြလူတစ်စု၊ လူတစ်ဖွဲ့ဖြစ် အောင်ကြိုးပမ်းတည်ဆောက်ရမှာ ဖြစ်ပါတယ်။ ။

# တောင်သူအမည်ခံ၍ စိုက်ပျိုးစရိတ်ချေးငွေများထုတ်ယူကာ တောင်သူများပြန်ဆပ်ရန် လက်ညှိုးထိုးမှုများရှိနေ

**မုံရွာ ဩဂုတ် ၂၁**

ရိုးသားသော တောင်သူများကို ခုတုံးလုပ်၍ စိုက်ပျိုးစရိတ်ချေးငွေများကို တာဝန်ရှိသူများအနေဖြင့် တောင်သူအမည်ခံ ငွေထုတ်ကာ အချိန်မီကျေအောင် မဆပ်ဘဲ တောင်သူများအား ပြန်ဆပ်ရန် လက်ညှိုးထိုးပြောဆိုနေသည်မှာ မဖြစ်သင့်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးမောင်မောင်ဝင်းထံမှ သိရသည်။

"ရိုးသားတဲ့တောင်သူတွေကို ခုတုံး လုပ်ပြီးစိုက်ပျိုးစရိတ်ချေးငွေကို နည်းမျိုးစုံနဲ့ လိမ်လည်ပြီးထုတ်ယူသုံးစွဲနေတာတွေရှိပါတယ်။ ဆပ်ချိန်တန်ရင် တောင်သူတွေအနေနဲ့ အပြေအကျေပေးဆပ်ကြပေမယ့် တောင်သူအမည်ခံငွေထုတ်သုံးတဲ့သူတွေက အချိန်မီကျေအောင်မဆပ်ကြပါဘူး။တချို့ကျေးရွာတွေမှာ စိုက်ပျိုးစရိတ် ချေးငွေအချိန်မီမရတာနဲ့ လုံးဝမရတဲ့ ကျေးရွာအုပ်စုတွေလည်း ရှိနေပါတယ်။

အဲဒီလိုတာဝန်ရှိသူတွေက အကြံအစည်ရှိရှိ အမည်ခံငွေထုတ်သုံးစွဲပြီး ပြန်မဆပ်မှန်းသိပေမယ့်လည်း ဥပဒေအရ အရေးယူဆောင်ရွက်တာမရှိဘဲ တောင်သူတွေကိုသာ ပြန်ဆပ်ဖို့ လက်ညှိုးထိုးပြောဆိုနေတာဟာ မဖြစ်သင့်ပါဘူး။ အဲဒီလို ငွေလိမ်ထုတ်နေတဲ့အပေါ် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရက အမှန်တရားပေါ်ပေါက်အောင် စုံစမ်းစစ်ဆေးအရေးယူ ဆောင်ရွက်သင့်ပါတယ်။ အရေးယူဖို့ရှိ၊ မရှိနဲ့ ဘယ်အချိန်ကာလမှာ အပြီးဆောင်ရွက်မယ်ဆိုတာကို ဒုတိယအကြိမ် တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ နောက်ဆုံးနေ့မှာ အဆိုတင်သွင်း မေးမြန်းခဲ့ပါတယ်" ဟု ဦးမောင်မောင်ဝင်းက ပြောသည်။

ယခုကာလသည် မြို့နယ်ဘဏ်ခွဲများတွင် ဘဏ်ချေးငွေပေးသွင်းခြင်းကို ကောက်ခံခြင်း၊ ယခုနှစ် မိုးဘဏ်ချေးငွေကို အချိန်မီပြီးစီးအောင် ထုတ်ချေးနေရခြင်းတို့ကြောင့် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ရန် မဖြစ်နိုင်သေးသော်လည်း ယခုနှစ် မိုးဘဏ်ချေးငွေထုတ်ချေးအပြီး ယခုနှစ် အောက်တိုဘာ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်ကာလအတွင်း စီမံချက်ဖြင့် အကြံအစည်ရှိရှိ အမည်ခံထုတ်ချေးသူများကို စုံစမ်းဖော်ထုတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဦးကမ်ဇာမုံက အတည်ပြုပြောကြားသည်။

ဝက်လက်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အထိ မိုး၊ ဆောင်း၊ မိုးကြိုဘဏ်ချေးငွေကြွေးကျန်များမရှိခဲ့သော်လည်း ၂၀၁၃ ခုနှစ်မှစတင်၍ မိုး၊ ဆောင်းဘဏ်ချေးငွေများ ကြွေးကျန်ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

၂၀၁၃ မိုးဘဏ်ချေးငွေ ၁၂၀၅၉ ဒသမ ၀၂ သန်းထုတ်ချေးခဲ့ရာ ယခုနှစ် ဇူလိုင် ၃၁ ရက်အထိ ပေးဆပ်ငွေကျပ် ၁၂၀၂၈ ဒသမ ၂၉ သန်းဖြစ်၍ ကျန်ငွေ ၃၀ ဒသမ ၇၃ သန်းဖြစ်ပြီး ၂၀၁၃ ဆောင်းဘဏ်ချေးငွေ ၁၅၃၈ ဒသမ ၀၈ သန်း ထုတ်ချေးခဲ့ရာ ယခုနှစ် ဇူလိုင် ၃၁ ရက်ထိ ၁၅၂၄ ဒသမ ၃၂ သန်းပေးဆပ်ရာ ၁၃ ဒသမ ၇၆ သန်း ကျန်သေးကြောင်း သိရသည်။

ထို့အပြင် ၂၀၁၄ မိုးဘဏ်ချေးငွေ ၁၀၈၇၄ ဒသမ ၉၂ သန်းထုတ်ချေးခဲ့ ရာ ဇူလိုင် ၃၁ ရက်အထိ ၁၀၈၁၃ ဒသမ ၃၄ သန်းပေးဆပ်ခဲ့ရာ ၆၁ ဒသမ ၅၈ သန်း ကျန်ပြီး၂၀၁၅ မိုးကြိုဘဏ်ချေးငွေ ၇၀၆ ဒသမ သုည သန်း ထုတ်ချေးခဲ့ရာ ဇူလိုင် ၃၁ ရက်အထိ ၆၂၉ ဒသမ ၅၄ သန်းပေးဆပ်ရာ ၇၆ ဒသမ ၄၆ သန်း ကျန်လျက်ရှိပြီး၂၀၁၅ မိုးဘဏ်ချေးငွေတွင် ၁၀၀၀၃ ဒသမ ၅၀ သန်းထုတ်ချေးခဲ့ရာ ဇူလိုင် ၃၁ ရက်အထိ ၉၄၄၅ ဒသမ ၂၁ သန်း ပေးဆပ်ကြရာ ၅၅၈ ဒသမ၂၉ သန်း ကျန်နေသေးပြီး ဝက်လက်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲတွင် အချိန်လွန်ဘဏ်ကြွေးကျန် စုစုပေါင်း ၇၄၀ ဒသမ ၈၂ သန်း ကျန်ရှိသေးကြောင်း စစ်ကိုင်းတိုင်းဒေသကြီး အစိုးရစာရင်းများအရ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဘဏ်ချေးငွေများကြိုးပမ်းကောက်ခံခဲ့သော်လည်း ဘဏ်ကြွေးများ ဆက်လက်ကျန်ရှိနေရာ တိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက မေလ ၁၆ ရက် ရက်စွဲပါ စာအမှတ် နစ-၃/၂၀၈/(၂၀၁၆)ဖြင့် တိုင်းဒေသကြီးအစိုးရသို့ ဘဏ်ကြွေးကျန်အခြေအနေကို တင်ပြခဲ့ရာ အစိုးရအဖွဲ့ရုံး၏ မေလ ၂၅ ရက်စွဲပါ စာအမှတ်၂/၃-၆(၉၈၇)/ဦး ၆ ဖြင့် ဘဏ်ချေးငွေများပြေကျေစွာ ကောက်ခံရန် ဘဏ်လုပ်ထုံးလုပ်နည်းများဖြင့် အရေးယူဆောင်ရွက်ရန် အကြောင်းပြန်ကြားထားကြောင်း သိရသည်။

ဝက်လက်မြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှလည်း ဘဏ်ချေးငွေကြွေးဟောင်းများကို ကြိုးပမ်းကောက်ခံနေသော်လည်း ဇူလိုင် ၃၁ ရက်အထိ ဘဏ်ချေးငွေကျန်ကျပ် ၇၄၀ ဒသမ ၈၂ သန်း ကြွေးကျန်ဖြစ်ပေါ်နေရာ တစ်ဦးချင်း ကွင်းဆင်းစစ်ဆေးပြီး ဖော်ထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဖြူးမြို့၌ ရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေး

**ဖြူး ဩဂုတ် ၂၁**

ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ခန်းမ၌ ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁ နာရီခွဲက ကျင်းပရာ ဖြူး၊ ကျောက်ကြီး၊ အုတ်တွင်းမြို့နယ်များမှ ရဲအရာရှိ နှင့် အခြားအဆင့်ရဲတပ်ဖွဲ့ဝင် ၁၈၀ ကျော်ခန့် တက်ရောက်ကြသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်က ရဲလုပ်ငန်းဆိုင်ရာများကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**

# မှုခင်းကျဆင်းရေး ကျောက်တန်းမြို့နယ်၌ ကွင်းဆင်းဟောပြော

**ကျောက်တန်း ဩဂုတ် ၂၁**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် အမှတ်(၇) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးသန်းထွန်းနှင့် တံတားနယ်မြေရဲစခန်းမှ ရဲအုပ်ထွန်းထွန်းဝေတို့သည် ဩဂုတ် ၁၉ ရက်က တံတားမြို့ အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးခန်းတွင် တံတားနယ်မြေအတွင်းရှိပြည်သူများနှင့် တွေ့ဆုံ၍ နယ်မြေစည်းရုံးရေးနှင့် မှုခင်းကျဆင်းရေးအတွက် ဟောပြောဆွေးနွေးခဲ့သည်။

ရှေးဦးစွာ ကျောက်တန်းမြို့ အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးက အဖွင့်အမှာစကားပြောကြားပြီး တံတားနယ်မြေစခန်းမှူး ရဲအုပ်ထွန်းထွန်းဝေက မှုခင်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောခဲ့ပြီး ဆွေးနွေးပွဲသို့ ပြည်သူ ၉၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ရွှေတောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန့်ဇင်ဦးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ပူးပေါင်း၍ ဩဂုတ် ၁၈ ရက်က ရွှေတောင်မြို့မဈေးကြီး အတွင်း၊ အပြင်တွင် တည်ခင်းရောင်းချလျက်ရှိသည့် ဈေးဆိုင်များအား အိုင်အိုဒင်းဆား အရည်အသွေးပြည့်မီခြင်း ရှိ၊ မရှိ စစ်ဆေးစဉ်။

**(၄၉၇)**



# ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆွေးနွေး





**နေပြည်တော် ဩဂုတ် ၂၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့မွန်းလွဲပိုင်းက ကရင်ပြည်နယ် ဘားအံမြို့ ဇွဲကပင်ခန်းမ၌ကျင်းပသော ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲသို့တက်ရောက်၍ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ပြင်ဆင်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိခြင်းဖြင့် ဘေးအန္တရာယ်ဖြစ်ပွားပေါ်ပေါက်ပါက ပြည်သူတို့၏ အသက်အိုးအိမ်ပစ္စည်းများ ဆုံးရှုံးမှုလျော့နည်းသက်သာစေမည်ဖြစ်ကြောင်း၊ သို့မှသာ ဖွံ့ဖြိုးတိုးတက်ရေး အမှန်ရရှိမည်ဖြစ်ကြောင်း။

ပြည်သူများ၏ လိုအပ်ချက်များကို ထိရောက်စွာဖြည့်ဆည်းပေးနိုင်ရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လုပ်ငန်းများပူးပေါင်းဆောင်ရွက်ရန်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ပြီးဖြစ်၍ လိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်ပြီး ရေတိုရေရှည်စီမံချက်များ ချမှတ်ဆောင်ရွက်ရမည်ဖြစ်ရာ ဆည်၊ တာတမံလုပ်ငန်းများ၊ ရေအရင်းမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်၏ စီမံချက်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယခုနှစ် မိုးကာလအလွန်တွင် လာနီညာကြောင့် အအေးဓာတ်ပိုကဲခြင်း၊ မုန်တိုင်းများနှင့် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်နိုင်သည်ဖြစ်ရာ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရှိရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကရင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာတင်ဝင်းကျော်နှင့် တာဝန်ရှိသူများက ကရင်ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကရင်ပြည်နယ် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးရုံးသို့ ရောက်ရှိပြီး ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြောင်မြို့နယ် လက်ယက်မကျေးရွာရှိ သောက်သုံးရေကန်အတွင်းရှိရေများ အပြင်သို့ယိုစိမ့်နေမှုအား ဝိုင်းဝန်းကူညီဆောင်ရွက်

**မြင်းမူ ဩဂုတ် ၂၁**

ဩဂုတ် ၂၀ ရက်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မြောင်မြို့နယ် လက်ယက်မကျေးရွာသူ ကျေးရွာသားများ သောက်သုံးရေကန်အဖြစ် အသုံးပြုသော ကန်သစ်ရေကန်မှာ တာပေါင်မြေပတ်ကြားအက်ကွဲကြောင်းများမှ ကန်အတွင်းရှိရေများ အပြင်သို့ ပေါက်ထွက်လျက်ရှိသဖြင့် ဩဂုတ် ၂၁ ရက် နံနက် ၇ နာရီခွဲတွင် မြောင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသောင်းငွေဦးစီး၍ အရာရှိနှစ်ဦး၊ ရဲတပ်သား ၁၄ ဦး၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးချမ်းငြိမ်းသူဦးဆောင်ကာ မီးသတ်တပ်ဖွဲ့ဝင် ၁၀ ဦးတို့နှင့် ကျေးရွာသူကျေးရွာသား ၃၀ ခန့်တို့ဖြင့် စုပေါင်းပြီး မြေဖို့ခြင်းမြေအိတ်များထပ်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။

"ကျွန်တော်တို့ ရွာသူ ရွာသားတွေက ဒီရေကန်ကရေကို အားထားသုံးစွဲရတာပါ။ မနေ့ကမိုးတအားရွာခဲ့လို့ ကန်ပေါင်ပတ်ကြားအက်ကွဲကြောင်းကြီးတွေပေါ်ခဲ့တယ်။ ကန်ထဲကရေတွေ အက်ကွဲကြောင်းကနေအပြင်ကိုထွက်တယ်။ အခုမြို့နယ်က တာဝန်ရှိသူတွေနဲ့ ရွာကပြည်သူတွေ ပူးပေါင်းလုပ်ဆောင်ခဲ့ကြလို့ ရေအပြင်မထွက်တော့ပါဘူး။ လာရောက်ကူညီပေးခဲ့ပေးကြတဲ့သူတွေကို ရွာသူ ရွာသားတွေကိုယ်စား ကျေးဇူးအထူးတင်ပါတယ်" ဟု ရွာသားတစ်ဦးက ပြောပြခဲ့သည်။

**(၆၂၄)**





## ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ လှူဒါန်း

**ဓနုဖြူ ဩဂုတ် ၂၁**

ရေဘေးဒဏ်ခံစားခဲ့ရသော ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ အိမ်ထောင်စု ၂၀၀၊ လူဦးရေ ၈၀၀ ကျော်တို့အား မရမ်းကုန်းမြို့နယ် အရိယာမဏ္ဍိုင် စာသင်တိုက်မှ ဆရာတော် ဦးပညာလောကနှင့် ဦးသီလာစာရတို့ ဦးဆောင်သော ပရဟိတအဖွဲ့ဝင်များသည် ဩဂုတ် ၂၀ ရက်က ဓနုဖြူမြို့နယ် အမှတ်(၂) ရပ်ကွက်ရှိ သုခိတာရာမကျောင်းတိုက်၌ ဆန်၊ ဆီ၊ ဆား၊ ငါးသေတ္တာဘူး၊ ငါးပိထောင်းဘူး၊ ခေါက်ဆွဲခြောက်၊ ပေါင်မုန့်ခြောက်၊ အဝတ်အထည်နှင့် ရေသန့်တို့ကို မိသားစုအလိုက် ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပန်းတနော်မြို့နယ် ပျဉ်ထုံးကြီးကျေးရွာသို့ သွားရောက်ကာ ရေဘေးဒဏ်ခံစားခဲ့ကြရသော အိမ်ထောင်စု ၂၇၀ အတွက် ဆန်၊ ခေါက်ဆွဲခြောက်၊ ငါးပိထောင်းဘူး၊ ပေါင်မုန့်ခြောက်၊ ဘီစကွတ်၊ ရေသန့်နှင့် အဝတ်အထည်တို့ကို ပေးအပ်လှူဒါန်းရာ ပျဉ်ထုံးကြီးကျေးရွာ ဓမ္မပါလကျောင်းတိုက်ဆရာတော် ဦးတေဇနိယက လက်ခံရယူပြီး လှူဒါန်းမှု အစုစုအတို့အတွက် ရေစက်သွန်းချအမျှပေးဝေခဲ့ကြကြောင်းနှင့် အဆိုပါ နှစ်နေရာအတွက် သွားရောက်လှူဒါန်းသော ပစ္စည်းတန်ဖိုးမှာ ကျပ်သိန်း ၂၀ ကျော်ဖိုးခန့်ရှိကြောင်း သိရသည်။

**(၆၈၂)**

## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကမ်းပါးပြိုပြီး လမ်း၊ တံတားများပျက်စီး

**ကွမ်းလုံ ဩဂုတ် ၂၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ် ဟိုလီကျေးရွာနှင့် နမ့်ကျင်းဟော်ကျေးရွာကြား ရှစ်မိုင်အတွင်းတစ်လျှောက် ဩဂုတ် ၁၉ ရက်ညတွင် မိုးသည်းထန်စွာရွာသွန်း၍ ကမ်းပါးပြိုမှုကြောင့် လမ်းများပျက်စီးကာ တောင်ကျချောင်းရေကြီးပြီး တံတားများပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်းကို ကျေးရွာအုပ်စု သုံးအုပ်စု၊ ကျေးရွာပေါင်း ၂၉ ရွာမှ အသုံးပြုသွားလာနေကြပြီး လမ်းများနှင့်တံတားများ ပြိုကျပျက်စီးသည့်အတွက် သွားလာရေးခက်ခဲလျက်ရှိသည်။ ထိုကြောင့် လမ်းနှင့် တံတားများ ပြန်လည်ပြုပြင်နိုင်ရေးအတွက် လားရှိုးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမင်းလတ်နှင့် အင်ဂျင်နီယာအဖွဲ့များ၊ မြို့နယ်ဦးစီးမှူး ဦးမိုင်းလုမ်ဆန်းသစ်တို့က ဩဂုတ် ၂၁ ရက်တွင် ပျက်စီးမှုအခြေအနေများကို ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့သည်။

လမ်းတံတားများပျက်စီးမှုကြောင့် ဒေသခံပြည်သူများ သွားလာရေးခက်ခဲသည့်အပြင် အပတ်စဉ် ဈေးကားများမလာနိုင်သည့်အတွက် ကုန်ဈေးနှုန်းများလည်း မြင့်တက်လာကြောင်းနှင့် အမြန်ဆုံးပြင်ဆင်ပေးရန် ဒေသခံပြည်သူများလိုလားနေကြကြောင်း သိရသည်။

**မိုင်းခိုင်ဇော်(IPRD)**

## ညောင်တုန်းရေဘေးသင့်ဒေသသို့ စားသောက်ဖွယ်ရာနှင့် ငွေလှူဒါန်း

**ရန်ကုန် ဩဂုတ် ၂၁**

ရန်ကင်း Online ပရဟိတအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာများသို့ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို ဩဂုတ် ၂၁ ရက် နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရန်ကင်း Online ပရဟိတအဖွဲ့သည် နံနက်ပိုင်းတွင် ကုက္ကိုစုနှင့် သတိကျေးရွာဘုန်းတော်ကြီးကျောင်းများရှိ ဆရာတော်တို့ထံ လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းမှုအတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် ပရဟိတအဖွဲ့ဝင်များသည် ကုက္ကိုစုကျေးရွာမှ အိမ်ခြေ ၁၂၅ အိမ်၊ အန္တိုဝဲထောက်ကျေးရွာမှ အိမ်ခြေ ၁၁၀ နှင့် သတိကျေးရွာရှိ အိမ်ခြေ ၁၀၀ မှ ရေဘေးသင့်ပြည်သူများအတွက် တစ်အိမ်ထောင်လျှင် ငွေကျပ် ၅၀၀၀ နှင့် ဆန်၊ ဆီ၊ ငါးသေတ္တာ၊ ကြက်သွန်နှင့် အခြားစားသောက်ကုန်ပစ္စည်းများကို အိမ်ထောင်စုအလိုက် ပေးဝေလှူဒါန်းသည်။

"ကျွန်တော်တို့အသင်းကတော့ ရန်ကင်းမြို့နယ်အတွင်းက သာရေးနာရေး၊ ဘာသာရေး၊ ပညာရေးနဲ့ ကျန်းမာရေးကိစ္စတွေမှာ လှူဒါန်းပေးနေပါတယ်။ ဒါ့အပြင် သဘာဝဘေးဒဏ်ကြောင့်ဖြစ်ပေါ်လာတဲ့ ဒေသတွေကိုလည်း သွားရောက်ပြီး အခုလို လှူဒါန်းပေးနေပါတယ်။ ပရဟိတအသင်းက ဖွဲ့တာ



မကြာသေးပေမယ့် ကျွန်တော်တို့ရရှိလာတဲ့ အလှူငွေတွေကို ဆက်လက်လှူဒါန်းပေးသွားမှာပါ" ဟု ရန်ကင်းပရဟိတအဖွဲ့ဥက္ကဋ္ဌ ဦးကိုကိုလွင်က ပြောသည်။

ယနေ့လှူဒါန်းမှုသည် ငွေကျပ်သိန်း ၄၀ ကျော်တန်ဖိုးရှိပြီး ရန်ကင်း Online ပရဟိတအဖွဲ့သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် စတင်ဖွဲ့စည်းကာ လှူဒါန်းမှုများ ဆောင်ရွက်ပေးနေသော အဖွဲ့တစ်ဖွဲ့ဖြစ်ကြောင်း သိရသည်။ **(ညီညီ)**

## ပြည်တွင်းရေးရာ

# ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ်(အမျိုးသား)အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနား ကျင်းပ



**နေပြည်တော် ဩဂုတ် ၂၁**
မြန်မာ့ဘောလုံးအားကစားတိုးတက်မြင့်မားရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၁၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် (အမျိုးသား)အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းနှင့်အတူ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ကရင်ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်နှင့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးများ၊ အားကစားဝါသနာရှင်ပရိသတ်များ၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်မှ လာရောက်အားပေးကြသည့် ပရိသတ်များ တက်ရောက်ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ကရင်ပြည်နယ်ဘောလုံးအသင်းနှင့် ရှမ်းပြည်နယ်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကရင်ပြည်နယ်ဘောလုံးအသင်းမှ ရှမ်းပြည်နယ်ဘောလုံးအသင်းအား နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီး ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဂိုးသမားဆု၊ အကောင်းဆုံးနောက်တန်းကစားသမားဆု၊ အကောင်းဆုံးအလယ်တန်းကစားသမားဆု၊ အကောင်းဆုံးရှေ့တန်းကစားသမားဆု၊ ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုများကို ချီးမြှင့်ခဲ့သည်။

ဆက်လက်၍ ပြိုင်ပွဲတွင် တတိယဆုရရှိသော ကချင်ပြည်နယ်ဘောလုံးအသင်းအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ ဒုတိယဆုရရှိသော ရှမ်းပြည်နယ်ဘောလုံးအသင်းအား ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်က တစ်ဦးချင်းဆုများကိုလည်းကောင်း ချီးမြှင့်သည်။

ထို့နောက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ပထမဆုရရှိသော ကရင်ပြည်နယ်ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း ချီးမြှင့်ခဲ့ပြီး ပထမဆုရရှိသော ကရင်ပြည်နယ်ဘောလုံးအသင်းအား ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက တံခွန်စိုက်ဆုဖလားကို ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**○ ကျောဖုံးမှ**
မြန်မာယူ-၁၉ အသင်း ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် ယခု ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပြီး အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဗီယက်နမ်အသင်း၊ မြန်မာအသင်းနှင့် တစ်အုပ်စုတည်း ကျရောက်နေသည့် ထိုင်းအသင်းတို့ ပါဝင်နေသောကြောင့် အတွေ့အကြုံကောင်းများ ရယူနိုင်မည့် ပြိုင်ပွဲဖြစ်သည်။

မြန်မာယူ-၁၉ အသင်းသည် အာဆီယံ ယူ-၁၉ ပြိုင်ပွဲယှဉ်ပြိုင်ရန် ဧပြီလကတည်းက စတင်လေ့ကျင့်ခဲ့သော်လည်း နိုင်ငံတကာပွဲကို ယနေ့ယှဉ်ပြိုင်ရမည့် ဆာပေါ်ရိုအသင်းနှင့်ပွဲမှ စတင်ကစားရခြင်းဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ပြည်တွင်းအသင်းများနှင့်သာ ခြေစမ်းပွဲများ ဆက်တိုက်ကစားခဲ့ရသည့်အပြင် ယခုပြိုင်ပွဲတွင် ယှဉ်ပြိုင်ရမည့် ပြိုင်ဘက်အသင်းများက အသင်းကောင်းများဖြစ်နေရာ အောင်မြင်မှုရရှိရန် ခက်ခက်ခဲခဲကြိုးပမ်းရဖွယ် ရှိနေသည်။ မြန်မာယူ-၁၉ အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက တာဝန်ယူ ကိုင်တွယ်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် အာဆီယံပြိုင်ပွဲအတွက် ပြင်ဆင်သည့် အနေဖြင့် ယှဉ်ပြိုင်သည့် ပြိုင်ပွဲဖြစ်သောကြောင့် ကစားသမား ၂၅ ဦး စလုံးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၁၉ အသင်းတွင် အုပ်ချုပ်သူ ဦးစိုးခင်မောင်အေး၊ နည်းပြချုပ် ဦးမျိုးလှိုင်ဝင်း၊ လက်ထောက်နည်းပြ ဦးစိုးမိုးနှင့် ဦးအောင်ကျော်ထွန်း၊ ဂိုးနည်းပြ ဦးဇော်ဝင်းနိုင်၊ ကစားသမားများအဖြစ် ဂိုး ဘုန်းသစ္စာမင်း၊ ဆန်းဆက်နိုင်၊ အောင်မျိုးထွေး၊ ဟိန်းထက်ကျော်၊ နောက်တန်း ဟိန်းဖြိုးဝင်း၊ ရဲမင်းသူ၊ မင်းရဲထွဋ်၊ ကျော်သက်ဦး၊ ရဲရင့်အောင်၊ ကျော်သူထွန်း၊ စိုးမိုးထွန်း၊ ဝင်းမိုးကျော်၊ ကျော်စွာဝင်း၊ အလယ်တန်း သက်အောင်၊ အောင်မိုးသူ၊ မြင့်ထွန်းနိုင်၊ မြတ်ထွန်းသစ်၊ ဝေယံ၊ မင်းသူ၊ ဥက္ကာမောင်၊ ရှေ့တန်း ရွှေကို၊ အောင်ကောင်းမာန်၊ စအောင် ပြည့်ကို၊ ဇွဲသက်ပိုင်နှင့် ဇော်ပေါက်တို့ ပါဝင်ကြသည်။

**(ရှိုင်းထက်ဇော်)**

---

# အိန္ဒိယအစိုးရတပ်နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီတို့ မြန်မာနိုင်ငံနယ်နိမိတ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည်ဟု မီဒီယာအချို့က မှားယွင်းဖော်ပြခဲ့မှုနှင့်ပတ်သက်၍ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်




**နေပြည်တော် ဩဂုတ် ၂၁**
မြန်မာနိုင်ငံနယ်စပ်တွင် ဩဂုတ် ၁၉ ရက်က အိန္ဒိယအစိုးရတပ်နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN (K)တို့ သုံးနာရီကြာ တိုက်ပွဲဖြစ်ပွားခဲ့ပြီး အိန္ဒိယအစိုးရတပ်မှ ထိခိုက်ကျဆုံးမှုများကြောင်း၊ အနည်းဆုံးလူ ၃၀ ခန့်ရှိသည့် အိန္ဒိယအစိုးရတပ်များက မြန်မာနိုင်ငံဧရိယာအတွင်း ဝင်ရောက်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အိန္ဒိယအစိုးရတပ်ဖွဲ့များသည် လေထီးတပ်သား ၁၂ ဦးကို ဦးစွာစေလွှတ်ပြီး ကျန်မြေပြင်တပ်က မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာကြောင်း၊ အိန္ဒိယအစိုးရတပ်က မြန်မာနိုင်ငံနယ်နိမိတ်အတွင်း စစ်ဆင်ရေးတစ်ခု ပြုလုပ်ခဲ့ကြောင်း စသည်ဖြင့် နာဂတပ်ဖွဲ့ကထုတ်ပြန်သည့် သတင်းဇာစ်မြစ်ကိုကိုးကား၍ ပြည်တွင်းအင်တာနက်သတင်းနှင့် အိန္ဒိယသတင်းမီဒီယာအချို့က ရေးသားဖော်ပြခဲ့ကြောင်း၊ မြေပြင်သတင်းစိစစ်ချက်များအရ ဩဂုတ် ၁၉ ရက် နံနက် ၆ နာရီခွဲမှ ၉ နာရီအထိ NSCN(K) အဖွဲ့နှင့် NSCN(IM)အဖွဲ့တို့ မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် နယ်နိမိတ်မှတ်တိုင်အမှတ် ၁၅၁ ၏ အနောက်ဘက် တစ်မိုင်ခန့်အကွာ အိန္ဒိယနိုင်ငံအတွင်း လက်နက်ကြီး၊ လက်နက်ငယ် ပစ်ခတ်သံများကြားရကြောင်း၊ ရွှေလောကျေးရွာ ခန့်မှန်းမြေပုံညွှန်း(GE-၁၄၈၃၆၀) အုပ်ချုပ်ရေးမှူးက ယမ်းကြုံးကျေးရွာ ခန့်မှန်းမြေပုံညွှန်း(GE-၂၅၇၄၁၅)ရှိ တပ်မတော်စစ်ကြောင်းထံသို့ သတင်းပေးပို့ခဲ့ပြီး သတင်းရရှိလျှင်ရရှိချင်း နှစ်နိုင်ငံနယ်စပ်မျဉ်းအနီး ကျယ်ပြန့်စွာလှုပ်ရှားနေသည့် တပ်မတော်စစ်ကြောင်းများကလည်း မိမိနယ်မြေအလိုက် တစ်ဖက်နိုင်ငံမှ လက်နက်ကိုင်အဖွဲ့အစည်းများ ဝင်ရောက်လာမှုမရှိစေရေး ပိတ်ဆို့ထားပြီး စောင့်ကြည့်လျက်ရှိကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အိမ်နီးချင်းနိုင်ငံများနှင့်ပတ်သက်၍ မိမိနိုင်ငံကို အခြေပြုကာ တစ်ဖက်နိုင်ငံအစိုးရကို နှောင့်ယှက်ဖျက်ဆီးသည့် မည်သည့် လက်နက်ကိုင်အဖွဲ့အစည်းကိုမဆို နယ်မြေအသုံးချခွင့်မပြုကြောင်း၊ အားမပေးကြောင်း၊ လက်မခံကြောင်းတို့အား နှစ်နိုင်ငံတပ်မတော်ခေါင်းဆောင်များ အချင်းချင်းတွေ့ဆုံဆွေးနွေးစဉ်တိုင်းတွင် အလေးအနက်ထားပြောကြားလျက်ရှိကြောင်း၊ ၎င်းအပြင် မြန်မာ့တပ်မတော်အနေဖြင့်လည်း နှစ်နိုင်ငံတပ်မတော် အချင်းချင်း နယ်စပ်တပ်စခန်းအဆင့် ဆွေးနွေးပွဲများပြုလုပ်၍ တပ်မတော် အချင်းချင်း မိမိနယ်မြေအလိုက် အပြိုင်ကင်းလှည့်ခြင်း၊ သတင်းဖလှယ်၍ အထောက်အကူပြုဆောင်ရွက်ခြင်းများလည်း ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ အိန္ဒိယအစိုးရတပ်နှင့် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ NSCN(K)တို့ မိမိနိုင်ငံနယ်နိမိတ်အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည့် သတင်းမှာ မှန်ကန်မှုမရှိပါကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

**(သတင်းစဉ်)**

---

# ဝမ်းကိုက်ရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း ဟောပြောမည်

**ရန်ကုန် ဩဂုတ် ၂၁**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး)နှင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး)တို့ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာ စုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ ဩဂုတ် ၂၆ ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို) တွဲဖက်အတွင်းရေးမှူး ဆရာကြီးဦးသောင်းညွန့်က ဝမ်းကိုက်ရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာများ တက်ရောက်ဆွေးနွေးနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

# နမ့်လန်၌ ရေကျောက်စေတီတော်အား ရွှေထီးတော်တင်လှူပူဇော်ပွဲ ကျင်းပ



**သီပေါ ဩဂုတ် ၂၁**
မိုင်းဖုန်းဆရာတော်နှင့် လွယ်တုန်းခမ်းဆရာတော်တို့၏ ဩဝါဒခံယူ၍ ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုရှိ မြို့နံ့စေတီ (ခေါ်) ဆင်ခစေတီ (ခေါ်) စေတီဖြူပရိဝုဏ်အတွင်း၌ တည်ထားခဲ့သော "ရေကျောက်စေတီတော်"အား စိန်ဖူးတော်၊ ရွှေထီးတော် တင်လှူပူဇော်ပွဲကို ဩဂုတ် ၁၈ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ စေတီတော်အား ဦးဆောင်ကြီးကြပ်ကာ တည်ထားခဲ့တော်မူသော နမ့်လန်မြို့လယ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တဉာဏောဘာသ မဟာသဒ္ဓမ္မဇောတိကဓဇ က ယခု ရေကျောက်စေတီတော်ကို လောကလူသားအားလုံး ချမ်းသာအေးမြစေရန်နှင့် သာသနာတော်အဓွန့်ရှည် တည်တံ့ထွန်းကားရန်ရည်ရွယ်၍ တည်ထားခြင်းဖြစ်ကြောင်း၊ စေတီတော်အား ရေအမြဲစီးဆင်းနေသည့် ရှမ်းပြည်နယ်အရှေ့ပိုင်းမှ ချောင်း လေးချောင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းမှ ၂၃ ချောင်း၊ မြောက်ပိုင်းမှ ၁၉ ချောင်း၊ မန္တလေးတိုင်းဒေသကြီးမှ ဧရာဝတီမြစ်နှင့် ပိတ်ချင်းမြောင်၊ ကချင်ပြည်နယ်မှ မေခ၊ မလိခမြစ်ဆုံ စသည့်ဒေသစုံမှ စုစုပေါင်း မြစ်ချောင်း ၄၉ ချောင်းတို့မှ ကျောက်များကို ထည့်ဝင်ကာ တည်ထားခဲ့ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နယ်ခြားတောင်တန်းသာသနာပြု ဆရာတော်ဦးသုခမိန္ဒ မဟာကမ္မဋ္ဌာနာစရိယ MAက ငါးပါးသီလနှင့် အနုမောဒနာတရားတော်များကို ရှမ်း၊ မြန်မာနှစ်ဘာသာဖြင့် ဟောကြားချီးမြှင့်တော်မူပြီး ဆရာတော်သံဃာတော်များဦးဆောင်၍ ရေကျောက်စေတီတော်အထွတ်သို့ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို တင်လှူပူဇော်ခဲ့ကြသည်။

အဆိုပါ ရေကျောက်စေတီတော်၏ ရွှေထီးတော် တင်လှူပွဲကို ဩဂုတ် ၁၉ ရက်အထိ နိဗ္ဗာန်ဈေးတန်းများ၊ ရှမ်းစတိတ်ရှိုးနှင့် တိုင်းရင်းသားယဉ်ကျေးမှုအကများ၊ ကြည့်ချင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြကြောင်း သိရသည်။

**(သီပေါကိုလတ်)**

# ဧည့်လမ်းညွှန် အခြေခံသင်တန်း အမှတ်စဉ်(၅၂) ဖွင့်လှစ်မည်



**ရန်ကုန် ဩဂုတ် ၂၁**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်း ဧည့်လမ်းညွှန် အခြေခံသင်တန်း အမှတ်စဉ် (၅၂) ကို လာမည့် အောက်တိုဘာ ၂၄ ရက်မှ ဒီဇင်ဘာ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အခြေခံကျသည့် လူ့စွမ်းအားအရင်းအမြစ်များအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းမှ ဧည့်လမ်းညွှန် အခြေခံသင်တန်းကို အပတ်စဉ်(၁)မှ (၅၁) အထိ သင်တန်းသားသင်တန်းသူ စုစုပေါင်း ကိုးထောင်နီးပါးခန့်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

ယခု ဖွင့်လှစ်သွားမည့် သင်တန်းအပတ်စဉ် (၅၂) အတွက် သင်တန်းဝင်ခွင့်လျှောက်လွှာများကို ဩဂုတ် ၂၂ ရက်မှ စက်တင်ဘာ ၉ ရက်အထိ ခရီးသွားလုပ်ငန်းဆိုင်ရာ သင်တန်းကျောင်းတည်ရှိရာ ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းနှင့် (၃၁) လမ်းထောင့်ရှိ ရသာကွန်ဒို ဒုတိယထပ် ပန်းဘဲတန်းမြို့နယ်တွင် လက်ခံဆောင်ရွက်ပေးသွားမည်ဟု သင်တန်းကျောင်းမှ သိရသည်။

ဧည့်လမ်းညွှန် အခြေခံသင်တန်းသို့ အသက် (၁၈) နှစ်ပြည့်ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူနှင့်အထက် ကျန်းမာရေးကောင်းမွန်သန်စွမ်းပြီး ကိုယ်အင်္ဂါပြည့်စုံသူ၊ အင်္ဂလိပ်၊ ပြင်သစ်၊ အီတလီ၊ ရုရှား၊ စပိန်၊ ဂျာမန်၊ ကိုရီးယား၊ ဂျပန်၊ တရုတ်၊ ထိုင်းဘာသာစကား တစ်ခုခု ကျွမ်းကျင်ပြီးသူများ ဝင်ရောက်လျှောက်ထားနိုင်ကြောင်း၊ သင်တန်းလျှောက်ထားသူများအနေဖြင့် ပညာအရည်အချင်း၊ မိတ္တူနှင့်မူရင်း၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက် မူရင်း၊ လိုင်စင်ဓာတ်ပုံ သုံးပုံတို့ကို ယူဆောင်လာရမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းမှာ တက်ရောက်မှုအများဆုံးက အင်္ဂလိပ်ဘာသာပဲဖြစ်ပါတယ်။ အခုသင်တန်းမှာတော့ အင်္ဂလိပ်ဘာသာ ဧည့်လမ်းညွှန်တွေအပြင် အခြားဘာသာ ဧည့်လမ်းညွှန်တွေ ပိုမိုဝင်ရောက်ဖြေဆိုနိုင်ဖို့အတွက် စီစဉ်ထားပါတယ်။ အသေးစိတ်အချက်အလက်များ သိရှိလိုလျှင် ၀၁-၃၈၀၆၂၁၊ ၀၁-၃၇၅၁၉၄၊ ၀၁-၃၇၃၇၉၂ တို့ကို ဆက်သွယ်မေးမြန်းနိုင်ပါတယ်"ဟု ဧည့်လမ်းညွှန်သင်တန်းကျောင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် အလားအလာကောင်းများရှိနေသည့် မြန်မာနိုင်ငံသည် ဒေသတွင်းနှင့် နိုင်ငံတကာနှင့် ပူးပေါင်းကာ ခရီးသွားကဏ္ဍတိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာသည်နှင့်အမျှ ဧည့်လမ်းညွှန်များ လိုအပ်မှုမရှိစေရေးအတွက် ဧည့်လမ်းညွှန် အခြေခံသင်တန်းကို ၁၉၉၂ ခုနှစ်မှ စတင်ကာ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သိရသည်။

**(ဆုနှင်းလဲ့)**

# မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ပညာပေးပြခန်းယာဉ်လှည့်လည်ပြသ

**ပေါင် ဩဂုတ် ၂၁**
မွန်ပြည်နယ်ရှိ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှုအန္တရာယ်များမှ ကင်းဝေးစေရန် ရည်ရွယ်ချက်ဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ အနီးကပ်လမ်းညွှန်ချက်အရ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးပြခန်းများ ခင်းကျင်းပြသထားသည့် ရွေ့လျားပြခန်းယာဉ်ဖြင့် ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၃ ရက်မှ ၂၀ ရက်အထိ မော်လမြိုင်၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေးမြို့၊ လမိုင်းမြို့တို့ရှိ စာသင်ကျောင်းများ၊ ဈေးများအနီးနှင့် လမ်းဆုံလမ်းခွများတွင် ပြည်သူနှင့် ကျောင်းသား ကျောင်းသူ ၄၀၇၀ အား ပညာပေးပြသနိုင်ခဲ့ပြီး လက်ကမ်းစာစောင်များလည်း ဖြန့်ဝေခဲ့ကြောင်း သိရသည်။

ယင်းသို့ မှုခင်းအသိပညာပေးပြခန်းရွေ့လျားစာကြည့်တိုက် လှည့်လည်ယာဉ်ပြသလျက်ရှိရာ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက ပေါင်(အထက)သို့ ရောက်ရှိ၍ ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ်နှင့် လူမှောင်ခို လူကုန်ကူးအသိပညာများရရှိစေရန်အတွက် ပေါင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်းနှင့် ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းပြသပေးခဲ့ရာ ကျောင်းသား ကျောင်းသူ ၈၀၀ တို့က စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။ အဆိုပါ အသိပညာပေးပြခန်းရွေ့လျားစာကြည့်တိုက်ယာဉ်သည် ပေါင်မြို့နယ်အတွင်းရှိ အထကကျောင်းများသို့ လှည့်လည်ပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြော

**ပုဗ္ဗသီရိ ဩဂုတ် ၂၁**
နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်(အထက)တွင် ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲ ပြုလုပ်ရာ ဥတ္တရခရိုင်အုပ်ချုပ်ရေးမှူး ဦးအေးသောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမိုးဆန်းထွန်းတို့က အမှာစကားပြောကြားကြသည်။



ထို့နောက် ပုဗ္ဗသီရိမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးသန်းဌေးအောင်က လူကုန်ကူးမှုနှင့်ပတ်သက်သည့် ပြစ်မှုဆိုင်ရာ ဥပဒေများကိုလည်းကောင်း၊ အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု(နေပြည်တော်)မှ ရဲအုပ်ရဲဝင်းလွင်က လူကုန်ကူးမှုဖြစ်ပွားနိုင်သည့် အကြောင်းအရာများ၊ ဖြစ်ပွားပုံအခြေအနေများကိုလည်းကောင်း ဟောပြောဆွေးနွေးခဲ့ပြီး ကျောင်းသားကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြသည်။

ယင်းနောက် တာဝန်ရှိသူများသည် ညနေ ၄ နာရီတွင် ပုဗ္ဗသီရိမြို့နယ် အောင်သာယာရပ်ကွက်သို့ သွားရောက်၍ ရပ်ကွက်နေပြည်သူများအား လူကုန်ကူးမှုကြိုတင်ကာကွယ်ရေးနှင့် တားဆီးနှိမ်နင်းရေးလုပ်ငန်းဆိုင်ရာ အသိပညာပေးခြင်းများနှင့် လက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းများကို ပြုလုပ်ပေးခဲ့ပြီး နေပြည်တော် ဘူတာကြီးနှင့် ပုဗ္ဗသီရိညဈေးတို့သို့ သွားရောက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးအသိပညာပေးပိုစတာများ ကပ်ပေးခြင်း၊ ဈေးသူဈေးသားများအား လက်ကမ်းစာစောင်ဝေငှခြင်းများကို ပြုလုပ်ကြသည်။

**(ရွှေရဲရင့်)**

# စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ညောင်တုန်း ဩဂုတ် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် တူးချောင်းကျေးရွာအုပ်စု ငှက်ထုံးကျေးရွာ၌ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာန၏ အစီအစဉ်ဖြင့် ရွာလယ်ကွင်းများအတွင်း ငါးမျိုးများစိုက်ထည့်ခြင်းကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာရှိ ဦးတင်အုန်း၏ လယ်နှင့်ဆက်စပ်ဧက ၂၀၀ တွင် ပြုလုပ်သည်။

အဆိုပါငါးမျိုးစိုက်ထည့်ပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်း၊ မအူပင်ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးတင်မောင်ဦး၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်ဇော်ဝင်းနှင့် ဝန်ထမ်းများ၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်လွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ဒေသခံလယ်သမားများနှင့် မြန်မာပြာသာကျေးရွာ အမကကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူလေးများက ရွှေဝါငါးကြင်းကောင်ရေ ငါးသောင်းနှင့် ငါးခုံးမကြီးကောင်ရေ ငါးသောင်း စုစုပေါင်း ကောင်ရေတစ်သိန်းကို ဦးတင်အုန်းနှင့် ဆက်စပ်ဧက ၂၀၀ အတွင်းသို့ ငါးမျိုးများစိုက်ထည့်ကြကြောင်း သိရသည်။

**ဝင်းမြင့်ကျော်(ညောင်တုန်း)**

# မိခင်နှင့်ကလေး သေဆုံးမှုနှုန်းလျှော့ချခြင်းသည် အာဟာရဖွံ့ဖြိုးမှုအပေါ်တွင် မူတည်နေ

**မကွေး ဩဂုတ် ၂၁**

မကွေးတိုင်းဒေသကြီးသည် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းစစ်တမ်းများအရ မြန်မာတစ်နိုင်ငံလုံးတွင် မိခင်နှင့်ကလေးသေဆုံးမှုနှုန်း အမြင့်ဆုံးတိုင်းဒေသကြီးဖြစ်ပြီး မိခင်နှင့်ကလေးသေဆုံးမှုနှုန်း လျှော့ချခြင်းသည် အာဟာရဖွံ့ဖြိုးမှုအပေါ်တွင် မူတည်သောကြောင့် အာဟာရပညာပေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်၏ ပြောကြားချက်အရ သိရသည်။

"မိခင်နဲ့ကလေး သေဆုံးရတဲ့အကြောင်းအရင်းတွေမှာ အာဟာရချို့တဲ့မှုနဲ့ ဆက်စပ်ဖြစ်ပွားတဲ့ရောဂါတွေကြောင့် သေဆုံးမှု ၅၃ ရာခိုင်နှုန်း၊ အာဟာရချို့တဲ့မှုကြောင့် သေဆုံးမှု ၃၅ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။ သေဆုံးမှုတွေ လျှော့ချခြင်းဟာ အာဟာရဖွံ့ဖြိုးတိုးတက်မှုအပေါ်မှာမူတည်နေပါတယ်။ အာဟာရချို့တဲ့မှုရောဂါအများစုက ကာကွယ်လို့ရတဲ့ရောဂါတွေဖြစ်ပြီး အာဟာရချို့တဲ့မှုတွေကနေ ကာကွယ်ဖို့ အာဟာရပညာပေးခြင်းနှင့် အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာလည်း နိုင်ငံတော်ရဲ့ ပကတိအခြေအနေကို သိရှိနားလည်ပြီး ခိုင်မာတဲ့၊ တွက်ခြေကိုက်တဲ့နည်းလမ်းများနဲ့ ဆောင်ရွက်ကြဖို့ တိုက်တွန်းလိုပါတယ်"ဟု မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ဆိုသည်။

အာဟာရမြှင့်တင်ရာတွင် မိခင်ကိုယ်ဝန်စတင်ဆောင်သည့်အချိန်မှစ၍ ကလေးအသက်နှစ်နှစ်အထိ ပထမရက်ပေါင်း (၁၀၀၀)သည် အရေးကြီးကာလအပိုင်းအခြားဖြစ်ပြီး ထိုကာလအတွင်း အာဟာရမပြည့်ဝပါက မိခင်နှင့်ကလေးပါ ရောဂါဒဏ်ခံစားရခြင်း၊ အသက်ငါးနှစ်အောက် ကလေးများ ပုညက်ခြင်းကြောင့် ကြီးထွားမှု၊ သင်ယူနိုင်စွမ်းနှင့် အလုပ်လုပ်နိုင်စွမ်း လျော့နည်းခြင်း၊ အသက်ကြီးလာလျှင် အဝလွန်ခြင်း စသည့် ရေရှည်ဆိုးကျိုးများအပြင် ပညာသင်ယူရာတွင် အခက်အခဲရှိခြင်းကြောင့် အသက်ကြီးလာလျှင် ဝင်ငွေရှာဖွေနိုင်စွမ်း လျော့နည်းကာ တစ်နှစ်လျှင် ပျမ်းမျှဝင်ငွေ ၂၂ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း ကျန်းမာရေးစစ်တမ်းများအရ သိရသည်။

"တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန အာဟာရလေ့ကျင့်ကွပ်ကဲရေးအဖွဲ့အနေနဲ့ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မြို့နယ်၊ ကျေးရွာတွေအထိ ကွင်းဆင်းကြီးကြပ်ခြင်း၊ သင်တန်းပေးခြင်းနဲ့ မြို့ကြီးတွေမှာ မွေးကင်းစမှ အသက်(၁၉) နှစ်ထိ အရွယ်တွေကို ကိုယ်အလေးချိန်၊ အရပ်၊ လက်မောင်းလုံးပတ်တိုင်းတာခြင်း၊ အသက်အုပ်စု တစ်စု ၅၀ သတ်မှတ်ပြီး လူဦးရေ ၉၅၀ ကို အာဟာရအခြေအနေဆန်းစစ်လေ့လာခြင်း၊ မိသားစုငါးဦးအတွက် တစ်နေ့တာကုန်ကျစရိတ်၊ အခြေခံစားကုန်နှင့် ဝင်ငွေအချိုးအစား တွက်ချက်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းတစ်ဦးက ပြောသည်။

ဩဂုတ်လအတွင်း ပြုလုပ်လျက်ရှိသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များမှာ ပထမပတ် မိခင်နို့တိုက်ကျွေးရေး၊ ဒုတိယပတ် ငါးနှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး၊ တတိယပတ် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး၊ စတုတ္ထပတ် အိုင်အိုဒင်းချို့တဲ့မှုပပျောက်ရေး ရက်သတ္တပတ်များဖြစ်ကြောင်း၊ ကိုယ်ဝန် သုံးလအထက် အမျိုးသမီးများအား သန်ချဆေးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ ဗီတာမင် ဘီဝမ်းတိုက်ကျွေးခြင်း၊ အသက်နှစ်နှစ်မှ ငါးနှစ်အောက် ကလေးများ၊ မူလတန်းကျောင်းသားအရွယ်များအား ဗီတာမင်အေဆေးနှင့်သန်ချဆေး တိုက်ကျွေးခြင်း လုပ်ငန်းများဆောင်ရွက်နေကြောင်း၊ မွေးစမှ အသက်ခြောက်လထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးရန်နှင့် အရည်အသွေးပြည့်မီသော အိုင်အိုဒင်းဆား စားသုံးရန်၊ အသက်အရွယ်အလိုက် အာဟာရပြည့်ဝမျှတစွာ စားသုံးရန်တို့ကိုလည်း ပညာပေးတိုက်တွန်းခြင်းများ ဆောင်ရွက်နေကြောင်း တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**



# မကွေးဆေးရုံကြီးတွင် ဘီပိုးကာကွယ်ဆေး(အခမဲ့)ထိုးနှံပေးခြင်းနှင့် အသည်းရောင်အသားဝါရောဂါဆိုင်ရာ အသိပညာပေးဟောပြော

**မကွေး ဩဂုတ် ၂၁**

မကွေးဆေးရုံကြီးတွင် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ထိုးနှံပေးခြင်း၊ အသည်းရောင်အသားဝါရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၈ နာရီက ပြုလုပ်သည်။

အသည်းအထူးကု ဆရာဝန်ကြီးများဖြစ်သည့် ပါမောက္ခဒေါက်တာခင်မောင်ဝင်း၊ ပါမောက္ခ ဒေါက်တာဝင်းနိုင်၊ ပါမောက္ခဒေါက်တာဒေါ်ဝင်းဝင်းဆွေနှင့် အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ အေးမင်းစိုးတို့က မကွေးဆေးရုံအတွင်းမှ လူနာများအပြင် မကွေးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ပြည်သူ ၅၀၀ အား အသည်းရောင်အသားဝါဘီပိုး (အခမဲ့) စစ်ဆေးခြင်း၊ အသည်းရောင်အသားဝါဘီပိုးကာကွယ်ဆေး(အခမဲ့) ထိုးနှံပေးခြင်းနှင့် အစာအိမ်မှန်ပြောင်းကြည့်ရှုခြင်းများကိုလည်း အခမဲ့လုပ်ဆောင်ပေးသည်။

ယင်းနောက် အသည်းရောင်အသားဝါရောဂါဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မကွေးပြည်သူ့ဆေးရုံကြီး သင်ကြားရေးခန်းမ၌ ပြုလုပ်ရာ အသည်းအထူးကုဆရာဝန်ကြီး ဒေါက်တာဝင်းနိုင်နှင့် အသည်း၊ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ အေးမင်းစိုးတို့က အသည်းရောဂါများနှင့် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ရောဂါများဖြစ်ပွားစေတတ်သည့် သိကောင်းစရာများကို ဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ တိုင်းဒေသကြီး ဆေးရုံကြီးတွင် တက်ရောက်နေသည့် အသည်းဝေဒနာရှင်နှင့် လူနာရှင်များ၊ အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေးလာရောက်ထိုးနှံသည့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အသည်းရောဂါရှင်များနှင့် အသည်းရောင်အသားဝါ(ဘီ)ပိုး ကာကွယ်ဆေး (အခမဲ့) ထိုးနှံပေးခြင်းများကို မြန်မာနိုင်ငံ ဆရာဝန်များအသင်း အစာအိမ်၊ အူလမ်းကြောင်းနှင့် အသည်းရောဂါဆိုင်ရာ အထူးကုဆရာဝန်များအဖွဲ့နှင့် Liver Care တို့မှ ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ခင်မာလာ(မကွေး)**

# ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးပြုလုပ်



**ကျိုက်ထို ဩဂုတ် ၂၁**

ကျိုက်ထိုမြို့နယ် ပြည်သူ့ဆေးရုံသန့်ရှင်းသာယာလှပရေးအတွက် ဆေးရုံဝင်းအတွင်း ပေါက်ရောက်နေသော ချုံနွယ်သစ်ပင်များကို ဩဂုတ် ၁၉ ရက် နံနက် ၇ နာရီခွဲက စုပေါင်းသန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

စုပေါင်းသန့်ရှင်းရေးပြုလုပ်ရာတွင် အမှတ်(၄၄) ခြေမြန်တပ်မဌာနချုပ် ဒု-တပ်မမှူး ဗိုလ်မှူးကြီးအောင်ခိုင်စိုးနှင့် နယ်မြေခံတပ်ရင်းများမှ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းဦးနှင့် တပ်ဖွဲ့ဝင်များ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ထွေးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာစောကလျာနှင့် ဝန်ထမ်းများက စုပေါင်း၍ သန့်ရှင်းရေးပြုလုပ်ခဲ့ကြသည်။

ခုတ်ထွင်ရှင်းလင်းပြီးသော အမှိုက်များကို ယာဉ်များဖြင့် သတ်မှတ်ထားသောနေရာများသို့ ပို့ဆောင်ပေးပြီး သန့်ရှင်းရေးလာရောက်ပြုလုပ်သော တပ်ရင်းတပ်ဖွဲ့များအား နံနက်စာအဖြစ် ခေါက်ဆွဲကြော်နှင့် အအေးဘူးများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း
(၇၇) ကြိမ်မြောက်
ဗဟိုကောင်စီ အစည်းအဝေး
၂၀၁၆ ခုနှစ်၊ ဩဂုတ်လ (၂၅) ရက်
စုဝေးခန်းမ
မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်

# မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသုံးစွဲမှု ချဲထီ၊ နှစ်လုံးထီနှင့် ဘောလုံးလောင်းကစားများကို မုံရွာခရိုင်အတွင်း ဖမ်းဆီးသွားမည်

**မုံရွာ ဩဂုတ် ၂၁**

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်တစ်ရပ်အနေဖြင့် အဓိကပါဝင်နေသည့်အပြင် တရားမဝင်ချဲထီ၊ နှစ်လုံးထီနှင့် ဘောလုံးလောင်းကစားသူများမှာ အခြေခံလူတန်းစားနှင့် လူလတ်တန်းစားများသာ အများဆုံးလုပ်ကိုင်ကြပြီး အလုပ်အကိုင် အဆင်မပြေမှုနှင့်အတူ ကုန်ဈေးနှုန်းမြင့်၍ အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှုတို့ကြောင့် မျှော်မှန်းသလိုဖြစ်မလာဘဲ အရှုံးနှင့်ရင်ဆိုင်ကြရသဖြင့် ခိုး ဆိုး လု နှိုက်မှုများ များပြားလာသောကြောင့် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာသည်ကို သုံးသပ်တွေ့ရှိရကြောင်း သိရသည်။

"မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသုံးစွဲမှုတွေနဲ့ တရားမဝင်ချဲထီ၊ နှစ်လုံးထီ၊ ဘောလုံးလောင်းကစား ထိုးသားတွေဟာ အခြေခံလူတန်းစားတွေ၊ လူလတ်တန်းစားတွေသာ အများဆုံးလုပ်ကိုင်ကြတာကိုတွေ့ရပြီး အလုပ်အကိုင်အဆင်မပြေတာတွေ၊ ကုန်ဈေးနှုန်းမြင့်တာတွေ၊ အလုပ်အကိုင်အခွင့်အလမ်းရှားပါးတာတွေကြောင့် မျှော်မှန်းသလိုဖြစ်မလာဘဲ အရှုံးနဲ့သာ ရင်ဆိုင်လာကြရတာကို တွေ့ရပါတယ်။ အဲဒီလို ရင်ဆိုင်လာကြရတော့ ခိုး ဆိုး လု နှိုက်မှုတွေများလာတာကြောင့် လုံခြုံရေးနဲ့တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်လာတာကို တွေ့ရပါတယ်။ မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသုံးစွဲမှုကို နယ်မြေပိုင်းခြား သတ်မှတ်ဆောင်ရွက်သွားဖို့ စီစဉ်ထားပါတယ်"ဟု ဒုတိယရဲမှူးကြီး ချင်းစိန်က ပြောသည်။

မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားသုံးစွဲမှု ပပျောက်စေရန် နယ်မြေပိုင်းခြားသတ်မှတ်ဆောင်ရွက်ရာတွင် မုံရွာမြို့နယ်ကို ပထမဦးစားပေး၊ ချောင်းဦးမြို့နယ်ကို ဒုတိယဦးစားပေး၊ ဘုတလင်မြို့နယ်ကို တတိယဦးစားပေးနှင့် အရာတော်မြို့နယ်ကို စတုတ္ထဦးစားပေးအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ မူးယစ်ဆေးဝါး ရောင်းဝယ်ဖောက်ကားသူများနှင့် သုံးစွဲတတ်သူများအား ခရိုင်မှုခင်းနှိမ်နင်းရေးအဖွဲ့၊ မြို့နယ်အလိုက် ရဲစခန်းမှူးနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာမူးယစ်တပ်ဖွဲ့ဝင်များ၊ ရပ်/ကျေးအုပ်ချုပ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ စဉ်ဆက်မပြတ် စောင့်ကြည့်စုံစမ်းထောက်လှမ်း၍ သတင်းရယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ချောင်းဦး- ပခုက္ကူလမ်းရှိ ဆင်ဖြူရှင်တံတား၊ မုံရွာ-ကလေးဝလမ်းရှိ ချင်းတွင်းတံတား၊ မုံရွာဘူတာ၊ မုံရွာဆိပ်ကမ်းအားလုံးနှင့် မုံရွာ-ရွှေဘိုလမ်းရှိ အရာတော်မြို့ဝင်ဂိတ်နှင့် ဘုတလင်မြို့ဝင်ဂိတ်တို့တွင် ဖြတ်တောက်ပိတ်ဆို့၍ ဖြတ်သန်းသွားလာသည့် မသင်္ကာယာဉ်များ၊ ဆိုင်ကယ်များကို စစ်ဆေးရှာဖွေမည့်အပြင် တစ်မြို့နယ်လျှင် ဖမ်းဆီးအဖွဲ့ သုံးဖွဲ့ ဖွဲ့စည်းပြီး မူးယစ်တပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်းကာ ဖမ်းဆီးအရေးယူခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

"စုဆောင်းရရှိတဲ့သတင်းတွေအပေါ် ပစ်မှတ်ရွေးချယ်အတည်ပြုပြီး ပစ်မှတ်လှုပ်ရှားမှုတွေကို ကြိုတင်စောင့်ကြည့်သွားမှာဖြစ်ပါတယ်။ လုံခြုံမှုကို ကြိုတင်ပြင်ဆင်ပြီး ပစ်မှတ်ကို အလစ်အငိုက်မှာ စီးနင်းဆောင်ရွက်မယ့်အပြင် ပစ်မှတ်လွဲချော်တာမရှိစေဖို့အတွက် ထွက်ပေါက်တွေကို ကြိုတင်မျှော်မှန်းပြီး ပိတ်ဆို့တာတွေကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပစ်မှတ်နေရာမှာ လုပ်ထုံးလုပ်နည်းနဲ့အညီ ရှာဖွေတာ၊ သိမ်းဆည်းတာတွေကို ဆောင်ရွက်မယ့်အပြင် ပစ်မှတ်နဲ့ လုံခြုံရေးအပေါ်မူတည်ပြီး အင်အားအလုံးအရင်းနဲ့ စစ်ဆင်ရေးတစ်ရပ်လို ဆောင်ရွက်သွားဖို့စီစဉ်ထားပါတယ်"ဟု ဒု-ရဲမှူးကြီး ချင်းစိန်က ပြောသည်။

ထို့အပြင် တရားမဝင်ချဲထီ၊ နှစ်လုံးထီ၊ ဘောလုံးလောင်းကစားမှုများ ပပျောက်ရန်အတွက် ရဲစခန်း၊ ရဲကင်းနယ်မြေအလိုက် လောင်းကစားပြုတတ်သူများစာရင်းကို ပြုစုခြင်းအပြင် လောင်းကစားမှုဖြင့် ထောင်ကျလွတ်လာသူများအား မှတ်တမ်းပြုစုမည်ဖြစ်ကာ လောင်းကစားအမျိုးအစားအလိုက် ဒိုင်၊ လက်ခွဲဒိုင်၊ ဒိုင်ချုပ်၊ လောင်းကစားသူစသည်ဖြင့် ခွဲခြားမှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၂- ၈ -၂၀၁၆ (တနင်္လာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

ညနေ
၆း၀၀ -အဖွင့်
-မိုးလေဝသအစီအစဉ်
-တေးဂီတအစီအစဉ်
၆း၂၀ -သက်ငြိမ်ပန်းချီ (သစ်သီး)
၆း၃၀ -ကာတွန်းအစီအစဉ်
"Open Season 2" (အပိုင်း-၁)
၇း၀၅ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ရွှေရောင်လွှမ်းတဲ့ နေ့သစ်ဆီ" (အပိုင်း-၆၇)
၇း၅၀ -နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ
"ကိုယ့်ဘဝ ကိုယ့်အိပ်မက်" (အပိုင်း-၂၇)
၈း၂၅ -MRTV Entertainment Music
၈း၄၀ -မြိတ်-ကော့သောင်းခရီးစဉ် (အပိုင်း-၁)
၉း၁၀ -နိုင်ငံတကာရုပ်ရှင်ဇာတ်ဝင်တေးများ
၉း၂၀ -ပြည်သူ့နီတိ "ပွဲညွန့်"
၉း၄၅ -ချင်းရိုးရာဝတ်စားဆင်ယင်မှု
၁၀း၁၅ -ဆန်းသစ်လှပ မြန်မာအက
၁၀း၃၀ -မြန်မာဗီဒီယိုဇာတ်လမ်း "အဖြူအမည်း"
၁၂း၀၀ -အစီအစဉ်ပြီး၏။

**တစ်နေ့ ၆ နာရီစာ ၄ ကြိမ်ပြသပါသည်။**

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့ စကားသံများ
၈း၃၅ ၂၀၁၆ ခုနှစ်၊ (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၊ ပြိုင်ပွဲဝင်များ လေ့လာနိုင်ရန်(အဆိုဘာသာရပ်) (မဟာဂီတ)(အခြေခံပညာ (၁၀-၁၅) အဆင့်) (အမျိုးသား၊ အမျိုးသမီး)
၈း၄၀ မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၉း၃၅ "အနာဂတ်နေ့ရက်များ"
၁၀း၃၅ စိုက်ပျိုးရေးရာအဖြေရှာ "စိုက်ပျိုးရေးတွင် မြေဆီလွှာ၏ အရေးပါမှု"
၁၁း၁၅ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၁၁း၃၅ မြန်မာ့ရုပ်မြင်သံကြားလူငယ်အစီအစဉ်
၁၂း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၆၁)
၁း၃၀ တစ်ခါက အနုပညာမှတ်တမ်းများ "မျှော်လင့်ခုတိုင်ပြဇာတ်"
၂း၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ "နောက်နှောင်းဆီက ကောက်ကြောင်းဂီတ (အပိုင်း-၁၆၇)
၃း၃၅ Tasty Trip (ပုပ္ပါးတောင်ခရီးစဉ်(အပိုင်း-၁)
၄း၁၀ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ်(အင်္ဂလိပ်စာ အထူးပြု)(အင်္ဂလိပ်စာ)
၄း၃၅ လူမှုစီးပွားမြင်ကွင်းများ
၅း၃၅ Yes of No Talk Show
၆း၃၅ ဥပဒေရေးရာအဖြာဖြာ "လူဆိုးဆိုချိုနဲ့လား" (ဦးစံပေါ၊ နေသစ်ခန့်၊ ရဲရင့်သွေး၊ စွမ်းမင်းအောင်၊ ဝေဖြိုးဟိန်း၊ အိခိုင်စိုး၊မေဆွတ်ပန်) (ဒါရိုက်တာ-ဝေဠု(ဝဿန်))
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မင်္ဂလာပါဂင်ချီ" (အပိုင်း-၈၄)
၈း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၉း၀၀ ပြည်တွင်းသတင်း
-မျက်မှောက်ရေးရာသုံးသပ်စရာ
-နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ"(အပိုင်း-၆၂)
-နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်တဲ့လား" (အပိုင်း-၃၇)
-"နေမဝင်အလှများ" (အဆိုတော် မာမာအေးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၅)

### MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ ရတနသုတ်
၅း၄၀ "တရားကိုဘယ်လိုကျင့်ရမလဲ" တရားတော်[ဆရာတော် အရှင်ဂန္ဓမာလာလင်္ကာရ (ရွှေစင်တိပိဋကဆရာတော်)]
၈း၀၀ "မင်္ဂလာပါ" The Morning Show
၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၈၅)
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ သွားမယ်စားမယ် (PARKROYAL Hotel အတွင်းရှိ Spice Restaurant)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၃း၄၀ ရန်ကုန်မြင်ကွင်းကျယ် (OPPO F1s Myanmr Launch Event 2016)
၃း၅၅ Cartoon Series
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၄၁)
၇း၁၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၃၂)
၈း၁၀ Drive It
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၈၆)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိ မိန်းမလှလေး" (အပိုင်း-၁၅)
၁၀း၁၀ MRTV-4 Stage
၁၀း၃၅ World Of Knowledge (Britain Underworld : Glasgow)

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၆ မေတ္တာပို့
၇း၂၀ ဓမ္မပူဇာတေး
၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
၈း၁၀ အမျိုးသားရေးတေးကဗျာ
၈း၁၅ ရှေးဟောင်းသုတ
၈း၂၀ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၉း၁၀ နှစ်(၇၀)ကျော်ကြားတေးများ
၉း၂၀ ကျန်းမာသုတ
၉း၄၅ ရင်ခုန်စီးဆင်းအချစ်သီချင်း
၁၀း၀၀ Casual Talk
၁၀း၁၅ အစွန်းလွတ်ရာဆီသို့
၁၀း၂၅ မေးမြန်းစူးစမ်း
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ မြန်မာ့ရှုခင်း
၁၁း၂၅ ပျိုပျိုမေ
၁၁း၃၅ Cooking Art
၁၁း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂း၀၀ အောင်မြင်ကျော်ကြား ခေတ်ပြားရတေးများ
၁၂း၁၅ မြန်မာသံစဉ်ချိုနားဝင်
၁၂း၃၀ လူတိုင်းကျန်းမာသိမှတ်စရာ
၁၂း၄၅ Guide For You
၄း၂၀ စိုက်ပျိုးသုတ
၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၄၅ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၁၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မင်းသမီးနဲ့ ကျွန်တော် (အပိုင်း-၄၈)
၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
-မြစ်တစ်စင်းရဲ့အလင်္ကာ (အပိုင်း-၄၀)
-ဘောလုံးကန်ကြမယ်
-ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်
-ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ (အပိုင်း-၁၅)

# ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်တွင် တူရကီရုပ်ရှင်ဇာတ်ကား ဗူဘာကာ အကောင်းဆုံးဇာတ်ကားဆုရရှိ

ဥရောပအရှေ့တောင်ပိုင်း၏ အထင်ကရရုပ်ရှင်ပွဲတော်တစ်ခုဖြစ်သည့် ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်ကို ယခုနှစ်တွင် (၂၂)ကြိမ်မြောက်အဖြစ် ဩဂုတ် ၁၂ ရက်က စတင်ကျင်းပခဲ့ရာ တူရကီရုပ်ရှင်ဇာတ်ကား Album က အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆု ရရှိခဲ့သည်။

အဆိုပါရုပ်ရှင်ပွဲတော်၏ Special Jury Prize နှင့် Heart of Sarajevo for best actress ဆုကို မင်းသမီး Irena Ivanova က Godless ဇာတ်ကားဖြင့် လည်းကောင်း၊ Heart of Sarajevo for best actor ဆုကို မင်းသား Gheorghe Visu က Dogs ဇာတ်ကားဖြင့်လည်းကောင်းအသီးသီးရရှိခဲ့ကြသည်။

ထို့အပြင် ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်၏ အကောင်းဆုံးဇာတ်လမ်းတိုဆုကို ဆာဘီးယားနိုင်ငံမှ ပါဝင်ယှဉ်ပြိုင်သည့် Transition ဇာတ်ကားက လည်းကောင်း၊ အကောင်းဆုံးမှတ်တမ်းရုပ်ရှင်ဇာတ်ကားဆုကို ရိုမေးနီးယားမှ ပါဝင်ယှဉ်ပြိုင်သည့် A Mere Breath ဇာတ်ကားကလည်းကောင်း အသီးသီးရရှိခဲ့ကြသည်။

ဘော့စနီးယားဟာဇီဂိုဗီးနားနိုင်ငံ ဆာရာဂျေးဗိုးမြို့တော်တွင် ကျင်းပခဲ့သည့် အဆိုပါရုပ်ရှင်ပွဲတော်ကို ယမန်နေ့ ညပိုင်းက အဆုံးသတ်ခဲ့ပြီး ဆုချီးမြှင့်ပွဲအခမ်းအနားကိုလည်း National Theater တွင် ကျင်းပခဲ့ကြောင်း သိရသည်။ (၂၂)ကြိမ်မြောက် ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော်တွင် နိုင်ငံပေါင်း ၆၁ နိုင်ငံမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၂၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းရုပ်ရှင်ပွဲတော်ကို ၁၉၉၅ ခုနှစ်ကစတင်ကျင်းပခဲ့ပြီး နှစ်စဉ် ပရိသတ်ပေါင်း ထောင်ပေါင်းများစွာ တက်ရောက်အားပေးကြသည့် ရုပ်ရှင်ပွဲတော်တစ်ခုလည်းဖြစ်သည်။



(၂၂)ကြိမ်မြောက် ဆာရာဂျေးဗိုးရုပ်ရှင်ပွဲတော် ပိတ်ပွဲအခမ်းအနားမြင်ကွင်း။

## BIG BANG ၏ (၁၀)နှစ်ပြည့်နှစ်ပတ်လည်ပွဲတွင် ကေပေါ့ပ်အဖွဲ့များစွာ ပါဝင်ဖျော်ဖြေမည်



တောင်ကိုရီးယားနိုင်ငံ၏ နာမည်ကြီးအေဂျင်စီတစ်ခုဖြစ်သည့် ဝိုင်ဂျီမှ မွေးဖွားပေးခဲ့ပြီး အာရှတွင်သာမက အနောက်နိုင်ငံများအထိပါ ထိုးဖောက်နေရာယူနိုင်ခဲ့သည့် BIGBANG ကေပေ့ါပ်အဖွဲ့၏ မကြာမီကျင်းပမည့် (၁၀)နှစ်ပြည့်နှစ်ပတ်လည်အခမ်းအနားတွင် အခြားသော ကေပေ့ါပ်အဖွဲ့များစွာကလည်း ပါဝင်ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

၂၀၀၆ ခုနှစ်တွင် ဂီတလမ်းကြောင်းပေါ်သို့ စတင်လျှောက်လှမ်းလာခဲ့ပြီး မကြာမီ ဂီတသက်တမ်းဆယ်စုနှစ်တစ်ခု ပြည့်တော့မည်ဖြစ်သည့် BIG BANG အဖွဲ့အနေဖြင့် အဆိုပါနှစ်ပတ်လည်ဂီတပွဲတော်ကို BIGBANG 0TO10 ဟု အမည်ပေးထားပြီး Seoul World Cup Stadium တွင် ပရိသတ်ပေါင်း ခြောက်သောင်းခွဲခန့် တက်ရောက်နိုင်ရန် စီစဉ်ထားကြောင်းနှင့် အဆိုပါဂီတပွဲတော်သို့ ဧည့်သည်အဆိုတော်အဖြစ် Psy ကလည်း ပါဝင်သီဆိုဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးစန္ဒာမောင် – စုစည်းသည်**

## မကြာမီရုံတင်ပြသမည့် SUICIDE SQUAD ရုပ်ရှင်ဇာတ်ကား အခမဲ့ကြည့်ရှုခွင့်အတွက် ရုပ်ရှင်ပဟေဠိဖြေဆိုရအောင်

ကြည့်ရှုသူပရိသတ်တွေ အထူးနှစ်သက်တဲ့အတွက် ကမ္ဘာ့ဝင်ငွေအကောင်းဆုံး စံချိန်တင်ဇာတ်ကားဖြစ်တဲ့ SUICIDE SQUAD ဇာတ်ကားဟာ မကြာမီ ရန်ကုန်မြို့ရှိ မြရတနာ၊ ရွှေဗဟို၊ ကန်သာယာရုပ်ရှင်ရုံနှင့် မန္တလေးမြို့ရှိ မြို့ဂုဏ်ရောင်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသတော့မှာဖြစ်တဲ့အတွက် ရုပ်ရှင်ချစ်ပရိသတ်တွေ အခမဲ့ကြည့်ရှုနိုင်မယ့် ရုပ်ရှင်ပဟေဠိ အစီအစဉ်လေးကို ပြောပြပေးလိုက်ပါတယ်နော်။

အခုလို အခမဲ့ကြည့်ရှုခွင့်ရမယ့် ထူးခြားတဲ့ ဒီအစီအစဉ်လေးမှာ ပါဝင်လိုတဲ့ ပရိသတ်တွေအနေနဲ့ SUICIDE SQUAD ရုပ်ရှင်ဇာတ်ကားနမူနာကို www.facebook.com/megaacecineplex မှာ ဝင်ရောက်ကြည့်ရှုပြီး မေးခွန်းတွေကို ဖြေဆိုရမှာဖြစ်ပါတယ်။

ဖြေဆိုရမယ့် ကာလကတော့ ဩဂုတ် ၂၅ ရက် နောက်ဆုံးထားဖြေဆိုရမှာဖြစ်ပါတယ်။ စိတ်ပါဝင်စားလို့ ဖြေဆိုခဲ့မယ်ဆိုရင် မှန်ကန်စွာဖြေဆိုနိုင်သူတွေထဲမှ ကံထူးသူ ၂၀ ကို မဲနှိုက်ရွေးချယ်သွားမှာ ဖြစ်ပါတယ်။

မေးခွန်းနံပါတ်(၁)က SUICIDE SQUAD ရုပ်ရှင်ဇာတ်လမ်းမှာ ပါဝင်ထားတဲ့ အဓိကသရုပ်ဆောင်ငါးဦးရဲ့အမည်။

နံပါတ်(၂)က Mega Ace Cineplex မှာ ရုပ်ရှင်ကြည့်ရတဲ့ ခံစားမှု ကြိုက်နှစ်သက်တယ်ဆိုရင်လည်း နှစ်သက်ရတဲ့ အကြောင်းအရင်းတို့ကို စာလုံးရေ ၂၀ ထက်မပိုဘဲ ရေးသားဖြေဆိုပြီး www.facebook.com/megaacecineplex စာမျက်နှာရှိ Chat Box မှတစ်ဆင့် မိမိတို့ရဲ့ အမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်နဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တို့ကို အပြည့်အစုံရေးသားပေးပို့ရမှာဖြစ်ပါတယ်။

ရွေးချယ်ခံရသူတွေစာရင်းကိုလည်း Mega Ace ရုပ်ရှင်ရုံတွေရဲ့ facebook စာမျက်နှာတွေမှာ ဖော်ပြပေးသွားမှာဖြစ်တဲ့အပြင် မိမိတို့ပေးထားတဲ့ ဆက်သွယ်ရမယ့် ဖုန်းနံပါတ်တွေကို ဆက်သွယ်ခေါ်ဆို၍လည်း အကြောင်းကြားပေးသွားမှာဖြစ်ပါတယ်။

အကယ်၍ ကံထူးခဲ့မယ်ဆိုရင်တော့ ရုပ်ရှင်အခမဲ့ ကြည့်ခွင့်လက်မှတ်တို့ကို မိမိတို့ရဲ့မှတ်ပုံတင်ကတ်ပြားကို ပြ၍ Mega Ace ရုပ်ရှင်ရုံတွေဖြစ်တဲ့ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ မြရတနာရုပ်ရှင်ရုံ၊ မြောက်ဥက္ကလာကန်သာယာရုပ်ရှင်ရုံ၊ တာမွေမြို့နယ်ရှိ ရွှေဗဟိုရုပ်ရှင်ရုံနှင့် မန္တလေးမြို့ရှိ မြို့ဂုဏ်ရောင် ရုပ်ရှင်ရုံတို့မှာ လက်မှတ်တွေ ထုတ်ယူနိုင်ပါတယ်ဆိုတဲ့အကြောင်း သတင်းကောင်းပါးလိုက်ရပါတယ်။

**သီသီမင်း**



# ၂၀၁၆ ရီယိုအိုလံပစ်သတင်းများ

## နေမာသူရဲကောင်းဖြစ်ခဲ့ခြင်းနဲ့အတူ အမျိုးသားဘောလုံးပြိုင်ပွဲတွင် ဘရာဇီးအသင်း အိုလံပစ်ရွှေတံဆိပ်ဆုကို ပထမဦးဆုံးအကြိမ်ဆွတ်ခူး



ဩဂုတ်၂၀ ရက်မနက်အစောပိုင်း ရီယိုဒီဂျနေးဒိုးမြို့ မာရာကားနားကွင်းမှာ ယှဉ်ပြိုင်ခဲ့တဲ့ ဘရာဇီးအသင်းနဲ့ ဂျာမနီအသင်းတို့ရဲ့ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်မှာ အိမ်ရှင်ဘရာဇီးအသင်းက ဂျာမနီအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့ အနိုင်ယူပြီး ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့ပါတယ်။ ဒီရွှေတံဆိပ်ဆုက ဘရာဇီးအသင်းအတွက် ပထမဦးဆုံးအကြိမ်ရရှိတဲ့ အိုလံပစ် ရွှေတံဆိပ်ဆုဖြစ်ပြီး နှစ်ပေါင်းများစွာ ကြာအောင် စောင့်ဆိုင်းခဲ့ရပြီး နောက်မှ အကောင်အထည်ပေါ်လာခဲ့တဲ့ ကိစ္စရပ်လည်း ဖြစ်လာခဲ့ပါတယ်။

ပထမပိုင်းမှာ ဘရာဇီးအသင်း ခေါင်းဆောင်နေမာက အိမ်ရှင်အသင်းအတွက် ၂၅ ကိုက်အကွာအလွတ် တည်ကန်ဘောမှတစ်ဆင့် ဦးဆောင်ဂိုး သွင်းယူခဲ့ပါတယ်။ အဲဒီနောက် ဂျာမနီအသင်း တောက်လျှောက် တိုက်စစ်မြှင့်ပြီး ကစားခဲ့သလို ဂျူလီယန်ဘရန့်ထ်ရဲ့ ၂၅ကိုက်အကွာမှ ကန်သွင်းချက်၊ ဘန်ဒါရဲ့ ခေါင်းတိုက်ချက်တွေက ဂိုးတိုင်ထိပြီး ထွက်ခဲ့လို့သာ ဘရာဇီးအသင်း စောစောစီးစီး ချေပဂိုး ပြန်မပေးခဲ့ရတာဖြစ်ပါတယ်။

ဒါပေမယ့် ဒုတိယပိုင်းမှာတော့ ရှော့ကေးလ်ကစားသမား မက်စ်မေရာက ချေပဂိုးပြန်သွင်းပြီး ဂျာမနီတို့ရဲ့ အိပ်မက်ကို ဆက်လက်ရှင်သန်စေခဲ့ပါတယ်။ အဲဒီနောက် ပွဲချိန် မိနစ် ၉၀ ပြည့်တဲ့အထိ တစ်ဂိုးစီ သရေကျနေတာကြောင့် အချိန်ပို မိနစ် ၃၀ ဆက်လက် ကစားခဲ့ရာမှာလည်း နှစ်ဖက်စလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့လို့ ပင်နယ်တီ အဆုံးအဖြတ်ခံယူရာမှာ ဘရာဇီးအသင်းက ငါးဂိုး၊ ဂျာမနီအသင်းက လေးဂိုးသာဝင်ခဲ့လို့ ဘရာဇီးအသင်းအနေနဲ့ အိုလံပစ်ရွှေတံဆိပ်ဆုကို ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပါတယ်။ ဂျာမနီမှ မင်န်စကော့ဖ်ရဲ့ ပင်နယ်တီကန်ချက်ကို ဘရာဇီးဂိုးသမားဝီဗာတန် ကာကွယ်နိုင်ခဲ့ပြီး နေမာက နောက်ဆုံးအဆုံးအဖြတ် ပင်နယ်တီကို ကန်သွင်းရာမှာ အမှားအယွင်းမရှိခဲ့တာကြောင့် ဒီပွဲရဲ့ သူရဲကောင်းဖြစ်ခဲ့သလို ဘရာဇီးအသင်းအတွက် ပထမဦးဆုံးအကြိမ် ရွှေတံဆိပ်ဆုကိုလည်း ရယူပေးနိုင်ခဲ့ပါတယ်။

တတိယနေရာ လုပွဲမှာတော့ နိုင်ဂျီးရီးယားအသင်းက ဟွန်းဒူးရပ်စ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ယူပြီး တတိယကြေးတံဆိပ်ဆုကို ရယူပေးနိုင်ခဲ့ပါတယ်။ ယခုကဲ့သို့ ကြေးတံဆိပ် ဆွတ်ခူးခဲ့ခြင်းက ရီယိုအိုလံပစ်ပြိုင်ပွဲမှာ နိုင်ဂျီးရီးယားအတွက် ပထမဦးဆုံး ဆွတ်ခူးတဲ့ ဆုတံဆိပ်လည်း ဖြစ်လာခဲ့ပါတယ်။

**မေလွဲသင်း**

## ၂၀၁၆ ရီယိုအိုလံပစ်ပြိုင်ပွဲ ထိပ်ဆုံးနိုင်ငံ ၂၀ ၏ ဆုရရှိမှုအခြေအနေ

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | အမေရိကန် | ၄၃ | ၃၇ | ၃၈ | ၁၁၈ |
| ၂ | ဗြိတိန်နှင့်မြောက်အိုင်ယာလန် | ၂၇ | ၂၂ | ၁၇ | ၆၆ |
| ၃ | တရုတ် | ၂၆ | ၁၈ | ၂၆ | ၇၀ |
| ၄ | ရုရှား | ၁၈ | ၁၇ | ၁၉ | ၅၄ |
| ၅ | ဂျာမနီ | ၁၇ | ၁၀ | ၁၅ | ၄၂ |
| ၆ | ဂျပန် | ၁၂ | ၈ | ၂၁ | ၄၁ |
| ၇ | ပြင်သစ် | ၉ | ၁၇ | ၁၄ | ၄၀ |
| ၈ | တောင်ကိုရီးယား | ၉ | ၃ | ၉ | ၂၁ |
| ၉ | ဩစတြေးလျ | ၈ | ၁၁ | ၁၀ | ၂၉ |
| ၁၀ | အီတလီ | ၈ | ၁၂ | ၈ | ၂၈ |
| ၁၁ | နယ်သာလန် | ၈ | ၆ | ၄ | ၁၈ |
| ၁၂ | ဟန်ဂေရီ | ၈ | ၃ | ၄ | ၁၅ |
| ၁၃ | စပိန် | ၇ | ၄ | ၅ | ၁၆ |
| ၁၄ | ဘရာဇီး | ၆ | ၆ | ၆ | ၁၈ |
| ၁၅ | ကင်ညာ | ၆ | ၆ | ၁ | ၁၃ |
| ၁၆ | ဂျမေကာ | ၆ | ၃ | ၂ | ၁၁ |
| ၁၇ | ခရိုအေးရှား | ၅ | ၃ | ၂ | ၁၀ |
| ၁၈ | ကျူးဘား | ၅ | ၂ | ၄ | ၁၁ |
| ၁၉ | နယူးဇီလန် | ၄ | ၉ | ၅ | ၁၈ |
| ၂၀ | ကနေဒါ | ၄ | ၃ | ၁၅ | ၂၂ |

**မှတ်ချက် -**

**၂၁-၈-၂၀၁၆ရက် မြန်မာစံတော်ချိန် ည - ၁၁ နာရီ ရလဒ်များဖြစ်ပါသည်။**

**ဇော်ဝင်း**

## ကမ္ဘာ့ဂုဏ်သိက္ခာအကြီးဆုံး အိုလံပစ်ပြိုင်ပွဲကြီးပြီးဆုံးဖို့ နီးကပ်လာခြင်းနဲ့အတူ

ဒီနေ့ဩဂုတ်၂၁ရက်မှာ ဘရာဇီးအသင်းခေါင်းဆောင်နေမာက သူ့အနေနဲ့ အသင်းခေါင်းဆောင် လက်ပတ်ကို မကြာမီအချိန်အတွင်း အခြားဆက်ခံသူတစ်ယောက်ကို လွှဲအပ်မယ်လို့ဆိုခဲ့ခြင်းနဲ့အတူ အခြားထူးခြားမှုအချို့ကို တင်ဆက်ပေးမှာဖြစ်ပါတယ်။

ဒီနေ့အတွက် အထူးခြားဆုံးဖြစ်စဉ်လို့ ယူဆရတာကတော့ ဘရာဇီးအမျိုးသားဘောလုံးအသင်း အိုလံပစ်ရွှေတံဆိပ်ဆုကို ပထမဦးဆုံးအကြိမ် ဆွတ်ခူးနိုင်ခဲ့သလို ဒီပွဲမှာ သူရဲကောင်းဖြစ်ခဲ့တဲ့ နေမာက သူ့ရဲ့အသင်းခေါင်းဆောင်လက်ပတ်ကို အခြားဆက်ခံသူတစ်ဦးကို လွှဲအပ်မယ်လို့ဆိုခဲ့တဲ့ ကိစ္စရပ်ပါ။ နေမာက အဆုံးအဖြတ်ပင်နယ်တီကို ဂိုးအဖြစ်ပြောင်းလဲနိုင်ခဲ့ပြီး နောက်မှာ ပီတိမျက်ရည်တွေနဲ့ အောင်ပွဲခံနေတဲ့ပုံရိပ်က ဘရာဇီးပရိသတ်တွေအတွက်တော့ တကယ့်ကိုကြီးကျယ်ခမ်းနားနေမှာဖြစ်ပါတယ်။

နေမာကတော့ သူဟာ ဘရာဇီးအသင်းခေါင်းဆောင်လက်ပတ်ကို အခြားဆက်ခံသူတစ်ယောက်ကို လွှဲပြောင်းပေးဖို့ ဆန္ဒရှိနေပြီး အိုလံပစ်ပြိုင်ပွဲဝင် ဘရာဇီးအသင်းနည်းပြတိုက်တေရဲ့ စိတ်ကြိုက်ကစားသမားတစ်ဦးရွေးချယ်မှုကို မကြာမီအချိန်အတွင်း မြင်တွေ့ရဖို့ရှိနေပါတယ်။

နေမာက “ဒီနေ့ချန်ပီယံဖြစ်ခဲ့ပြီးနောက်မှာတော့ ကျွန်တော့်ရဲ့ အသင်းခေါင်းဆောင်လက်ပတ်ကို အခြားသူတစ်ဦးကို လွှဲအပ်ပေးတော့မှာပါ။ တိုက်တေက အခြားသူတစ်ဦးကို ရွေးချယ်ပါလိမ့်မယ်” လို့ ဆိုခဲ့တာဖြစ်ပါတယ်။ နည်းပြဒွန်ဂါက ၂၀၁၄ ခုနှစ် စက်တင်ဘာလမှာ နေမာကို ဘရာဇီးအသင်း ခေါင်းဆောင်အဖြစ် ခန့်အပ်ခဲ့တာဖြစ်ပြီး ၂၀၁၆ ကိုပါအမေရိကဖလားပြိုင်ပွဲမှာတော့ ဘရာဇီးအသင်းအတွက် နေမာဝင်ရောက်ကစားခဲ့ခြင်း မရှိပါဘူး။ အဲဒီနောက် ၂၀၁၆ ရီယိုအိုလံပစ်မှာတော့ ဘရာဇီးအသင်းခေါင်းဆောင်အဖြစ် နေမာတာဝန်ယူခဲ့ပြီး ဘရာဇီးနိုင်ငံသားတွေ အလိုရှိဆုံး အိုလံပစ်ရွှေတံဆိပ်ဆုကို ရယူနိုင်ခဲ့ပါတယ်။ နေမာအနေနဲ့ အိုလံပစ်အသင်းခေါင်းဆောင်လက်ပတ်ကိုသာ အခြားသူကို လွှဲပြောင်းပေးဖို့ရှိနေပြီး အိုလံပစ်ပြိုင်ပွဲဝင်အသင်းတွေက လက်ရွေးစင်အသင်း မဟုတ်တာကို ပရိသတ်တွေအနေနဲ့ သဘောပေါက်ရမှာ ဖြစ်ပါတယ်။

အမေရိကန်အသင်းရဲ့ ရီယိုအိုလံပစ် ရွှေတံဆိပ်ဆု ရရှိမှုအခြေအနေဟာ ဒုတိယနေရာနဲ့ တတိယနေရာမှာ ရှိနေတဲ့ ဂရိတ်ဗြိတိန်နဲ့ တရုတ်အသင်းတို့ထက် သိသိသာသာ သာလွန်နေပြီး နှစ်ဆနီးပါးခန့်ရှိတာကြောင့် အိုလံပစ်ပြိုင်ပွဲမတိုင်မီ ခန့်မှန်းချက် ထုတ်ပေးခဲ့တဲ့ ဂိုးမင်းန်းဆားစ်ရဲ့ ပြောကြားချက်က လက်တွေ့နဲ့ အနီးစပ်ဆုံးတူညီတာကို တွေ့ကြရမှာဖြစ်ပါတယ်။ သူက ပြီးခဲ့တဲ့ ဩဂုတ် ၂ ရက်မှာ အိုလံပစ်ပြိုင်ပွဲရဲ့ ရွှေတံဆိပ်ရရှိမှု အနေအထားက နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးအခြေအနေနဲ့ တိုက်ရိုက်အချိုးကျတတ်တာကြောင့် ရီယိုအိုလံပစ်ရဲ့ နိုင်ငံအလိုက်ရပ်တည်မှုအဆင့်မှာ အမေရိကန်ပြည်ထောင်စုက ဆက်လက်ဦးဆောင်ဦးမှာဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဒုတိယနေရာကို ဆုပ်ကိုင်နိုင်လိမ့်မယ်လို့ ဟောကိန်းထုတ်ခဲ့တာဖြစ်ပါတယ်။



## ဩဂုတ် ၂၀/၂၁ ရက် အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ်-၂**

| | | | |
|---|---|---|---|
| လက်စတာ | ၀ - ၁ | အာဆင်နယ် | |
| ဆန်းဒါးလန်း | ၁ - ၂ | မစ်ဒယ်ဘရော့ | |
| ဝက်စ်ဟမ်း | ၁ - ၀ | ဘုန်းမောက် | |

**စီးရီးအေ ပွဲစဉ်-၁**

| | | |
|---|---|---|
| ရိုးမား | ၄ - ၀ | အူဒီးနီးစ် |
| ဂျူဗင်တပ် | ၂ - ၁ | ဖီအိုရင်တီးနား |

**လာလီဂါ ပွဲစဉ်-၁**

| | | |
|---|---|---|
| ဘာစီလိုနာ | ၆ - ၂ | ဘက်တစ် |
| ဂရန်နာဒါ | ၁ - ၁ | ဗီလာရီးယဲလ် |
| ဆီဗီလာ | ၆ - ၄ | အက်စ်ပန်ညို |

**ပြင်သစ်လီဂူး ပွဲစဉ်-၂**

| | | |
|---|---|---|
| လောရီးယန့် | ၀ - ၃ | ဘက်စတီယာ |
| လိုင်လီ | ၁ - ၀ | ဒီဂျွန် |
| တူးလော့စ် | ၄ - ၁ | ဘော်ဒိုး |
| အန်းဂါးစ် | ၀ - ၁ | နိုက် |
| ရင်းနစ် | ၂ - ၀ | နန့်စီ |
| ဂူအင်ဂမ့် | ၂ - ၁ | မာဆေး |
| စိန့်ဘီတီယန်နီ | ၃ - ၁ | မောင့်ပယ်လီယာ |

**မောင်မောင်ဇော်**

# ဒေသခံတောင်သူများ လူနေမှုဘဝမြင့်မားပြီး ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေမည့် ရွာဝေအင်းပြုပြင်နေ

**မြစ်သား ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ရွာဝေကျေးရွာအနီး ရွာဝေအင်း (ခ) အင်းကန်ကြီးကို နိုင်ငံတော်က ပြန်လည်ပြုပြင်ပေးနေကြောင်း သိရသည်။

ရွာဝေကျေးရွာသည် ဝမ်းတွင်းမြို့နယ်၏ အနောက်မြောက်ဘက် ၁၅ မိုင်ခန့်အကွာတွင် တည်ရှိ၍ အိမ်ခြေ ၄၈၀၊ လူဦးရေ ၁၆၀၀ ကျော်နေထိုင်ကာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီးအင်းကန်ကြီးသည် ရွာဝေကျေးရွာအနောက်ဘက် ရေလည်ကွေ့ကျေးရွာနှင့် ကန်ပေါက်ကြီးကျေးရွာတို့အား သွားရောက်သည့် လမ်းဘေး၊ အနော်ရထာမင်းတည်ထားကိုးကွယ်ခဲ့သော ရွှေမော်ဓောဘုရားခြေရင်းတွင် တည်ရှိသည်။

အင်းကန်ကြီးသည် မင်းအနော်ရထာလက်ထက်က တူးဖော်ခဲ့သောကန်ဖြစ်ကြောင်း ရှေးလူကြီးများ၏ ပြောကြားမှုအရ သိရသည်။ ကန်သည်အလျားပေ ၁၅၈၀၀၊ အနံပေ ၅၀၀၀ ရှိ၍ ကန်ကိုထိန်းသိမ်းပြုပြင်နိုင်ခြင်းမရှိသည်မှာ ကြာမြင့်ပြီဖြစ်သည့်အတွက် ကန်ပေါင်ပျက်စီး၍ နုန်းများမြင့်တက်လာကာ ရေသိုလှောင်မှုပမာဏနည်းလာသည့်အတွက် ယခင် ၂၀၁၅-၂၀၁၆ ခုနှစ်က မိုးစပါးဧက ၁၅၀ ဧကခန့်သာ ရေပေးဝေစိုက်ပျိုးနိုင်သည့်အပြင် နွေရာသီတွင် လူနှင့်တိရစ္ဆာန် သောက်သုံးရေပါပြတ်လပ်သည်အထိ အခက်အခဲကြုံတွေ့နေရကြောင်း၊ ပြီးခဲ့သည့်နှစ်နှစ်ခန့်က တောင်သူများက သက်ဆိုင်ရာသို့တင်ပြခဲ့၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနလက်ထောက် ညွှန်ကြားရေးမှူးရုံး (မြစ်သား) က ၂၀၁၆-၂၀၁၇ ခုနှစ် တိုင်းဒေသကြီး ရန်ပုံငွေဖြင့် တာဝန်ယူ၍ ပြန်လည်ပြုပြင်ပေးခြင်းဖြစ်သည်။

အင်းကန်ကြီး၏ ရေဝင်မှုအနေအထားမှာ မြစ်သားမြို့နယ်အတွင်းရှိ မြင်ဇင်းကန်၊ ကျောက်ပုံကန်၊ ဝမ်းတွင်းမြို့နယ် ကန်ပေါက်ကြီးကျေးရွာအနီးရှိ ကန်ပေါက်ကြီးကန်တို့မှ ပိုလျှံရေများသည် အင်းကန်ကြီးအတွင်းသို့ စီးဝင်ကြသည်။ ရွာဝေအင်းတော်ကြီး ပြုပြင်ခြင်းလုပ်ငန်းကို နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှကြီးကြပ်ကာ တင်ဒါအောင်မြင်သော စိုးမိုးသူကုမ္ပဏီက တာဝန်ယူ၍ ဇွန် ၉ ရက်မှစတင်ပြီး လုပ်ငန်းများဆောင်ရွက်နေသည်။

ရေဝင်လမ်းတူးဖော်ခြင်းကို အကျယ် ၈ ပေ၊ အမြင့် ၅ ပေ၊ အရှည် ၁၂၇၈၅ ပေအနေအထားဖြင့်လည်းကောင်း၊ အင်းကန်ပေါင်ဆင့်ခြင်းကို အမြင့် ၁၃ ပေ၊ ကန်ပေါင်ထိပ်အကျယ် ၄၃ ပေ၊ အောက်ခြေထုပေ ၁၂၀၊ အလျားပေ ၁၅၈၀၀ အနေအထားဖြင့်လည်းကောင်း၊ ရေပိုလွှဲအကျယ်ပေ ၁၅၀တည်ဆောက်ခြင်း၊ လှိုင်းကာကျောက်ရိုးစီခြင်း၊ ၂ ပေအချင်း ရေထုတ်ပြွန်နှစ်ခုတည်ဆောက်ခြင်း လုပ်ငန်းများပါဝင်၍ အကျိုးပြုဧကမှာ ရွာဝေကန်တိုက်ရိုက်သောက်ဧက ၂၅၀ ဧကနှင့် ကင်းတားလက်ဝဲမြောင်းမကြီး ဒီဝိုင် (၁၈) ရေသောက်ဧကများဖြစ်သော ရွာဝေ၊ ကန်တော်၊ လက်ပံဆိပ်၊ နွားလျှာရိုး၊ ညောင်ဂျစ်ကျေးရွာများရှိ ဧက ၁၄၀၀ ဖြည့်စွက်ရေပေးဝေနိုင်မည် ဖြစ်သည်။

ယခင်ရေလှောင် ပမာဏ ဧကပေ ၄၀၀၀မှ ဧကပေ ၈၉၀၀ သို့ တိုးမြှင့်သိုလှောင်နိုင်မည်ဖြစ်ခြင်းကြောင့် မိုးတွင်းကာလ စီးဆင်းလာသော မိုးရေများကို မိုးရွာတုန်းရေခံနိုင်၍ ရွာဝေအင်းကန်တော်ကြီး အောက်ဘက်ရှိ ကင်းတားလက်ဝဲမြောင်းပေါင် ကျိုးပေါက်မှုကိုလည်း ကာကွယ်နိုင်မည် ဖြစ်သည်။



အင်းကန်ကြီး ပြန်လည်တူးဖော်ပြီးပါက မူလလျာထားချက်အတိုင်း နွေသီးနှံ၊ မိုးသီးနှံ အပြည့်အဝစိုက်ပျိုးနိုင်ခြင်း၊ မွေးမြူရေးလုပ်ငန်းများ ကျယ်ပြန့်စွာလုပ်ကိုင်နိုင်ခြင်းတို့ကြောင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာပြီး လူနေမှုအဆင့်အတန်းမြင့်မားလာမည်ဖြစ်၍ ဝမ်းမြောက်ပျော်ရွှင်နေကြောင်း၊ ဆည်မြောင်းနှင့်ရေအသုံးချ စီမံခန့်ခွဲရေးဦးစီးဌာနမှ အင်းကန်ကြီး ပြုပြင်နေမှုကိုလည်း ဒေသခံများက အားရကျေနပ်ကြောင်း ရွာဝေကျေးရွာနေ တောင်သူဦးငွေကျော်က ပြောသည်။

ကျေးရွာပြည်သူလူထု၏ ဆန္ဒကို အကောင်အထည်ဖော်ပေးသော နိုင်ငံတော်စေတနာကို တုံ့ပြန်သည့်အနေဖြင့် ရွာဝေအင်းရေရှည်တည်တံ့နိုင်ရေးအတွက် ကန်အထက်ဘက်ရေဆင်းဧရိယာတွင် အရိပ်ရသစ်ပင်များစိုက်ပျိုးခြင်း၊ ကန်နယ်နိမိတ်ဝန်းကျင်နှင့် ကန်ပေါင်ပြုပြင်ထိန်းသိမ်းခြင်းများကို ရွာဝေကျေးရွာနေ တောင်သူများ အသိစိတ်ဓာတ်မြင့်မားစွာဖြင့် တာဝန်ယူထိန်းသိမ်းရန် ဆန္ဒပြုလိုကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး (မြစ်သား)မှ တာဝန်ရှိသူကပြောသည်။

**ရဲဝင်းထွန်း(မြစ်သား)**

# ထီလုံ–တာပေါင်–ပတ–နဘူးလမ်းပေါ်ရှိတံတားနှစ်စင်း ပြိုကျပျက်စီး

**လှိုင်းဘွဲ ဩဂုတ် ၂၁**

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်အတွင်းရှိ ထီလုံ-တာပေါင်-ပတ-နဘူးလမ်းပေါ်ရှိ ယခင်ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့သော တောင်စွန်းကျေးရွာအနီး မိုင်တိုင်အမှတ် (၂၉/၀-၁)၊ ၁၅ ပေ ကွန်ကရစ်တံတားနှင့် နောင်ဘိုတိုက်ကျောင်းကျေးရွာအနီး မိုင်တိုင်အမှတ်(၃၀/၀-၁)၊ ၂၄ ပေသစ်သားတံတားနှစ်စင်းတို့သည် မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေကျဆင်းလာမှုတို့ကြောင့် ပြိုကျပျက်စီးသွားခဲ့ကြောင်း သိရသည်။

ကျေးရွာပြည်သူလူထုနှင့် ကျောင်းသား၊ ကျောင်းသူများ သွားလာရေးအဆင်ပြေချောမွေ့စေရေးနှင့် လမ်းကြောင်းပြတ်တောက်မှုမရှိစေရေးအတွက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ လမ်းအထူးအဖွဲ့ ၁၉ တို့က ယာယီတံတားဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်ဆိုင်ရာ နည်းပညာသင်တန်းဆင်းပွဲ ကျင်းပ

**မယ်စဲ့ ဩဂုတ် ၂၁**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်ဆိုင်ရာ နည်းပညာသင်တန်းဆင်းပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ဟိုစဲ့ကျေးရွာရှိလူငယ်ရိပ်သာ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဆန်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးမှူး ဦးမိုးအောင်က အဆင့်မြင့်အပ်ချုပ်စက်နည်းပညာဆိုင်ရာ သင်တန်းတက်ရောက်ပြီးစီးခဲ့သည့် သင်တန်းသူများ၏ အခက်အခဲနှင့် လိုလားချက်များကို ဟောပြောဆွေးနွေးခဲ့သည်။ ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသူ ၃၅ ဦးထံသို့ သင်တန်းဆင်းလက်မှတ်များအား ပေးအပ်ခဲ့သည်။

ယင်းနောက် သင်တန်းသူတစ်ဦးက "အခုလို အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အဆင့်မြင့်အပ်ချုပ်စက်ဆိုင်ရာ နည်းပညာသင်တန်းကို ဖွင့်လှစ်ပေးတဲ့အတွက် အထူးပင်ကျေးဇူးတင်ရှိပါတယ်။ ကျွန်မတို့ဟာ ယခုသင်တန်းကိုတက်ရောက်ပြီး တတ်မြောက်သွားတဲ့ပညာနဲ့ အသက်မွေးဝမ်းကျောင်းကို အထောက်အကူပြုနိုင်ပြီဖြစ်တယ်။ တတ်မြောက်ထားတဲ့ပညာနဲ့ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်အောင် တစ်ဖက်တစ်လမ်းကနေ ကူညီဆောင်ရွက်သွားမယ်" ဟု ပြောသည်။

**ကိုစိုင်း(လွိုင်ကော်)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် သဘာဝဘေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**သထုံ ဩဂုတ် ၂၁**

မွန်ပြည်နယ် သထုံမြို့နယ် ဒုံဝန်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ဩဂုတ် ၁၉ ရက် နံနက်က ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ မူခင်းကျဆင်းရေးဆိုင်ရာ အသိပညာများ၊ သဘာဝဘေးဆိုင်ရာများနှင့် နောက်ဆက်တွဲပြဿနာများ အသိပညာပေးဆွေးနွေးပွဲကို ဌာနဆိုင်ရာများ ပူးပေါင်းကာ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်လေးနွယ်နှင့် ခရိုင်က. ည. နမှ ယာဉ်စစ်ဆေးရေးမှူး ဦးမြင့်ခိုင်တို့က ကျောင်းသား၊ ကျောင်းသူများအား စာဖတ်ရှိန်မြင့်မားရေး၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးတို့ကို ဆွေးနွေးပြီး သထုံခရိုင် ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကေသီမာနှင့် ခရိုင်မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဟန်ဝင်းအောင်တို့က သဘာဝဘေးအန္တရာယ်များ ကြိုတင်ကာကွယ်ရမည့်နည်းလမ်းများနှင့် သတိပြုရမည့် အချက်များကိုလည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်မင်းက မူးယစ်ဆေး၏ဆိုးကျိုးများနှင့် မှုခင်းလျှော့ပါးရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဝါဝါနွယ်က စိုက်ပျိုးရေးနှင့်ပိုးသတ်ဆေးဆိုင်ရာသိကောင်းစရာများကိုလည်းကောင်း၊ အသီးသီးဆွေးနွေးခဲ့ကြပြီးတက်ရောက်လာသူများအား အသိပညာပေး လက်ကမ်းစာစောင်များကို လိုက်လံဝေငှပေးခဲ့ကြသည်။

အဆိုပါအသိပညာပေးဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများအသိပညာ ဗဟုသုတတိုးတက်ရေးအတွက် စာအုပ်စာစောင်များ လှူဒါန်းပေးပြီး သိမှတ်ဖွယ်ရာနံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူ ၄၀၀ ကျော်တို့က စိတ်ပါဝင်စားစွာဖြင့် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ဗန်းမောက်မြို့နယ်၌ ကျေးရွာချင်းဆက်လမ်းသစ်ဖွင့်လှစ်

**ဗန်းမောက် ဩဂုတ် ၂၁**

စိုက်ပျိုးရေး မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် ဥမှင်ကျေးရွာအုပ်စု ကျွန်းကုန်းကျေးရွာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်း ထောက်ပံ့ရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်လမ်းသစ်ဖွင့်ပွဲကိုဩဂုတ် ၁၉ ရက် နံနက် ၁၁ နာရီခွဲက အဆိုပါမုခ်ဦးရှေ့၌ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်း၊ မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စပယ်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မြင့်မြင့်ခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ကျွန်းကုန်းကျေးရွာ ရွာထဲလမ်းနှင့် ဥမှင်ကျေးရွာချင်းဆက်လမ်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းထောက်ပံ့ရန်ပုံငွေဖြင့် လမ်းအရှည်ပေ ၃၄၀၀၊ လမ်းအကျယ် ၁၂ ပေနှင့် လမ်းထုအမြင့်ခြောက်လက်မ ကျောက်ခင်းလမ်းဆောင်ရွက်ခဲ့ရာ ခွင့်ပြုထောက်ပံ့ရန်ပုံငွေကျပ် ၉၇ သိန်းကျော်တို့ဖြင့် ပြုပြင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းအခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ဒေသခံပြည်သူများကိုယ်စား ဥမှင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မင်းဦးက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

# ရေစီးရေလာကောင်းမွန်စေရန် ပြည်သူများပူးပေါင်းပါဝင်စေရေး ကွင်းဆင်းဆောင်ရွက်



**တံတား ဩဂုတ် ၂၁**
ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တံတားမြို့ပေါ်ရပ်ကွက်များရှိ လမ်းဘေးဝဲယာမှ ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်စေရန် စည်ပင်သာယာရေးဝန်ထမ်းများက ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက ရပ်ကွက်နေပြည်သူများအား မိမိတို့နေအိမ်ရှေ့ရှိ ပိတ်ဆို့နေသော ရေနုတ်မြောင်းများကို ရှင်းလင်းတူးဖော်ရာတွင် ပူးပေါင်းပါဝင်စေရေး ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

မိုးရာသီတွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ရပ်ကွက်အတွင်း ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ပိတ်ဆို့နေသော ရေနုတ်မြောင်းများအား ရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြစ်ပြီး မိုးရာသီတွင် ဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေးရောဂါအန္တရာယ်မှ ပြည်သူများ ကင်းဝေးစေရန် ယခုကဲ့သို့ အိမ်တိုင်ရာရောက် လိုက်လံအသိပေးစည်းရုံးပြောကြားရခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးဇော်နိုင်ဦးက ရှင်းလင်းပြောကြားသည်။

**တင်နိုင်ဝင်း(တံတား ပြန်/ဆက်)**

# ရွှေလှိုင်ကော် (ကယား) ပရဟိတ လူမှုကူညီရေးအသင်းမှ စာသင်ကျောင်းသို့ စာသင်ခုံများ လာရောက်လှူဒါန်း

**လှိုင်ကော် ဩဂုတ် ၂၁**
ကယားပြည်နယ် လှိုင်ကော်မြို့ရှိ ရွှေလှိုင်ကော် (ကယား) ပရဟိတလူမှုကူညီရေးအသင်းမှ ဩဂုတ် ၁၉ ရက် မွန်းတည့် ၁၂ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၊ လောဓမ္မစာသင်ကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများအတွက် လိုအပ်နေသော စာသင်ခုံ ၂၅ ခုံအား လာရောက်လှူဒါန်းခဲ့သည်။

အဆိုပါစာသင်ကျောင်းသည် ယခင်က ကျောင်းသား၊ ကျောင်းသူ ကိုးရာကျော်ခန့်ရှိရာ စာသင်ခုံများ လုံလောက်မှုရှိသော်လည်း ယခုနှစ်တွင် ကျောင်းသား၊ ကျောင်းသူ တစ်ထောင်ကျော်ခန့် တိုးများလာသည့်အတွက် စာသင်ခုံများ လုံလောက်မှုမရှိဖြစ်နေ၍ သက်ဆိုင်ရာနှင့် ဆက်သွယ်ကာ အလှူရှင်များရှာဖွေရာမှ ရွှေလှိုင်ကော် (ကယား) ပရဟိတ လူမှုကူညီရေးအသင်းက ယခုကျောင်းအတွက် တန်ဖိုးသုံးသောင်းစီရှိသည့် စာသင်ခုံ ၂၅ ခုံ၊ စုစုပေါင်း တန်ဖိုးငွေ ၇၅၀၀၀၀ အား လာရောက်လှူဒါန်းခြင်းဖြစ်ကြောင်း ကျောင်းအုပ်ဆရာကြီး၏ပြောကြားချက်အရ သိရသည်။

အဆိုပါစာသင်ခုံများအား ရွှေလှိုင်ကော် (ကယား) ပရဟိတလူမှုကူညီရေးအသင်းမှ ဦးသန်းစိုးနှင့် အဖွဲ့က ပေးအပ်ရာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဦးနှင့် ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးတင်ညွန့်တို့က လက်ခံရယူခဲ့သည်။

"ယခုလို ရွှေလှိုင်ကော် (ကယား) ပရဟိတ လူမှုကူညီရေးအသင်းက ကျောင်းသား၊ ကျောင်းသူများ စာပေသင်ကြားမှု အဆင်ပြေစေရန် လာရောက်လှူဒါန်းသည့်အတွက် အင်မတန်မှဝမ်းသာကြည်နူးမိပါတယ်။ ယခင်က လှူဒါန်းမှုများရှိသော်လည်း ယခုလှူဒါန်းမှုက အများဆုံးဖြစ်တယ်" ဟု ကျောင်းအုပ်ဆရာကြီးက ပြောသည်။

**ကိုစိုင်း(လှိုင်ကော်)**

# ပြန်/ဆက်ဦးစီးဌာန တိုင်းရင်းဆေးကုဌာနနှင့် ပူးပေါင်း၍ နယ်လှည့်ဆေးကုသမှုပြုလုပ်

**အောင်လံ ဩဂုတ် ၂၁**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် တန်ဘိုးကျေးရွာတွင် ဩဂုတ် ၁၉ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ နယ်လှည့်ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ယင်းသို့ဆောင်ရွက်ရာတွင် ပြန်/ဆက် မြို့နယ်ဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က လူကုန်ကူးမှုအန္တရာယ်နှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်းကို အသိပညာပေး ဟောပြောကာ အစိုးရသစ်လက်ထက် နိုင်ငံတကာ ဆက်ဆံရေးမှတ်တမ်းများ၊ မြို့နယ်လှုပ်ရှားမှုမှတ်တမ်းများ၊ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများအကြောင်း မှတ်တမ်းများအား နံရံကပ်စာစောင်များဖြင့် ပြသရှင်းလင်းခဲ့ပြီး ကျေးရွာ စာကြည့်တိုက်အတွက် ဂျာနယ်များနှင့် စာပေရေချမ်းစင်စာအုပ်များကို လှူဒါန်းခဲ့သည်။

ယင်းနောက် မြို့နယ်တိုင်းရင်းဆေးကုဌာန ဆေးမှူး ဒေါ်ခင်အေးအေးနိုင်ကလည်း တိုင်းရင်းဆေးဖြင့် ရောဂါများကို အမြစ်ပြတ်ကုသနိုင်မှု အကြောင်းများကို ရှင်းလင်းဟောပြောကာ ရောဂါများစစ်ဆေးခြင်း၊ တိုင်းရင်းဆေးဖြင့် ရောဂါကုသခြင်းများကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သိန်းလွင်(ပြန်/ဆက်)**

# ပိုကီမွန်ဂိမ်းကစားခြင်းအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ် အသိပညာပေး ဟောပြောခြင်းများဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၁**
ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် မရမ်းကုန်းမြို့နယ်အတွင်း ကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေး ဟောပြောပွဲများကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၉ ရက်က အ-ထ-က (၅) မရမ်းကုန်းနှင့် အ-လ-က(၂) မရမ်းကုန်းတို့တွင် ပိုကီမွန်ဂိမ်းကစားခြင်းအန္တရာယ်နှင့် လူကုန်ကူးမှုအန္တရာယ်ကို အသိပညာပေး ဟောပြောခဲ့ကြသည်။



ဟောပြောရာတွင် ကျောင်းသား၊ ကျောင်းသူလေးများအား အနာဂတ်တွင် နိုင်ငံတော်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး ကျောင်းစာပေများ သင်ကြားဖတ်ရှုခြင်းအပြင် အခြားသော ဗဟုသုတရရှိစေသည့် စာအုပ်စာပေများကိုပါ ဖတ်ရန်လိုအပ်ပုံ၊ ယနေ့ခေတ်မီတိုးတက်နေသည့် အွန်လိုင်းမီဒီယာအသုံးပြုခြင်း၏ ကောင်းကျိုး၊ ဆိုးကျိုးများအကြောင်းနှင့် ယခုခေတ်စားနေသည့် ပိုကီမွန်ဂိမ်းကစားခြင်း၏ အန္တရာယ်များကို သိရှိဆင်ခြင်နိုင်ရန် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဒေါ်ဝင့်ဝါသိန်းက အသိပညာပေး ဟောပြောခဲ့သည်။

လူကုန်ကူးမှုအန္တရာယ်အကြောင်းနှင့် လူကုန်ကူးမှုအန္တရာယ်ကိုတွေ့ရှိရပါက ဆက်သွယ်ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းများနှင့် ဖုန်းအမှတ်များကို ကျောင်းသား၊ ကျောင်းသူလေးများ အလွယ်တကူသိရှိနိုင်ရန် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ခင်မိုးသူ၊ ဒေါ်သီသီစန်းတို့က အသိပညာပေး ဟောပြောခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူများ မည်မျှစိတ်ဝင်စားနားထောင်မှုရှိကြောင်းကို ဟောပြောပွဲပါ အကြောင်းအရာများအား ပြန်လည်မေးခွန်းများမေး၍ အဖြေမှန်ကန်မြန်ဆန်စွာဖြေဆိုနိုင်သူ ကျောင်းသား၊ ကျောင်းသူလေးများအား ဆုများ အသီးသီးချီးမြှင့်ခဲ့သည်။

ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူကုန်ကူးမှုအသိပညာပေး နံရံကပ်စာစောင်များပြသ၍ ကျောင်းများသို့ သုတ၊ ရသစာအုပ် ၈၀ စီကို တစ်လကြာ ငှားရမ်းပေးခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအသိပညာပေး ဟောပြော

**စဉ့်ကိုင် ဩဂုတ် ၂၁**
စဉ့်ကိုင်မြို့နယ်၊ ဥယျာဉ်လေးကျေးရွာ မာဃိန္ဒရာမဘုန်းတော်ကြီးသင်ပညာရေးကျောင်းတွင် ကျေးလက်နေပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတတိုးပွားစေရန် စာဖတ်ရှိန်မြှင့်တင်ရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၂၀ ရက် နံနက် ၁၀ နာရီခွဲက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မြို့နယ်စာရေးဆရာအသင်းတို့ပူးပေါင်း၍ကျင်းပခဲ့ရာ ပြန်ဆက်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မာရေးကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲအုပ်ရဲမင်းစိုးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စာရေးဆရာတိုက်ကြည်(စဉ့်ကိုင်)က မူးယစ်ဆေးဝါးအန္တရာယ်နှင့် စာပေအကြောင်း သိကောင်းစရာများကိုလည်းကောင်း ဟောပြောခဲ့ကြောင်း သိရသည်။

ယင်းနောက်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးလက်နေပြည်သူများနှင့်အတူ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် MOBILE LIBRARY နယ်လှည့် စာကြည့်တိုက်စသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖိုးအောင်(စဉ့်ကိုင်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၂၁**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူး၍ မြို့နယ်အတွင်း ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း တိုးချဲ့ဆောင်ရွက်မည့် ကျေးရွာရှစ်ရွာအတွက် ရန်ပုံငွေများလွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စုပေါင်းရုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီး ဦးနေဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးသန်းဝင်းခိုင်က စီမံကိန်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးနှင့် ကော်မတီဝင်များက ဒွန်ဂမ်၊ လမြန်၊ ပလန(၃)၊ မော်ဖောင်း(လီဆူ)၊ လွယ်ခေါ၊ စံကင်း၊ တာချယ်(ကုလား)နှင့် တာချယ်(ရှမ်း)ကျေးရွာတို့မှ ကျေးရွာမြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များထံ နိုင်ငံတော်အစိုးရ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် သိန်း ၃၀၀ စီလွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**(၄၉၉)**

# ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ဝန်ဆောင်မှုကို ရှေးရှုသည့် ရဲလုပ်ငန်းစဉ်များရှင်းလင်း

**တောင်ငူ ဩဂုတ် ၂၁**
နိုင်ငံတော်အစိုးရ၏ ပြောင်းလဲလာသောမူဝါဒများနှင့်အညီ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဝန်ဆောင်မှုကို ရှေးရှုသောလုပ်ငန်းစဉ်များရှင်းလင်းပွဲကို တောင်ငူခရိုင်၊ ဖြူးမြို့နယ်နှင့် တောင်ငူမြို့များတွင် ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းက ဖြူးမြို့တွင် ရှင်းလင်းဟောပြောခဲ့ရာ ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့ တိုင်းတပ်ဖွဲ့မှူး ရဲမှူးကြီးမျိုးမင်းထိုက် တက်ရောက်ရှင်းလင်းပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့ဝင်များအနေဖြင့် လောင်းကစားမှုများ၊ မူးယစ်ဆေးဝါးရောင်းဝယ်မှုများနှင့် ကင်းရှင်းစွာနေထိုင်ကြရန်၊ လောင်းကစားမှုများအား ဖမ်းဆီးရာတွင် အဓိကကျသော ဒိုင်ချုပ်များကိုရအောင်ဖမ်းဆီးရန်၊ ပေးအပ်သည့်တာဝန်ကိုကျေပွန်စွာ လိုက်နာဆောင်ရွက်ကြရန် ပြောကြားသွားခဲ့သည်။

ဆက်လက်၍ ညနေ ၄ နာရီ၌ တောင်ငူမြို့ ခပေါင်းခန်းမတွင် ဆက်လက်ရှင်းလင်းဆွေးနွေးပြောကြားရာတွင် ကျောက်ကြီး၊ ဖြူး၊ အုတ်တွင်း၊ တောင်ငူ၊ ထန်းတပင်၊ ရေတာရှည်မြို့နယ်များမှ ရဲတပ်ဖွဲ့မှူးများ၊ အရာရှိများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဒဂုံတက္ကသိုလ်မှ အမှတ်(၁)လေ့ကျင့်ရေးတပ်ဖွဲ့၊ ကြက်ခြေနီအဖွဲ့နှင့် ကင်းထောက်အဖွဲ့တို့က သီလရှင်စာသင်တိုက်နှင့် အောက်ပိုင်း အ.ထ.က ခွဲ့ကျောင်းတို့၌ သန့်ရှင်းရေးဆောင်ရွက်



**ရန်ကုန် ဩဂုတ် ၂၁**
သဘာဝဘေးအန္တရာယ်ဖြစ်ပွားခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ တစ်တပ်တစ်အား ပါဝင်ကူညီနိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျောင်းသားတပ်ခွဲမှူး ကိုနောင်ဦးဝေနှင့် အမှတ် (၁) တက္ကသိုလ်လေ့ကျင့်ရေးတပ် (ဒဂုံတက္ကသိုလ်နယ်မြေ) မှ အင်အား ၄၀ ဦး၊ တွဲဖက်အတွင်းရေးမှူး ကိုပြည့်ဖြိုးဇော်နှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဒဂုံတက္ကသိုလ်ကြက်ခြေနီအသင်း(ခွဲ)မှ အင်အား ၁၀ ဦး၊ ကျောင်းသားခေါင်းဆောင် ကိုကောင်းဆက်ဟိန်းနှင့် မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်၊ ဒဂုံတက္ကသိုလ်ကင်းထောက်အဖွဲ့မှ အင်အား ၁၀ ဦးတို့သည် ဧရာဝတီတိုင်းဒေသကြီးပုသိမ်ခရိုင် ကျောင်းကုန်းမြို့ သစ်ဆိမ့်ကုန်းရပ် သာသနာ့ရွှေသိင်္ဂီ သီလရှင်ပရိယတ္တိစာသင်တိုက်သို့ ဩဂုတ် ၂၀ ရက် နံနက် ၇ နာရီတွင်ရောက်ရှိပြီး သန့်ရှင်းရေး လုပ်ဆောင်ပေးခဲ့ကြသည်။

မြစ်ရေပြန်ကျကာစ ရွှံ့နွံနှင့် အမှိုက်သရိုက်များအား ဆေးကြောပေးခဲ့ပြီး ပစ္စည်းများ ရွှေ့ပြောင်းပေးခဲ့ကြသည်။ ယင်းနောက် အမှတ်(၂)ရပ်ကွက်ရှိ အောက်ပိုင်းအခြေခံပညာအထက်တန်းကျောင်း(ခွဲ) သို့ နံနက် ၉ နာရီတွင်ရောက်ရှိပြီး စာသင်ခန်းများအား ဆေးကြောပေးကာ သန့်ရှင်းရေးလုပ်ဆောင်ပေးခဲ့ကြသည်။ ဦးစားပေးလုပ်ငန်းများမှာ စာသင်ကျောင်းများ သန့်ရှင်းရေးလုပ်ပေးခြင်း၊ သောက်ရေအမြန်ရရှိရေးအတွက် ရေတွင်းရေကန်များအား ပြန်လည်သန့်ရှင်းရေး ပြုလုပ်ပေးခြင်း၊ အိမ်သာများ အမြန်ပြန်လည်ပြုပြင်ပေးခြင်းများကို လုပ်ဆောင်ပေးကြမှာဖြစ်ကြောင်း ကျောင်းသားတပ်ခွဲမှူး ကိုနောင်ဦးဝေက ပြောသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

## မြစ်ကမ်းပါးဆက်လက်ပြိုကျ



**တွံတေး ဩဂုတ် ၂၁**
ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ရွှေလှေချောင်ကျေးရွာအုပ်စု ရွှေလှေချောင်ကျေးရွာတွင် တိုးမြစ်၊ မအူပင်မြစ်နှင့် တွံတေးတူးမြောင်းမြစ်သုံးဆိုင်ဆုံရာနေရာတွင် ရေစီးထိုးမှုကြောင့် ဩဂုတ်၁၉ ရက်ထိ မြစ်ကမ်းပါး ဆက်လက်ပြိုကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကမ်းပါးပြိုကျနိုင်သည့် ဦးအောင်ဇော်ဦးပါ အိမ်ခြေ ၁၃ လုံးအနက်မှ ဦးအေးမင်း၏နေအိမ်အား ဩဂုတ် ၁၇ ရက်တွင် ဖျက်သိမ်းခဲ့သည်။ ဩဂုတ် ၁၉ ရက် နံနက်ပိုင်းတွင် ကမ်းပါဆက်လက်ပြိုကျမှုကြောင့် ယခင်ရွာလမ်းဟောင်း ကွန်ကရစ်ခင်း အလျား ၄ ပေ၊ အနံပေ ၁၀၀၀ ကျော်ခန့် အနက်ပေ ၂၀ ခန့်အရှည်မှာ ကမ်းပါးထပ်မံပြိုကျမှုတွင်ပါသွားသည်။ ဖျက်သိမ်းသည့် အိမ်အား မွန်းလွဲ ၂ နာရီမှ ညနေ ၅ နာရီထိ ကျေးရွာအုပ်ချုပ်ရေးမှူးဦးတင်ရွှေအပါအဝင်ရပ်မိ/ရပ်ဖများ၊ ရွာသူ၊ ရွာသား ၂၀ ခန့်က ဝိုင်းဝန်းကူညီဖျက်သိမ်း၍ ရွာအတွင်းပိုင်းနေ ဦးမောင်သူရနေအိမ်ခြံဝင်းအတွင်းသို့ ပြောင်းရွှေ့ကူညီဆောင်ရွက်ပေးထားကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**



## ပုဗ္ဗသီရိဈေးတွင်ခြင်ဆေးဖြန်းခြင်းများဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၁**
နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ မြို့မဈေးအတွင်း၌ ဈေးသူ၊ ဈေးသားများ၊ ဈေးဝယ်သူများ မိုးတွင်းကာလအတွင်း ဖြစ်ပွားတတ်သော ရောဂါများဖြစ်သည့် ဝမ်းပျက်၊ ဝမ်းလျှောရောဂါ၊ သွေးလွန် တုပ်ကွေးရောဂါများကာကွယ်ရန်နှင့် အနံ့ဆိုးများ ကင်းဝေးစေရန်အတွက် ဈေးအတွင်းရှိ ပွဲရုံတန်းများနှင့် ဈေးပတ်ဝန်းကျင်အား ခြင်ဆေးဖြန်းခြင်းလုပ်ငန်းကို ဒုတိယပတ်က နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ ပုဗ္ဗသီရိဈေးမှ ဒုတိယဦးစီးမှူး ဦးနေမင်းဦးနှင့် ဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။ **(ရွှေရဲရင့်)**

## မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဩဂုတ် ၂၁**
ဗိုလ်တထောင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် စာအုပ်ပြပွဲအခမ်းအနားကို နံနက် ၉ နာရီခွဲက အ. ထ. က(၃) ဗိုလ်တထောင် သစ္စာခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် အရှေ့ပိုင်းခရိုင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးယုနိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲထူးတို့က အဖွင့်အမှာစကားပြောကြားခဲ့သည်။ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ကိုကိုဦး၊ အမှတ်(၆) လူကုန်ကူးမှုတားဆီးကာကွယ်ရေးတပ်ဖွဲ့စု (ရန်ကုန်)မှ ရဲအုပ်ကျော်စွာမြင့်၊ မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ်စန်းဦး၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်တင်ဇာခိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာဇင်မင်းမင်းလတ်တို့က မူးယစ်ဆေးဝါး အန္တရာယ်နှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ လူငယ်များရှောင်ရှားရန် အသိပညာပေးဟောပြောခဲ့ကြသည်။

ယင်းနောက် ကျောင်းအုပ်ဆရာမကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက ခင်းကျင်းပြသထားသော စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အခမ်းအနားသို့ ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်လူကုန်ကူးမှုတားဆီးကွယ်ရေး၊ မြို့နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရွှေမိုးသူဇာနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ရပ်ကွက်(၁၀)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ကြီးနှင့် ကျောင်းအုပ်ဆရာမကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်း ၅၅၀ ကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ်ကင်းရှင်းရေး အတွက် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ **(ကြေးမုံ)**

## ငလျင်အကြောင်း သိရှိနားလည်စေရန် မုံရွာတက္ကသိုလ်တွင် အသိပညာပေးဟောပြောပွဲကျင်းပ

**မုံရွာ ဩဂုတ် ၂၁**
မြန်မာနိုင်ငံနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဖြစ်ပွားနိုင်သည့် ငလျင်ဘေးနှင့်ပတ်သက်သည့် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီက မုံရွာမြို့ မုံရွာတက္ကသိုလ် ဘီဆောင်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

"မုံရွာတက္ကသိုလ် ဘူမိဗေဒဌာနက ဦးစီးကျင်းပတဲ့ မြန်မာနိုင်ငံ မြေငလျင်အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာဖြစ်နိုင်တဲ့ ငလျင်အန္တရာယ်နဲ့ပတ်သက်ပြီး အသိပညာပေးရေးသဘောမျိုးနဲ့ ဟောပြောပွဲလုပ်တာပါ။ ဒီဟောပြောပွဲမှာ အပိုင်းနှစ်ပိုင်းနဲ့ ဟောပြောတာပါ။ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ မြန်မာနိုင်ငံအပါအဝင် အတိတ်တုန်းကလှုပ်ခဲ့တဲ့ မြေငလျင်ကြီးတွေအကြောင်းပေါ့။ အဲဒီငလျင်တွေကနေ အနာဂတ်မှာ လှုပ်နိုင်တဲ့ မြေငလျင်တွေရဲ့အလားအလာတွေ ခန့်မှန်းချက်တွေအကြောင်း၊ ငလျင်လှုပ်ခဲ့မယ်ဆိုရင်လည်း ဘယ်လိုအန္တရာယ်မျိုးတွေဖြစ်လာနိုင်သလဲဆိုတဲ့ဟာတွေ အဲဒီအန္တရာယ်ပြမြေပုံတွေ ဘယ်လိုရှိသလဲဆိုတာတွေ၊ ဘယ်မြေတွေကတော့ အန္တရာယ်ရှိတယ်၊ ဘယ်အနေအထားတွေက အန္တရာယ်အများဆုံးရှိတယ်ဆိုတဲ့အချက်တွေကို အသိပညာပေးဟောပြောခဲ့ပါတယ်" ဟု မြန်မာနိုင်ငံ ငလျင်ကော်မတီအတွင်းရေးမှူး ဒေါက်တာမင်းသန့်က ပြောသည်။

အဆိုပါငလျင်အကြောင်း အသိပညာပေးဟောပြောပွဲသို့ မုံရွာတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဝင်းနိုင်၊ ဒုတိယပါမောက္ခချုပ်များဖြစ်သော ဒေါက်တာသက်နိုင်ဦး၊ ဒေါက်တာစိန်စိန်အောင်၊ ပါမောက္ခဌာနမှူးများ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများ၊ လက်ထောက်ကထိကများ ဘာသာရပ်ပေါင်းစုံမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ပြီး အဆိုပါဟောပြောပွဲတွင် မြန်မာနိုင်ငံ ငလျင်ကော်မတီအတွင်းရေးမှူး ဒေါက်တာမင်းသန့်က မြန်မာနိုင်ငံနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အတိတ်သမိုင်းတွင် လှုပ်ခတ်ခဲ့သော ငလျင်များအကြောင်းနှင့် အနာဂတ်ကာလတွင် လှုပ်ခတ်နိုင်သော ငလျင်များအကြောင်းကို ဟောပြောခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## အာဟာရပြည့်ဝမျှတသည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲကျင်းပ




**ကျောက်မဲ ဩဂုတ် ၂၁**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူပေါင်းကျင်းပသည့် အာဟာရပြည့်ဝမျှတသည့် အစားအစာများ ချက်ပြုတ်ပြိုင်ပွဲကို ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက မေတ္တာမွန်ခန်းမတွင် ကျင်းပခဲ့သည်။

အဆိုပါချက်ပြုတ်ပြိုင်ပွဲတွင် ကျောက်မဲမြို့ပေါ်ရပ်ကွက်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အာဟာရပြည့်ဝသော အစားအစာများ ချက်ပြုတ်နည်းများဖြင့် လက်တွေ့ချက်ပြုတ်ကြကာ၊ အသင်းလိုက်ယှဉ်ပြိုင်ချက်ပြုတ်ထားသည့် အာဟာရပြည့်ဝမျှတသည့် တန်ဖိုးနည်းအစားအစာများကို ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်၊ မြို့နယ်အဖွဲ့ဝင် ဒေါ်နုနုဆွေ၊ မြို့နယ်ကျန်းမာရေး ဆရာမဒေါ်ဇီဝါထွန်းနှင့် ကြီးကြပ်ရေးအဖွဲ့ဝင်များက စိစစ်အကဲဖြတ် အမှတ်ပေးခဲ့ကြသည်။

ယင်းပြိုင်ပွဲတွင် အမှတ်(၈) ရပ်ကွက်မှ ပထမ၊ အမှတ်(၇) ရပ်ကွက်မှ ဒုတိယ၊ အမှတ်(၃)ရပ်ကွက်မှ တတိယ၊ အမှတ်(၆) ရပ်ကွက်မှ နှစ်သိမ့်ဆုတို့ အသီးသီးရရှိပြီး အဆိုပါဆုများကို တာဝန်ရှိသူများက ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

## ဓမ္မမေဒနီရွှေကျင်ကျောင်း၌ အသည်းရောင်အသားဝါဘီပိုး ကာကွယ်ဆေးထိုးနှံ



**ကျောက်မဲ ဩဂုတ် ၂၁**
ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ ဓမ္မမေဒနီရွှေကျင်ဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်း၌ အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံခြင်းကို ဩဂုတ် ၁၉ ရက် မွန်းလွဲပိုင်းက မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာနန်းရီလှိုင်ဦး ဦးဆောင်၍ ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကျောက်မဲမြို့ရှိ ဓမ္မမေဒနီ ရွှေကျင်ဘုန်းတော်ကြီးသင်ပညာရေး မူလွန်ကျောင်းတွင် ပညာသင်ကြားနေသော အသက် ၁၀ နှစ်နှင့်အထက် ရှင်သာမဏေ ၂၃၄ ပါးအား အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေးကို ဒုတိယအကြိမ် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ကျောက်မဲခရိုင်(ပြန်/ဆက်)**

## မြို့နယ်အမျိုးသမီးအားကစားကော်မတီဥက္ကဋ္ဌဖလား အေရိုးဗစ်ပြိုင်ပွဲကျင်းပ

**မုံရွာ ဩဂုတ် ၂၁**
မြို့နယ်အားကစားကော်မတီနှင့် ပညာရေးဦးစီးဌာနတို့ပူးပေါင်းပြီး ၂၀၁၆ ခုနှစ် မြို့နယ် အမျိုးသမီးအားကစားကော်မတီဥက္ကဋ္ဌဖလား ကျောင်းပေါင်းစုံ အေရိုးဗစ်ပြိုင်ပွဲနှင့် ဆုပေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ တိုင်းဒေသကြီးအားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားရုံတွင် ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန်နှင့် ကျန်းမာပျော်ရွှင်စွာဖြင့် ပညာသင်ကြားနိုင်စေရန်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ပေါ်ထွက်လာစေရန်အတွက် မုံရွာမြို့ပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်း ငါးကျောင်းမှ ပြိုင်ပွဲဝင်အသင်းငါးသင်း ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲများအပြီးတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွန်း၏ဇနီး မြို့နယ်အမျိုးသမီးအားကစားကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များမှ ပထမဆုရ အ. ထ. က(၂)၊ ဒုတိယဆုရ အမှတ် (၄) အခြေခံပညာအလယ်တန်းကျောင်း (ထ-ခွဲ) အသင်းအားလည်းကောင်း၊ တတိယဆုရ အ. ထ. က(၃) အသင်းအားလည်းကောင်း ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယင်းနေ့ကပြုလုပ်သည့် အေရိုးဗစ် ပြိုင်ပွဲသို့ မြို့နယ်အမျိုးသမီးအားကစားကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ပြိုင်ပွဲဝင် ကျောင်းသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းဝေ(မုံရွာ)**

## ကော့သောင်းတွင် ဝန်ဆောင်မှုကို ရှေးရှုသော ရဲလုပ်ငန်းစနစ် ကွင်းဆင်းဆွေးနွေးဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၂၁**
ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်များဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို ဩဂုတ် ၁၈ နံနက်ပိုင်းက ကော့သောင်းမြို့နယ် မလိဝမ်းကျေးရွာနှင့် ခမောက်ကြီးမြို့များတွင် ကော့သောင်းခရိုင်ရဲတပ်ဖွဲ့မှ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှင်းလင်းဆွေးနွေးပွဲတွင် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူးက ရပ်ကျေးအုပ်ချုပ်ရေးမှူးများသို့ မိမိတို့ကျေးရွာများအတွင်း မူးယစ်ဆေးဝါးစွဲလူငယ်များ ဆေးဖြတ်မည့်လူငယ်စာရင်းများ လျှို့ဝှက်ပြုစုပေးပို့ကြရန်နှင့် မူးယစ်ဆေးဝါး ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း မိမိတို့ရပ်ကွက်အတွင်း အသိပညာပေးခြင်းလုပ်ငန်းများ တစ်လမ်းချင်းစီမှအစပြု၍ ကျေးရွာအနှံ့ မူးယစ်ဆေးဝါးကင်းစင်ဇုန်များဖြစ်သည်အထိ တွန်းအားပေးလုပ်ဆောင်ကြရန်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ကူညီပူးပေါင်းလုပ်ဆောင်၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် မူးယစ်ကင်းစင်နယ်မြေများအဖြစ် ရပ်တည်နိုင်ရေး ဝန်ဆောင်မှုကိုရှေးရှုသော ရဲလုပ်ငန်းစနစ်နှင့်အညီ အစွမ်းကုန်ကြိုးစားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် ကျေးရွာအုပ်ချုပ်ရေးမှူးများက ကျေးရွာအတွင်း မူးယစ်ဆေးဝါးပြဿနာနှင့် ဖြစ်ပေါ်လျက်ရှိသည့်အခက်အခဲများ၊ ကာကွယ်တားဆီးရေးနှင့် ဖော်ထုတ်အရေးယူနိုင်ရေး သတင်းအချက်အလက်မြန်ဆန်သွက်လက်ရေး ဆောင်ရွက်မည့်အစီအမံများ၊ အောက်ခြေအဆင့်အထိ ပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်မည့်အစီအစဉ်များအား အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

## မန္တလေး–ရန်ကုန် ခွေးလမ်းပိုင်းအစုန်လမ်းမြစ်ငယ်တံတားသစ် ဖွင့်လှစ်




**မြစ်ငယ် ဩဂုတ် ၂၁**
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက မန္တလေး-ရန်ကုန်ခွေးလမ်းပိုင်း အစုန်လမ်း မြစ်ငယ်တံတားသစ်ဖွင့်ပွဲကို ဩဂုတ် ၁၉ ရက်နံနက် ၈ နာရီခွဲက အမရပူရမြို့နယ် မြစ်ငယ်တံတားထိပ် မဂ်လာမဏ္ဍပ်တွင်ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လျှပ်စစ်စွမ်းအင်နှင့်ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်၊ မြန်မာ့မီးရထားဦးဆောင်ညွှန်ကြားရေးမှူး ဦးသူရိန်ဝင်းတို့ တက်ရောက်အားပေးပြီး ရထားခွေးလမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ တံတားသစ်အား ဖြတ်သန်းကြည့်ရှုခဲ့ကြောင်း သိရသည်။


မန္တလေး-ရန်ကုန်လမ်းပိုင်းသည် နှစ်လမ်းသွားခွေးလမ်းဖြစ်သော်လည်း နှစ်လမ်းလုံး အသုံးပြုသွားလာနိုင်ခြင်းမရှိသေးသော ပလိပ်-မြစ်ငယ်ဘူတာကြားမြစ်ငယ်တံတားကို အစုန်အဆန်သွားလာနိုင်ရေး မူလတံတား၏ ရေဆန်ဘက် ၁၇ မီတာအကွာတွင် အစုန်ရထားလမ်းကူး တံတားသစ်ကို ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂ ရက် တွင် စတင်တည်ဆောက်ခဲ့ရာ ၂၀၁၆ ခုနှစ် ဩဂုတ် ၈ ရက်တွင်တည်ဆောက်ပြီးစီးခဲ့သည်။

တည်ဆောက်ပြီးစီးသော မြစ်ငယ်တံတားသစ်သည် မြန်မာ့မီးရထားက မျှော်မှန်းသောရထားများ တစ်နာရီမိုင် ၆၀ နှုန်းဖြင့် ဖြတ်သန်းမောင်းနှင်နိုင်ရန် ရထားဝန်ရိုးအလေးချိန် 20 Ton Axel Load ခံနိုင်မည့်ဒီဇိုင်းနှင့် ရေးဆွဲတွက်ချက်တည်ဆောက်ထားသည်။ သံကူကွန်ကရစ်ဘိုးပိုင်အမျိုးအစားဖြစ်ပြီး တံတားရက်မကို ဂျပန်နည်းပညာဖြင့်ထုတ်လုပ်ထားသော သံပေါင်ရက်မများဖြစ်ပြီး တံတားအရှည်မှာ ပေ ၇၂၀ ဖြစ်သည်။

တံတားကမ်းကပ်ခုံနှင့် ရေလယ်တိုင်များကို မြန်မာ့မီးရထားနှင့် မြန်မာရွှေသရဖူကုမ္ပဏီ၊ တံတားရက်မသံပေါင်ထုတ်လုပ်တပ်ဆင်ခြင်းကို J&M Steel Solutions ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်ခဲ့ပြီး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်မှုများခံယူပြီး မြန်မာအင်ဂျင်နီယာများနှင့် ဂျပန်အင်ဂျင်နီယာများ နည်းပညာပူးပေါင်းဖလှယ်၍ တက်ညီလက်ညီတည်ဆောက်ခဲ့သောတံတားကြီးဖြစ်သည်။ မြစ်ငယ်တံတားသစ်သည် အစိုးရသစ်၏ ရက် ၁၀၀ စီမံချက်အတွင်း ပါဝင်ဆောင်ရွက်ခဲ့သော စီမံကိန်းဖြစ်ပြီး အစုန်၊ အဆန်ရထားများစောင့်ဆိုင်းရန်မလိုတော့ဘဲ သီးခြားစီအသုံးပြုနိုင်သဖြင့် ရထားမိုင်နှုန်းတိုးမြှင့်ခုတ်မောင်းနိုင်ပြီး ရထားခုတ်မောင်းချိန် လျှော့ချနိုင်မည်ဖြစ်သည်။ တံတားတည်ဆောက်မှုမှာ ကျပ် ၅၅၁၆ ဒသမ ၅၉၈ သန်း ကုန်ကျခဲ့သည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားက ခရီးသွားပြည်သူများ လုံခြုံစိတ်ချရပြီး သက်သောင့်သက်သာ စိတ်ချမ်းမြေ့စွာဖြင့် ရထားဖြင့် အချိန်မှန် လိုရာခရီးသို့သွားလာနိုင်ရန်အတွက် အစဉ်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မြန်မာ့မီးရထားကွန်ရက်တွင် တစ်နိုင်ငံလုံးရထားလမ်းခရီးမိုင် ၃၇၂၅ ဒသမ ၃၂ မိုင်ရှိပြီး မန္တလေး-ရန်ကုန် ရထားလမ်းသည် ခရီးမိုင် ၃၈၅ ဒသမ ၅၀ မိုင်ရှည်ကာ ကုန်စည်နှင့်ခရီးသည် များစွာရရှိသော အဓိကလမ်းဖြစ်သည်။ **သီဟကိုကို(မန္တလေး)**

## မီးလင်းရေးလူငယ်လူမှုကူညီရေးအဖွဲ့ကပစ္စည်းများလှူဒါန်း



**ကျုံပျော် ဩဂုတ် ၂၁**
ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် မီးလင်းရေးလူငယ်လူမှုကူညီရေးအဖွဲ့က မြို့နယ်အတွင်းရှိ ရေဝင်ရောက်နစ်မြုပ်လျက်ရှိသော ကျေးရွာများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ လှူဒါန်းလျက်ရှိရာ ဩဂုတ် ၁၉ ရက် ညနေ ၃ နာရီခွဲက ပင်လုံရပ်ကွက် အတီပိုင်းရှိ ရေဝင်ရောက်ခြင်းခံနေရသည့် နေအိမ်များသို့သွားရောက်၍ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်၊ ခေါက်ဆွဲနှင့် ဆပ်ပြာမှုန့်ထုပ်များအား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျုံပျော်မြို့နယ်တွင် ဒါးကချောင်းရေမြင့်တက်ခဲ့မှုကြောင့် ကျေးရွာ ၇၄ ရွာရှိ အိမ် ၃၄၄၁ အိမ် ရေဝင်ရောက်ခြင်းခံခဲ့ရပြီး စာသင်ကျောင်း ၆၄ ကျောင်း ယာယီပိတ်ထားရကာ လက်ရှိတွင် ချောင်းရေများ အနည်းငယ်ပြန်လည်ကျဆင်းစပြုနေကြောင်း သိရသည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

## မိုးနှောင်းဝါစံပြကွက်စိုက်နည်းစနစ်သရုပ်ပြပွဲ ကျင်းပ



**ကွန်းလှ ဩဂုတ် ၂၁**
စစ်ကိုင်းတိုင်းဒေသကြီး ကွန်းလှမြို့နယ်တွင် မိုးနှောင်းဝါစံပြကွက်စိုက်နည်းစနစ်သရုပ်ပြပွဲကို ဩဂုတ် ၁၇ ရက် နံနက် ၇ နာရီက သစ်ရာမြိုင်ရပ်ကွက် ကွင်းအမှတ် ၄၉၂ တောင်သူဦးနိုင်ဦး၏ ယာမြေသုံးဧက၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကန့်ဘလူခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းရွှေက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဒေါ်လှကြိုင်က သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်နှင့် သဘာဝဓာတ်မြေဩဇာသုံးစွဲနည်းတို့ကို ရှင်းလင်း၍ လက်တွေ့စိုက်ပျိုးပြသခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီများ၊ ဌာနဆိုင်ရာများ၊ ကွင်းတာဝန်ခံများ၊ စိုက်ပျိုးရေးတက္ကသိုလ်နောက်ဆုံးနှစ်ကျောင်းသား၊ ကျောင်းသူများနှင့် ဝါစိုက်တောင်သူများ တက်ရောက်ခဲ့သည်။ **မျိုးဝင်းညို(ကွန်းလှ)**

# တက္ကသိုလ်ဝင်ခွင့်လျှောက်ထားကြရာဝယ်

**ခဲ** စောခိုင်

၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားခြင်းကို ၁၈-၈-၂၀၁၆ ရက်နေ့မှ ၃၁-၈-၂၀၁၆ ရက်နေ့ထိ အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်ပညာရေးတက္ကသိုလ်၊ အားကစားရုံ၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့တွင် ကောင်တာများဖွင့်၍ လက်ခံနေပြီဖြစ်ပါတယ်။

၂၀၁၆ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်ပုံစံအိတ်ထုတ်ယူရန် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနတွင် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်နှင့် တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ် တစ်စုံကို ၈၀၀ (ရှစ်ရာကျပ်)ဖြင့် ဝယ်ယူရမည်ဖြစ်ပါသည်။

ဝင်ခွင့်လျှောက်လွှာ အိတ်ထဲတွင် တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာ ၂ မျက်နှာပါ (၁)ရွက်၊ တက္ကသိုလ် မှတ်ပုံတင်ခွင့်လျှောက်လွှာ ၂ မျက်နှာပါ (၂)ရွက်၊ သင်တန်းရွေးချယ်မှုကတ်ပြား ၂ မျက်နှာပါ (၁)ရွက်၊ ပညာသင်ထောက်ပံ့ကြေးလျှောက်လွှာ ၂ မျက်နှာပါ (၂)ရွက် ပါရှိမည်ဖြစ်ပါသည်။

သက်ဆိုင်ရာစာစစ်ဌာနမှ ကျောင်းသား၊ ကျောင်းသူများ၏အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ်ရမှတ် အဆင့်တို့ကို ထုတ်ပေးမည်ဖြစ်ပါတယ်။

**နှစ်စဉ်တွေ့ကြုံရ**

သက်ဆိုင်ရာစာစစ်ဌာနမှ ထုတ်ပေးသော လျှောက်လွှာများကို ပြည့်စုံအောင်ဖြည့်စွက်၍ ပြန်လည်လျှောက်ထားရာတွင် ဝင်ခွင့်လျှောက်လွှာအိတ်တွင်ပါရှိသော ပုံစံများ၊ စာစစ်ဌာနမှပေးအပ်သော စာရွက်စာတမ်းများသာ စုစည်းတင်ပြလျှောက်ထားရန်ဖြစ်ပြီး အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံစာများ တင်ပြရန်မလိုအပ်ပါ။ နှစ်စဉ်အတွေ့အကြုံအရ မှတ်ပုံတင်မူရင်း၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မူရင်း၊ သန်းခေါင်စာရင်းမူရင်းများ ဝင်ခွင့်အိတ်တွင် မှားယွင်းထည့်သွင်းလျှောက်ထားလာခြင်းကြောင့် ဆက်သွယ်ရန် လိပ်စာမှာပါသော ဖုန်းနံပါတ်နှင့် ချိတ်ဆက်၍ သက်ဆိုင်ရာပုဂ္ဂိုလ်ထံ ပြန်လည်ပေးအပ်ကြရသည်။

**တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ပေါ်တွင်**

တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ပေါ်တွင် ဖြည့်စွက်ရမည့် အကြောင်းအရာအချက်အလက်များအနက် ဝင်ခွင့်လျှောက်လွှာအိတ်၏ ညာဖက်ထောင့်တွင် ဦးစားပေးတက္ကသိုလ်ဖော်ပြရာ၌ လျှောက်ထားလိုသောတက္ကသိုလ်အမည်အပြင် နေ့သင်တန်း(သို့မဟုတ်)အဝေးသင်ကို ထင်ရှားစွာ မပျက်မကွက်ရေးသားရန် လိုအပ်ပါသည်။ ဤသို့ဆောင်ရွက်ရန်ကိုလည်း ဝင်ခွင့်လမ်းညွှန်၏ မာတိကာရှေ့စာမျက်နှာ အထူးမှာကြားချက်တွင်လည်း ဖော်ပြထားပြီးဖြစ်ပါသည်။

လျှောက်ထားလာသော တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်များကို လုပ်ငန်းစဉ်အရ ပထမဦးဆုံးနေ့သင်တန်းနှင့် အဝေးသင်ကို ခွဲခြားရပါသည်။ နေ့သင်တန်းများသည် နှစ်စဉ် ဒီဇင်ဘာလ ပထမသီတင်းပတ်တွင် ဖွင့်လှစ်သည့်အတွက် ၎င်းကျောင်းဖွင့်ရက်အမီ နေ့သင်တန်းရွေးချယ်မှုကို ဆောင်ရွက်ရပါသည်။ အဝေးသင်တက္ကသိုလ်များသည် နှစ်စဉ် ဖေဖော်ဝါရီလတွင် ဖွင့်လှစ်သည်ဖြစ်၍ နေ့သင်တန်းရွေးချယ်ရေးလုပ်ငန်းများပြီးမှ အဝေးသင်တက္ကသိုလ် ရွေးချယ်မှုကို ဆက်လက်ဆောင်ရွက်တာဖြစ်ပါတယ်။

**ဝင်ခွင့်အိတ်ပေါ်တွင်**
**အခြားဖြည့်စွက်ရမည့် အချက်များ**

အမည်၊ စာမေးပွဲခုံအမှတ်၊ စာစစ်ဌာန၊ အောင်မြင်သည့်ခုနှစ်နှင့် မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ နေရပ်လိပ်စာအပြည့်အစုံ၊ ဆက်သွယ်ရန်ဖုန်းနံပါတ်ကိုလည်း ဖော်ပြရန်လိုအပ်ပါသည်။ စာတိုက်များမှတစ်ဆင့်လျှောက်ထားသူများသည် စာတိုက်ပို့ခတံဆိပ်ခေါင်းကို ဝင်ခွင့်အိတ်တွင် ကပ်ရန်လိုအပ်သော်လည်း ကိုယ်တိုင် သထုံလမ်းသို့ လာရောက်တင်သွင်းသောအိတ်များအတွက် စာအိတ်ပေါ်တွင် တံဆိပ်ခေါင်းကပ်ရန် မလိုပါ။ သင်တန်း ရွေးချယ်မှုကတ်ပြားအကြောင်းပြန်ကြားလွှာတွင်သာ တံဆိပ်ခေါင်းကပ်ရန်နေရာတွင် တံဆိပ်ခေါင်းကပ်ရန် လိုအပ်ပါသည်။ အကြောင်းပြန်ကြားလွှာကို ဝင်ခွင့်ရသည့်တက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူများထံ အကြောင်းပြန်ကြား ပေးပို့မည်ဖြစ်ပါသည်။

**တက္ကသိုလ်ဝင်ခွင့်အိတ်ပေါ်မှ အလွဲများ**

အထက်တွင်ဖော်ပြချက်များသည် ဝင်ခွင့်အိတ်ပေါ်တွင်ရှိသော ဖြည့်စွက်ရမည့် အချက်အလက်များဖြစ်သည်။ လျှောက်ထားလိုသော တက္ကသိုလ်နေရာတွင် နေ့သင်တန်းဟု ဖော်ပြထားသော်လည်း အိတ်အတွင်းရှိ သင်တန်းရွေးချယ်မှုကတ်ပြားတွင် အဝေးသင်တက္ကသိုလ်ဘာသာရပ်များအား ဦးစားပေးရေးသား လျှောက်ထားခြင်းသည် ဆီလျော်မှုမရှိပါ။ လုပ်ငန်းစဉ်ပထမအဆင့်အနေနှင့် ဝင်ခွင့်အိတ်ကို နေ့သင်တန်းနှင့် အဝေးသင်တက္ကသိုလ် ခွဲခြားရေးလုပ်ငန်းတွင် ၎င်းအိတ်သည် နေ့သင်တန်းအုပ်စုတွင် ရောက်နေပြီး ဒုတိယအဆင့် ၎င်း၏ သင်တန်းရွေးချယ်မှုကတ်ပြားဖြင့် ရွေးချယ်ရာတွင် အဝေးသင်တက္ကသိုလ်ဘာသာရပ်များ ဖော်ပြ၍ ဦးစားပေးလျှောက်ထားခြင်းကြောင့် ၎င်းကျောင်းသား၏ သင်တန်းရွေးချယ်မှုကတ်ပြားသည် အဝေးသင်အုပ်စုသို့ ရောက်ရှိသွားတော့သည်။ ၎င်းကျောင်းသား၏ ဝင်ခွင့်သည် အဝေးသင်တက္ကသိုလ်မှာ ဝင်ခွင့်ရမည်မှာ သေချာသွား၏။ သူသည် နေ့သင်တန်းဟုပင် စိတ်ထဲစွဲထင်၍ နေ့သင်တန်း ဝင်ခွင့်များ ထုတ်ပြန်ကြေညာချိန်တွင် သူ့အမည် ဝင်ခွင့်မရ၍ မိမိတို့ထံ Complain လာ၍တင်ပြသည်။ ဖြေရှင်းပေးလိုက်သောအခါ အဆင်ပြေသွားသော်လည်း ကျောင်းသား၏ အမှားအယွင်းကြောင့် ပုံမှန်နေ့သင်တန်းကျောင်းသား ဝင်ခွင့်ရချိန်တွင် သူ့အမည် ဝင်ခွင့်မရဖြစ်ရခြင်းမှာ ဝင်ခွင့်အိတ်ပေါ်တွင် ရေးသော တက္ကသိုလ်နေ့သင်တန်းနှင့် သင်တန်းရွေးချယ်မှုကတ်ပြားတွင်ရေးသော တက္ကသိုလ်၊ ဘာသာရပ်မှာ မတူညီသောကြောင့်ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ် ဝင်ခွင့်အိတ်တွင် ရေးသားလျှောက်ထားသော တက္ကသိုလ်နှင့် သင်တန်းရွေးချယ်မှုကတ်ပြားတွင် ဖြည့်စွက်သော တက္ကသိုလ်ဘာသာရပ်မှာ ကိုက်ညီမှုရှိရမည်ဖြစ်သည်။

**မိတ္တူကူးထားသင့်**

လျှောက်ထားသော နေ့ရက်ကာလနှင့် တက္ကသိုလ်များသို့ ရွေးချယ်ဝင်ခွင့်ပြုသော ကာလမှာ ကာလအပိုင်းအခြား ကွာဟမှုကြောင့် မိမိလျှောက်ထားသော ဘာသာရပ်၊ တက္ကသိုလ်ကို မေ့လျော့သွားနိုင်သည်။ မေ့လျော့သွားကြ၏။ ထိုသို့မမေ့အောင် လျှောက်ထားသော ဝင်ခွင့်အိတ်နှင့် ဖြည့်စွက်ပြီး လျှောက်လွှာပုံစံများ၊ လျှောက်ထားကြောင်း လက်ခံ ပြေစာများအား မိတ္တူကူးယူ၍ သိမ်းဆည်းထားပါက အကောင်းဆုံးပင်ဖြစ်ကြောင်း တိုက်တွန်းအကြံပြုအပ်ပါသည်။

**မိတ္တူထားရှိခြင်းအကျိုး**

ဝင်ခွင့်လျှောက်ထားသော်လည်း မိမိလျှောက်ထားသော တက္ကသိုလ်ဝင်ခွင့်တွင် ပါဝင်လာခြင်းမရှိသော ဖြစ်ရပ်တချို့ရှိပါသည်။ ဥပမာ- ကျောင်းသားသည် ဧရာဝတီတိုင်းမှ ကျောင်းသားဖြစ်ပြီး တက်ရောက်ရမည့် တက္ကသိုလ်မှာ ပုသိမ်တက္ကသိုလ်ဖြစ်သည်။ သို့သော် ပုသိမ်တက္ကသိုလ်တွင် ဝင်ခွင့်၌ ၎င်း၏အမည်ပါမလာ။ ဝင်ခွင့်မရသကဲ့သို့ ဖြစ်နေ၏။ ကျောင်းသားကို မေးပါသည်။ ဘယ်ဘာသာရပ်လျှောက်သလဲ။ ဒီမှာ ကျောင်းသားက လအနည်းငယ်ကြာက ဖြည့်စွက်လျှောက်ထားလိုက်သော ဦးစားပေးဘာသာရပ်အစဉ်ကို မမှတ်မိ။ မှတ်မိတာ ဟိုတစ်ခုပြော ဒီတစ်ခုပြော တစ်ခါတစ်ခါ သူပြောတာမှားလို့ တစ်ရက်နှစ်ရက်ကြာသွားတာမျိုးတွေလဲ ကြုံရ၏။ ၎င်းအခြေအနေတွင် မိတ္တူထားရှိ၍ ၎င်းမိတ္တူနှင့် ပြသပါက လျှောက်ထားသောဦးစားပေးဘာသာရပ်အစဉ်အတိုင်း စဉ်းစား၍ အမြန်ဆုံးရှာဖွေဖော်ထုတ်နိုင်၏။ ပုသိမ်တက္ကသိုလ်မှာ ဘယ်တွေ့မလဲ အပေါ်ခြမ်းမှာ လျှောက်ထားတာတွေက သူ့ရမှတ်ပေါင်းနှင့်မမီတဲ့ တက္ကသိုလ်၊ ဘာသာရပ်၊ မရနိုင်တဲ့တက္ကသိုလ်၊ ဘာသာရပ်တွေကို အစဉ်လိုက်ကျော်ပြီး ရနိုင်တဲ့ဘာသာရပ်တွေကို ရောက်တော့ စာကြည့်တိုက်နှင့်သုတပညာဖြစ်နေ၏။ သေချာပါပြီ အောက်မြန်မာပြည်တစ်ခုလုံးအတွက် ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်မှာသာရှိသော ဘာသာရပ်ဖြစ်၍ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် မူလဝင်ခွင့်တွင် သူ့အမည်ကို တွေ့ရ၏။ အချိန်ကြာကြာမရှာရ။ ဒါကြောင့် လျှောက်ထားသော ဘာသာရပ်ကို အလွယ်တကူ ရှာဖွေနိုင်ရန် Information အမှန်ပေးသော မိတ္တူ၏အကျိုးကျေးဇူးပင်ဖြစ်တော့သည်။

**ဝင်ခွင့်လျှောက်လွှာအိတ်အတွင်းမှ ပုံစံများတွင်**
**အချက်အလက်များဖြည့်စွက်လျှောက်ထားခြင်း**

**သင်တန်းရွေးချယ်မှုကတ်ပြား**

- ဝင်ခွင့်အိတ်ထဲတွင် ဖြည့်စွက်ရမည့်ပုံစံများ၌ အချက်အလက်များ ပြည့်စုံစွာ ဖြည့်စွက် လျှောက်ထားရမည်ဖြစ်ပါသည်။ တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရာတွင် သင်တန်းရွေးချယ်မှုကတ်ပြားနှင့် ရွေးချယ်ခြင်းဖြစ်၍ သင်တန်းရွေးချယ်မှုကတ်ပြားတွင် မှန်ကန်ပြည့်စုံစွာ ဖြည့်စွက်မှသာ မိမိရရှိသောရမှတ်နှင့် မိမိတက်ရောက်လိုသော တက္ကသိုလ်၊ ဘာသာရပ်ကို တက္ကသိုလ်ဝင်ခွင့်ရွေးချယ်ရေးအဖွဲ့မှ မှန်ကန်စွာ ရွေးချယ်နိုင်မည်ဖြစ်သည်။
- ဝင်ခွင့်ရွေးချယ်ရာတွင် တက္ကသိုလ်များ၏ ခွင့်ပြုနိုင်သော ဆန့်အားပေါ်တွင် ရွေးချယ်ရခြင်းဖြစ်၍ အမှတ်များ၊နည်း စဉ်၍ ရွေးချယ်ရသည်ဖြစ်ရာ သင်တန်းရွေးချယ်မှုကတ်ပြား၏ အပေါ်ညာဘက်ခြမ်းရှိ စုစုပေါင်းရမှတ်ကို မှန်ကန် ထင်ရှားစွာ ဖြည့်စွက်ရန်လိုအပ်ပါသည်။
- မဖြည့်စွက်မီ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်ကို သေချာစွာဖတ်ရန် ကတ်ပြား၏ အပေါ်ဆုံးတွင် တိုက်တွန်း ထားရှိပါသည်။

**ကျား၊ မ ရာခိုင်နှုန်းအချိုး**

- အချို့သော တက္ကသိုလ်များတွင် ကျား၊ မ ရာခိုင်နှုန်းအချိုးသတ်မှတ်၍ လက်ခံသင်ကြားမှုကြောင့် ဝင်ခွင့်ရွေးချယ်ရာတွင် ကျား၊ မ သိသာနိုင်စေရန်အတွက် အမည်နေရာတွင် မောင်/မ ပေါ်လွင်အောင် ရေးသားဖော်ပြရပါမည်။

**နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်**

- နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်နေရာတွင် လျှောက်ထားဆဲဖြစ်ပါက လျှောက်ထားဆဲဟု ရေးသားဖော်ပြရန် လိုအပ်ပါသည်။ အခြားပုဂ္ဂိုလ်တစ်ဦးမှ ကိုယ်စား ဖြည့်စွက်ပေးခြင်းကြောင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရှေ့နောက်လွဲခြင်း၊ မိခင်နေရာတွင် ဖခင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ဖြည့်စွက်ခြင်းများ တွေ့ရှိရသောကြောင့် မှန်ကန်ပြည့်စုံစွာ ကိုယ်တိုင်ဖြည့်စွက်စေလိုပါသည်။
- ၎င်းအချက်အလက်များကို စိစစ်ရာတွင် ကျောင်းသား၊ ကျောင်းသူများ တက္ကသိုလ်ဝင်စာမေးပွဲလျှောက်လွှာ တင်သွင်းစဉ်က စာမေးပွဲပုံစံဖြင့် တိုက်ဆိုင်စစ်ဆေးရ၏။ တက္ကသိုလ်ဝင်စာမေးပွဲ လျှောက်လွှာများကို အခြေခံပညာအထက်တန်းမှ ဝါရင့်ဆရာကြီး၊ ဆရာမကြီးများက တိကျသေချာစွာ စစ်ဆေးထားရှိပြီးဖြစ်ရာ ၎င်းစာမေးပွဲပုံစံ၊ လျှောက်လွှာများကို မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ တောင်းယူ၍ အခြေခံငယ်စာရင်းပုံစံအဖြစ် ထားရှိကာ တိုက်ဆိုင်စိစစ်ကြရသည်။ သို့ဖြစ်ပါ၍ အချက်အလက်များ ဖြည့်စွက်ရာတွင် တက္ကသိုလ်ဝင်စာမေးပွဲ လျှောက်လွှာတွင် ဖြည့်စွက်ထားသည့် အချက်အလက်နှင့် တူရပါမည်။

**နေရပ်လိပ်စာအပြည့်အစုံ**

- နေရပ်လိပ်စာအပြည့်အစုံနှင့် အမှန်တကယ် ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်၊ လွယ်ကူစွာ ဆက်သွယ်နိုင်သည့် ဖုန်းနံပါတ်ကို မပျက်မကွက် ဖြည့်စွက်ဖော်ပြစေလိုပါသည်။
- တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သည့် ခုံအမှတ်၊ ခုနှစ်၊ စာစစ်ဌာန ပြည့်စုံမှန်ကန်ထင်ရှားစွာဖြည့်စွက်ရန် လိုအပ်ပါသည်။
- ခုံအမှတ်ရှေ့ရှိ စာစစ်ဌာန သင်္ကေတမှားယွင်းမှု၊ စာစစ်ဌာနမပြည့်စုံမှုများ မကြာခဏတွေ့ရှိရပြီး ခုံအမှတ်၊ စာစစ်ဌာန မှားယွင်းမှုကြောင့် ရွေးချယ်ရေးလုပ်ငန်းများ ကြန့်ကြာမှုဖြစ်သည့်အပြင် ကျောင်းသား၊ ကျောင်းသူများလည်း ဝင်ခွင့်ပြုရန်ခက်ခဲမှုကြောင့် အများဝင်ခွင့်ရရှိချိန်တွင် ဝင်ခွင့်မရဘဲ နောက်ဆက်တွဲဖြင့် ဝင်ခွင့်ရရှိပါက တက္ကသိုလ်တက်ရောက်ရန် ကြန့်ကြာမှုရှိသွားသော ကျောင်းသား၊ ကျောင်းသူများ နှစ်စဉ်ဖြေရှင်း ပေးကြရပါသည်။

အတွေ့အကြုံအရ ဥပမာပေးရမည်ဆိုလျှင် ခုံနံပါတ်တွင် ဆကရဟု ဖော်ပြထားသော်လည်း စာစစ်ဌာနတွင် အထက(၁)ရန်ကင်းဟု ဖော်ပြခြင်းကြောင့် ကမာရွတ်မြို့နယ် အောင်စာရင်းအပြင် ရန်ကင်းမြို့နယ် အောင်စာရင်းနှင့်ပါ တိုက်ဆိုင်စိစစ်၍ အမှန်ကို အတည်ပြုပေးရ၏။ ထို့ကြောင့် ရွေးချယ်ရေးလုပ်ငန်းများ ကြန့်ကြာမှုမဖြစ်စေရန် ခုံအမှတ်၊ စာစစ်ဌာနကို မှန်ကန်ရှင်းလင်းစွာ အမှားအယွင်းမရှိ ဖြည့်စွက်ပေးပါရန် တိုက်တွန်းလိုက်ပါသည်။

နေရပ်လိပ်စာနှင့်ပတ်သက်၍ အကြောင်းပြန်ကြားလွှာကတ်၏ နောက်ကျောဖက်တွင် ဖော်ပြမည့်နေရပ်လိပ်စာသည် ကျောင်းသား၊ ကျောင်းသူ အမှန်နေထိုင်လျက်ရှိသော လိပ်စာဖြစ်ရမည်။ အဘယ်ကြောင့်ဆိုသော် တက္ကသိုလ် ဝင်ခွင့်ရွေးချယ်ပြီးပါက တက်ရောက်သင်ကြားရမည့် တက္ကသိုလ်၊ ဘာသာရပ်ကို ဖော်ပြ၍ ကျောင်းသား၊ ကျောင်းသူများထံ အကြောင်းပြန်ကြားပေးရာ ကျောင်းသား၊ ကျောင်းသူရှိရာ လိပ်စာသို့ မှန်ကန်စွာရောက်ရှိစေရန် လိုအပ်ခြင်းကြောင့်ဖြစ်သည်။

**ဘာသာတွဲမှန်ကန်စွာဖြည့်စွက်ရန်**

- သင်တန်းရွေးချယ်မှုကတ်ပြား၏ ကျောဘက်တွင် မိမိဖြေဆိုအောင်မြင်ခဲ့သော ဘာသာတွဲနှင့်သက်ဆိုင်သည့် နေရာတွင် ဘာသာရပ်ရမှတ်များကို မှန်ကန်စွာ ဖြည့်စွက်ရန် လိုအပ်ပါသည်။

**ဦးစားပေးလျှောက်ထားခြင်း တက္ကသိုလ်၊ဘာသာရပ်**

- ဦးစားပေးလျှောက်ထားရန် နေ့သင်တန်းအတွက် ဦးစားပေးအကွက် (၂၂)ကွက်တွင် တက်ရောက်လိုသည့် တက္ကသိုလ်၊ ဘာသာရပ်ကို ပြည့်စုံအောင် ဦးစားပေးအစီအစဉ်အတိုင်း ဖြည့်စွက်နိုင်ပြီး အဝေးသင်တက္ကသိုလ်အတွက် ဦးစားပေးဘာသာရပ် ၁၁ ခုကို လျှောက်ထားရန် စီစဉ်ထားရှိပါသည်။

**ဝင်ခွင့်အိတ်နှင့် ရွေးချယ်ရေးကတ်ပေါ်တွင်**

**ရေးသားမှု ကွဲလွဲခြင်း**

- အထက်တွင်ဆိုခဲ့သည့်အတိုင်း ဝင်ခွင့်အိတ်တွင် နေ့သင်တန်းဟုဖော်ပြသော်လည်း သင်တန်းရွေးချယ်မှု ကတ်ပြားတွင် အဝေးသင်တက္ကသိုလ်အကွက်၌ ဘာသာရပ်များ ဦးစားပေးအစဉ်အတိုင်း ရေးသား လျှောက်ထားခြင်းကြောင့် အဝေးသင်တက္ကသိုလ် လျှောက်ထားသည်ဟု ယူဆပါမည်။ (ဝင်ခွင့်အိတ်ပေါ်မှ အလွဲများတွင်လည်း ဖော်ပြထားပါသည်။)

**နေ့သင်တန်းနှင့် အဝေးသင် ပြိုင်တူ(၂)နေရာတွင်**
**လျှောက်ထားခြင်း**

- ထိုနည်းအတူ နေ့သင်တန်းရော၊ အဝေးသင် သင်တန်းအကွက်တွင်ပါ (၂)နေရာစလုံး၌ ဖြည့်စွက်ထားခြင်းသည် နေ့သင်တန်းဦးစားပေး လျှောက်ထားပြီး အဝေးသင်တက္ကသိုလ်ကို ဒုတိယဦးစားပေး လျှောက်ထားသည်ဟု ယူဆပါသည်။
- နေ့သင်တန်းအတွက် လျှောက်ထားသော ဘာသာရပ်များသည် မိမိ၏ ရမှတ် စုစုပေါင်းနှင့်မမီပါက အဝေးသင် တက္ကသိုလ်ကိုဆက်၍ ဦးစားပေးဆန္ဒရှိသောကြောင့် ၎င်း၏ရွေးချယ်ရေးကတ်ကို အဝေးသင်ရွေးချယ်ရေး လုပ်ငန်းစဉ်တွင် ဆက်လက်ရွေးချယ်ပါသည်။

**အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များ**
**လျှောက်ထားခြင်း**

- ဆေးတက္ကသိုလ် လျှောက်ထားလိုသူများသည် ဆေးတက္ကသိုလ်ဟုသာ ရေးသားလျှောက်ထားလျှင် ပြည့်စုံ မှန်ကန်သော လျှောက်ထားချက်ဖြစ်ပါသည်။
- သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ သူနာပြုတက္ကသိုလ်၊ လျှောက်ထားလိုသူများသည် တက္ကသိုလ်၏နောက်၌ နေရာ ဥပမာ - ရန်ကုန်၊ မန္တလေးဟု ဖော်ပြရန် မလိုပါ။

**နည်းပညာနှင့်ကွန်ပျူတာတက္ကသိုလ်များ**
**လျှောက်ထားပုံ**

- နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များသို့ လျှောက်ထားလိုသူများသည် တက္ကသိုလ်၏နောက်တွင် ဥပမာ- နည်းပညာတက္ကသိုလ်(သန်လျင်) စသဖြင့် မိမိတက်ရောက်လိုသော တက္ကသိုလ် (သို့မဟုတ်) မိမိရမှတ်နှင့် ဝင်ခွင့်ရနိုင်မည့်တက္ကသိုလ်များကို နေရာဒေသဖော်ပြ၍ ဦးစားပေးအစီအစဉ်အတိုင်း လျှောက်ထားရန်လိုအပ်ပါသည်။
- သို့သော် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်၏နောက်၌ ဘာသာရပ်များ ဥပမာ- Civil, Electronic Engineering, Mechanical Engineering, BCSc.Software Engineering ဟု ရေးသားလျှောက်ထားရန် မလိုပါ။

**အမှန်တကယ်လေ့လာသင်ယူလိုမှသာ**
**လျှောက်ထားသင့်**

- မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၊ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၊ နည်းပညာ တက္ကသိုလ် (ရတနာပုံ ဆိုင်ဘာစီးတီး)၊ အခြေခံကျန်းမာရေးတက္ကသိုလ်၊ တိုင်းရင်းဆေးတက္ကသိုလ် လျှောက်ထားလိုသူများသည် တစ်နိုင်ငံလုံးတွင် တစ်ကျောင်းသာရှိခြင်းကြောင့် မှားယွင်းလျှောက်ထားသူနည်းပါးသော်လည်း အမှန်တကယ်တက်ရောက်လိုမှသာ လျှောက်ထားသင့်ကြောင်း တိုက်တွန်းအပ်ပါသည်။

**စီးပွားရေးတက္ကသိုလ်လျှောက်ထားပုံ**

- စီးပွားရေးတက္ကသိုလ်များသို့ လျှောက်ထားလိုသူများသည် ဝင်ခွင့်လမ်းညွှန် စာမျက်နှာ ၃၅ တွင် ဖော်ပြထားပြီး သေချာစွာဖတ်ရှု၍ လျှောက်ထားသင့်ပါသည်။

**စာမျက်နှာ ၂၀ သို့**

## တက္ကသိုလ်ဝင်ခွင့်လျှောက်ထားကြရာဝယ်...

စာမျက်နှာ၁၉ မှ

- ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် သတ်မှတ် ပြည်နယ်၊တိုင်းဒေသကြီးများအပြင် ကျန်ပြည်နယ်၊ တိုင်းဒေသကြီးများမှ လျှောက်ထားလာပါက တက္ကသိုလ်တစ်ခု၏ လက်ခံသင်ကြားမည့်ဦးရေ၏ ၁၀ ရာခိုင်နှုန်းကို လက်ခံမည်ဖြစ်ရာ ရန်ကုန်စီးပွားရေးတက္ကသိုလ်၊ မုံရွာစီးပွားရေးတက္ကသိုလ်၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်ဟု မိမိတက်ရောက်လိုသော မိမိအမှတ်နှင့်မီနိုင်သော တက္ကသိုလ်အမည်ကို ဦးစားပေးအစီအစဉ်အလိုက် ပြည့်စုံစွာ ဖော်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

**ပညာရေးတက္ကသိုလ်လျှောက်ထားပုံ**

- ပညာရေးတက္ကသိုလ်များသို့ လျှောက်ထားလိုသူများသည် ဝင်ခွင့်လမ်းညွှန် စာမျက်နှာ ၃၆/၃၇ တွင် ဖော်ပြထားပြီး သေချာစွာဖတ်ရှု၍ လျှောက်ထားသင့်ပါသည်။
- ပညာရေးတက္ကသိုလ်များသည်လည်း စီးပွားရေးတက္ကသိုလ်ကဲ့သို့ပင် သတ်မှတ်ပြည်နယ်၊ တိုင်းဒေသကြီးအပြင် အခြားပြည်နယ်၊ တိုင်းဒေသကြီးမှ လျှောက်ထားလာပါက တက္ကသိုလ်တစ်ခု၏ သတ်မှတ် လက်ခံသင်ကြားနိုင်သည့်ဦးရေ၏ ၁၀ ရာခိုင်နှုန်း လက်ခံမည်ဖြစ်ရာ တက်ရောက်လိုသည့် ဦးစားပေးတက္ကသိုလ်အတိုင်း ရန်ကုန်ပညာရေးတက္ကသိုလ် သို့မဟုတ် စစ်ကိုင်းပညာရေးတက္ကသိုလ်ဟု ဖော်ပြလျှောက်ထားရန်ဖြစ်သည်။
- ကျောင်းသားများသည် ပညာရေးတက္ကသိုလ်ဟု လျှောက်ထားပြီး ၎င်း၏အောက်တွင် ပညာရေးတက္ကသိုလ်တွင် သင်ကြားရမည့်ဘာသာတွဲကို ဦးစားပေးအဖြစ် လျှောက်ထားရန်မလိုပါ။

**နိုင်ငံခြားဘာသာလျှောက်ထားပုံ**

- နိုင်ငံခြားဘာသာတက္ကသိုလ်များ လျှောက်ထားလိုသူများသည် အထက်တွင်ဖော်ပြခဲ့သော စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ်များကဲ့သို့ပင် သတ်မှတ်ပြည်နယ်၊ တိုင်းဒေသကြီးအပြင် အခြားပြည်နယ်နှင့် တိုင်းဒေသကြီးမှ လျှောက်ထားပါက တက္ကသိုလ်တစ်ခု၏ သတ်မှတ်လက်ခံသင်ကြားနိုင်သည့်ဦးရေ၏ ၁၀ ရာခိုင်နှုန်း လက်ခံမည်ဖြစ်ရာ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်နှင့် ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ဟု ဖော်ပြလျှောက်ထားရန် လိုအပ်သည့်အပြင် ဘာသာရပ်ပါ ထည့်သွင်းလျှောက်ထားရမည်ဖြစ်ပါသည်။ ဘာသာရပ်ထည့်သွင်း မလျှောက်ထားလျှင် နိုင်ငံခြားဘာသာတက္ကသိုလ်ကို လျှောက်ထားခြင်းအား ကျော်၍ ၎င်းအောက်တွင် ဖြည့်စွက်ထားသော တက္ကသိုလ်၊ ဘာသာရပ်ကို ဦးစားပေးအစဉ်အတိုင်း ဆက်လက်စဉ်းစားရွေးချယ်ပေးမည်ဖြစ်ပါသည်။

**အဏ္ဏဝါသိပ္ပံဘာသာလျှောက်ထားပုံ**

- အဏ္ဏဝါသိပ္ပံဘာသာ လျှောက်ထားလိုသူများသည် မိမိလျှောက်ထားလိုသည့် တက္ကသိုလ်၏အမည်ကို ဦးစားပေးအစဉ်အလိုက် လွတ်လပ်စွာ လျှောက်ထားနိုင်သည်ဖြစ်၍ တက်ရောက်လိုသည့် မြိတ်တက္ကသိုလ် သို့မဟုတ် ပုသိမ်တက္ကသိုလ် သို့မဟုတ် မော်လမြိုင်တက္ကသိုလ်ဟု ဖော်ပြရန်။

**သတင်းစာမှ သီးခြားခေါ်ယူသော တက္ကသိုလ်များ**

- သတင်းစာမှ သီးခြားကြော်ငြာခေါ်ယူ၍ တိုက်ရိုက်လျှောက်ထားရမည့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်နှင့် ဒီဂရီကောလိပ်၊ ကောလိပ်များကို စာမျက်နှာ (၄၂)တွင် ဖော်ပြထားပါသည်။ ၎င်းတက္ကသိုလ်များမှ သတင်းစာတွင် ကြော်ငြာခေါ်ယူလျှင် လျှောက်ထားလိုသူများသည် သက်ဆိုင်ရာတက္ကသိုလ်သို့ သတ်မှတ်ပုံစံဖြင့် တိုက်ရိုက်လျှောက်ထားရမည် ဖြစ်ပါသည်။

**မပျက်မကွက်လျှောက်ထားသင့်**

- သတင်းစာမှသီးခြားကြော်ငြာခေါ်ယူ၍ တိုက်ရိုက်လျှောက်ထားရမည့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်နှင့် ဒီဂရီကောလိပ်၊ ကောလိပ်များကို သီးခြားလျှောက်ထားသော်လည်း ၂၀၁၆ ခုနှစ်၊ တက္ကသိုလ်ဝင်ခွင့် လျှောက်လွှာကိုလည်း အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)သို့ မပျက်မကွက်တင်ပြလျှောက်ထားရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတက္ကသိုလ်သို့ ဝင်ခွင့်မရရှိလျှင်သော်လည်းကောင်း၊ ဝင်ခွင့်ရပြီး မတက်ရောက်လိုလျှင်သော်လည်းကောင်း ကျောင်းသား၊ ကျောင်းသူများ နေ့သင်တန်းတက်ရောက်ခွင့် နစ်နာမှုမရှိဘဲ တက္ကသိုလ်များသို့ အချိန်မီတက်ရောက်ခွင့်ရရှိနိုင်မည် ဖြစ်ပါသည်။ ၂၀၁၆ ခုနှစ် တက္ကသိုလ် ဝင်ခွင့်လျှောက်ထားရန် ပျက်ကွက်ခဲ့ပါက နောက်နှစ်များတွင် နှစ်ချို့လျှောက်လွှာဖြင့်သာ လျှောက်ထားခွင့်ရှိခြင်းကြောင့် သိပ္ပံဘာသာရပ်နှင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များကို တက်ရောက်ခွင့်ရနိုင်တော့မည် မဟုတ်ပါ။

**ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်များတွင် လျှောက်ထားခြင်း**

- နယ်မြေကန့်သတ်ချက်မရှိဘဲ တက်ရောက်သင်ကြားလိုသော တက္ကသိုလ်ကို လွတ်လပ်စွာရွေးချယ်လျှောက်ထားနိုင်ခြင်းကြောင့် တက္ကသိုလ်နှင့် သင်ကြားလိုသော ဘာသာရပ်ကို ဖော်ပြလျှောက်ထားရန်လိုအပ်ပါသည်။

**ပုံစံဖြင့်ဖော်ပြခြင်း**

- ဆေးတက္ကသိုလ်အရေအတွက်နှင့် တည်ရှိရာတက္ကသိုလ်၏ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့ကို ကျောင်းသား အများစုသိရှိပေမယ့် အချို့သော ဝိဇ္ဇာသိပ္ပံ ဘာသာရပ်များဖြစ်ကြသည့် စာကြည့်တိုက်နှင့်သုတပညာ၊ ကုန်ထုတ်ဓာတုဗေဒ၊ နိုင်ငံတကာဆက်ဆံရေးပညာ၊ အဏုဇီဝဗေဒ၊ ဇီဝဓာတုဗေဒ၊ ကွန်ပျူတာသိပ္ပံ၊ အားကစား၊ ဈုံကလိယရူပဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ မနုဿဗေဒ၊ ရှေးဟောင်းသုတေသနပညာ စသည့်ဘာသာရပ်များသည် မည်သည့်တက္ကသိုလ်တွင်သာ သင်ကြားသည်ကိုမူ ကျောင်းသားအများစု မသိကြ၊ ဝင်ခွင့်လမ်းညွှန်တွင် ဖော်ပြပါရှိသော်လည်း သေချာစေ့ငှစွာ မဖတ်၍မသိ။ လျှောက်သာလျှောက် ဘယ်ရောက်မယ်မသိ။ တနင်္သာရီတိုင်းမှ ကျောင်းသားသည် ကုန်ထုတ်ဓာတုဗေဒကို လျှောက်ထားပါက ဝင်ခွင့်ရလျှင် ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်တွင် ပညာသင်ကြားရမည်ဆိုတာ သိထားရမည်ဖြစ်သည်။ ကျောင်းတိုင်းတွင် မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ ဆိုသော ဘာသာရပ်များရှိသော်လည်း ဝိဇ္ဇာသိပ္ပံဘာသာရပ်များထဲမှ ဘာသာရပ်အချို့ သင်ကြားပေးသော တက္ကသိုလ်များပုံကို ဖော်ပြလိုက်ရပါတယ်။

**ဝိဇ္ဇာသိပ္ပံဘာသာရပ်များသို့ ဝင်ခွင့်လျှောက်ထားခြင်း**

- တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသည့်ဒေသနှင့် အနီးဆုံးတက္ကသိုလ်ကို နယ်မြေပိုင်းခြား သတ်မှတ်၍ ဝင်ခွင့်ပြုပါသည်။ လျှောက်ထားသူဦးရေ များပြားသဖြင့် ဝိဇ္ဇာ၊ သိပ္ပံဘာသာရပ်သင် တက္ကသိုလ်အမည်ကို ဖော်ပြလျှောက်ထားသော်လည်း လျှောက်ထားသည့် တက္ကသိုလ်ကိုဝင်ခွင့်ပြုရန် လုပ်ငန်းကြန့်ကြာနိုင်သဖြင့် ဝင်ခွင့်ရရှိပြီးမှသာ မိမိတက်ရောက်လိုသော တက္ကသိုလ်သို့ ပြောင်းရွှေ့လျှောက်ထားနိုင်ပါသည်။

ဆိုလိုသည်မှာ မိသားစုနေထိုင်ရာတွင် မဟုတ်ဘဲ အခြားဒေသရှိ ဘော်ဒါ၊ သင်တန်းသို့တက်ရောက်ပြီး ဖြေဆိုသော ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်သောအခါ မိမိနေထိုင်ရာဒေသနှင့် နီးစပ်သောတက္ကသိုလ်တွင် တက်ရောက်လို၍ လျှောက်ထားကြပါသည်။ သို့သော်ရွေးချယ်ရေးအဖွဲ့၏ သတ်မှတ်ထားရှိသော မူဝါဒမှာ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသောဒေသနှင့် အနီးဆုံးတက္ကသိုလ်ကို နယ်မြေ ပိုင်းခြား၍ သတ်မှတ်ဝင်ခွင့်ပြုပါသည်။ ၎င်းပေါ်မူမတည်ဘဲ ကြိုက်နှစ်သက်ရာဒေသရှိ တက္ကသိုလ်များသို့ လျှောက်ထားခြင်းကို စိစစ်ရွေးချယ်၍ ခွင့်ပြုရန် လုပ်ငန်းကြန့်ကြာသောကြောင့် ဝင်ခွင့်ရရှိပြီးမှသာ တက္ကသိုလ်ပြောင်းရွှေ့လျှောက်ထား တက်ရောက်ရန်ဖြစ်ပါသည်။

**အဝေးသင်တက္ကသိုလ်လျှောက်ထားခြင်း**

- ဝင်ခွင့်လမ်းညွှန် အပိုင်း(ခ) အခန်း(၁) တွင် ရှင်းလင်းစွာဖော်ပြထားပါသည်။ လျှောက်ထားရာတွင် ဦးစားပေး အစဉ်အလိုက် ဘာသာရပ်အားလုံးကို ဖော်ပြလျှောက်ထားသင့်ပါသည်။ လျှောက်ထားသူ၏ ရမှတ်စုစုပေါင်းနှင့် လျှောက်ထားသည့် ဘာသာရပ်မမီပါက သင့်လျော်ရာကို ရွေးချယ်ရေးအဖွဲ့မှ ဝင်ခွင့်ပေးရသည်ဖြစ်၍ မိမိနှစ်သက်ရာ ဘာသာရပ်အားလုံး ဖြည့်စွက်ပါက ဦးစားပေး အစဉ်အလိုက် မိမိရမှတ်နှင့်ကိုက်ညီသော ဘာသာရပ်ကို ရရှိနိုင်မည်ဖြစ်ပါသည်။

# အကြိမ်ကြိမ်ရှုံးနိမ့်ခြင်းများကို ကယ်တင်ဖို့လိုပြီ

**ခ** သရက်တန်းစိုးရွှေ(စိတ်ပညာ)

နံနက်မိုးလင်းပြီဆိုသည်နှင့် ယခင်က လုပ်လေ့လုပ်ထရှိသည်က အားကစားပြုလုပ်ခြင်းနှင့် ဘုရားကန်တော့ခြင်းဖြင့် တစ်နေ့တာကို စတင်မြဲပင်ဖြစ်သည်။ အလုပ်သွားရင်း လမ်းတွင်လက်ဖက်ရည်ဆိုင်ထိုင်လိုက်ပါက အိတ်ထဲမှ စာအုပ်ကလေးကို ထုတ်ဖတ်ကာဖတ်မြဲပင်ဖြစ်သည်။ လက်ဖက်ရည်တစ်ကျိုက်သောက်လိုက် ရေနွေးတစ်ခွက်သောက်လိုက် စာဖတ်လိုက်ဖြင့် စာဖတ်ခြင်း စည်းစိမ်ဖြင့် အသိဉာဏ်ကိုနှီးဆွပေးမြဲပင်ဖြစ်သည်။ အလုပ်ထဲ စတင်ဝင်လိုက်သည်နှင့် ဂိတ်ပေါက်မှစကာ မင်္ဂလာပါလို့ နှုတ်ဆက်ရင်း လုပ်ငန်းကို စတင်လေ့ရှိပေသည်။

ယခုမူ နံနက်မိုးလင်း အိပ်ရာထ နောက်ကျလာခဲ့ပေသည်။ ညပိုင်း ဖုန်းဖြင့် ဖေ့ဘွတ်သုံးကာ အိပ်ရာဝင်နောက်ကျသွားသည့်အတွက်ပင်ဖြစ်သည်။ နံနက်လင်းသည်နှင့် မျက်နှာမသစ်ခင် ညကတင်ထားသော Post လေး Like မည်မျှရှိနေပြီး မည်သူတွေ Comment ပေးထားသလဲဆိုသည်ကို ဦးစွာဖွင့်ကြည့်လိုက်ပေသည်။ ထို့နောက် ပထမဦးစွာ ပုံလေးတစ်ခုတင်ခြင်းဖြင့် မင်္ဂလာပါဆိုပြီး ဖေ့ဘွတ်ဖြင့် စတင်လိုက်ပေသည်။ ဖေ့ဘွတ် နောက်မျောသွားကာ အလုပ်သွားရန်ပြင်ဆင်ခြင်းအတွက် နောက်ကျသွားပေသည်။ အလုပ်လည်း နောက်ကျလာပေသည်။ လမ်းတွင် လက်ဖက်ရည်ဆိုင်ထိုင်လိုက်သည်နှင့် ဖုန်းထုတ်ကာ ပွတ်နေလိုက်မိပေသည်။

အလုပ်ထဲရောက်သည်နှင့် အခွင့်အရေးရလျှင်ရသလို ဖေ့ဘွတ်ကို သုံးကာ သတင်းကြည့်ခြင်းမှအစ အရာများစွာကို အသုံးချနေမိပေသည်။ အိမ်သာတက်ရင်းလည်း ဖုန်းသုံးမိနေသည်။ လမ်းလျှောက်ရင်းလည်း ဖုန်းသုံးမိနေသည်။ အချင်းချင်းစုဖွဲ့ ထိုင်လျှင်လည်း ဖုန်းသုံးမိနေသည်။ ထမင်းစားလျှင်လည်း ဘေးတွင် ဖုန်းထားကာသုံးနေမိသည်။ သုံးရင်းစွဲလာသည်ကို မသိဘဲ စွဲမြဲစွာသုံးလာတတ်ပေသည်။ အလုပ်လုပ်ရင်းလည်း ဖုန်းကို သုံးလာသည့်အတွက် အလုပ်ခွင်စိတ်ပါဝင်စားမှု နည်းပါးလာကာ တိုးတက်မှုတို့နည်းပါးသွားပေသည်။

ယခင်အမူအကျင့်နှင့် ကွာခြားသွားခဲ့ပါချေပြီ။ တိုးတက်လာသော နည်းပညာကြားစိတ်ပိုင်းဆိုင်ရာသေဆုံးခြင်းများ အခါများစွာ ကြုံတွေ့နေရပြီဖြစ်ပေသည်။ ဖေ့ဘွတ်သုံးရင်း ဒေါသဖြစ်ခြင်း၊ အတင်းပြောခြင်း၊ ဝေဖန်ခြင်း၊ ရန်လိုခြင်း၊ ဆဲဆိုခြင်းမှအစ စိတ်လွတ်ကိုယ်လွတ် ပြောဆိုမိသွားပါချေပြီ။ လှပသော နေ့စွဲကလေးထဲတွင် ဖုန်းကို အသုံးလွဲသည့်အတွက် စိတ်ပိုင်းဆိုင်ရာအခါခါ သေဆုံးနေသည်ကို သတိပြုသင့်လှပေသည်။ အောင်နိုင်မှုများထဲတွင် မိမိစိတ်ကို အောင့်နိုင်ခြင်းသည် အမြတ်ဆုံးအောင်နိုင်ခြင်းဖြစ်သည်။ အခါခါသေဆုံးခဲ့ရသောစိတ်ကို ပြန်လည်ရှင်သန် နိုးထလာအောင် ဆောင်ရွက်သင့်ပြီဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကို နှောင့်နှေးစေကာ အချိန်များစွာကို ယူငင်သွားသော ဖေ့ဘွတ်နှင့်ဂိမ်းများကို စတင်ဖြတ်သည့်နည်းလမ်းကို အသုံးပြုကြရတော့မည်ဖြစ်ပေသည်။ တန်ဆေးလွန်ဘေးဆိုသော စကားကို သတိရကာ လိုအပ်သလောက်သာ သုံးစွဲသင့်လှပေသည်။ သို့အတွက် တိုးတက်လာသော နည်းပညာအကြား စိတ်ပိုင်းဆိုင်ရာ အခါခါသေဆုံးခြင်း အကြိမ်ကြိမ်ရှုံးနိမ့်ခြင်းများကို ကယ်တင်ရေး ကိုယ်တိုင်အသိဖြင့် ဖြည့်ကျင့်ပေးဖို့ လိုအပ်လှပါပေသည်။

# ငါးသိုင်းချောင်းမြို့ငဝန်မြစ်ရေစိုးရိမ်ရေအမှတ်အောက်ရောက်ရှိ ခွဲစိတ်ပြုပြင်ရန်လိုအပ်သော ရေယိုစိမ့်ပေါက်များအမြန်ဆုံးပြုပြင်

**ငါးသိုင်းချောင်း ဩဂုတ် ၂၁**

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ငဝန်မြစ်ရေသည် ဩဂုတ် ၂၀ ရက် နံနက် ၁၁ နာရီ တိုင်းထွာချက်အရ ၂၆ ဒသမ ၅၀ ပေ စိုးရိမ်ရေအမှတ်အောက်သုည ဒသမ ၅ လက်မ ရောက်ရှိခဲ့ရာ ရေကြည်မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းမော်ဦးဆောင်သော ဝန်ထမ်းများက ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက် ငဝန်ရေကာတာ တာမိုင် ၄၇/၃+၄၀ ရေယိုစိမ့်ပေါက်နေရာအားနေ့ချင်းပြီး အမြန်ဆုံးနှင့် အထိရောက်ဆုံးခွဲစိတ်ပြုပြင်လျက်ရှိပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့သဘာဝဘေးကာကွယ်ရေးနှင့် ကယ်ဆယ်ရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရေးကော်မတီ တာဝန်ရှိသူများက ဝိုင်းဝန်းကူညီခဲ့သည်။

